# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၃၄၉)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့။


## နိုဝင်ဘာ အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# လယ်ယာမြေများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

**မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဘဏ်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဘဏ်ထွန်း မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

အစည်းအဝေးသို့ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဦးမြင့်လှိုင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်နှင့်ဦးမောင်မြင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုးနိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဘဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားရာ၌ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ၁၆-၉-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ကော်မတီ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

မြေအသုံးချခြင်းနှင့်စပ်လျဉ်း၍ မြေသည် လူသားတို့နှင့် အရင်းနှီးဆုံးပစ္စည်းဥစ္စာဖြစ်ပြီး လူတိုင်းနှင့်မကင်းနိုင်သည့်အတွက် မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းနှင့်အတူ မြေနှင့်အခွန်အုပ်ချုပ်ရေးသည် သက်တမ်းအရင့်ဆုံး၊ အရှည်ကြာဆုံးသော ယန္တရားတစ်ခုအဖြစ် တည်ရှိနေခဲ့ပါကြောင်း၊ မြေယာစီမံခန့်ခွဲမှုများကို ဖြစ်ပေါ်ပြောင်းလဲနေသည့်

*စာမျက်နှာ ၈ ကော်လံ ၁* ▲

## ရန်ကုန် စက်တင်ဘာ ၁၈

# လာမည့်နှစ်၌ ပြည်ပခရီးသွားဦးရေ သိုးသန်းကျော်ရောက်ရှိနိုင်

ပွင့်လင်းမြင်သာမှု ရှိလာသော မြန်မာနိုင်ငံသို့ နိုင်ငံတကာမှဧည့်သည်များ ဝင်ရောက်မှုတိုးတက်များပြားလာလျက်ရှိရာ လာမည့် ၂၀၁၄ ခုနှစ်၌ ပြည်ပခရီးသွားဧည့်သည် သိုးသန်းကျော် လာရောက်မည်ဟု ခန့်မှန်းထားသည်။

ထိုသို့ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မှုမှာ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပြောင်းလဲလာမှုနှင့် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်၌ အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အချက်များလည်းပါဝင်သည်။ တစ်ဖန် (၂၇)ကြိမ်မြောက် ဆီးဂိမ်းကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အချက်လည်း မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ လာရောက်မှု ပိုမိုများပြားစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လောလောဆယ်၌ ဟိုတယ်ပေါင်း ၈၅၉ လုံးနှင့် အခန်းပေါင်း ၃၁၃၂ ခန်းရှိနေပြီး စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တွင် ဟိုတယ်ပေါင်း ၂၁၇ လုံးရှိကာ အခန်းပေါင်း ၉၄၅၁ ခန်းရှိသည်ဟု မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ၌ဖော်ပြထားသည်။

လောလောဆယ်တွင် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ငါးလုံးရှိနေရာ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ဟိုတယ်များ ထပ်မံထွက်ပေါ်လာရန်လည်း ရှိနေသည်။ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်နေသည့် ဟိုတယ်များလည်း ရှိနေသည်။ ယခုအခါ ရန်ကုန်မြို့ မီးရထားရုံးချုပ် အဆောက်အအုံဟောင်းကို နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့် အဆင့်ဟိုတယ်အဖြစ် ရောက်ရှိရန် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရေးစီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်က ပြည်ပခရီးသွားဧည့်သည်လာရောက်ခဲ့မှုမှာ ၁ ဒသမ ၀၂ သန်း ကျော်ရှိခဲ့ပြီး လာမည့် ၂၀၁၄ ခုနှစ်တွင် ပြည်ပခရီးသွား ဧည့်သည် ပိုမိုများပြားစွာ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။

(မြန်မာ့အလင်း)


သတင်းမှတ်စု-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)


## ယနေ့ မာတိကာ


မဂ္ဂဆီကိုတွင် ရေဘေးကြီး၊ သေဆုံးသူ ၅၅ ဦးထိရှိ ..... စာ - ၄

နိုင်ငံရေးနှင့် မီဒီယာ (ဆောင်းပါး) ..... စာ - ၆

လုံခြုံရေးအကြောင်းပြ စစ်မေး၍ ငွေကြေးတောင်းခံပါက တိုင်ကြားနိုင် ..... စာ - ၁၀


**ကြော်ငြာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အနာခံမှ အသာစံ

ဤလောကၦ အနစ်နာခံလုပ်ကိုင်ဆောင်ရွက်ကြသူများနှင့် အသာစံလုပ်ကိုင်သူများဟူ၍ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အသာစံလိုသူများသာ ပို၍များပြားကြသည်ကို တွေ့ရပေ၏။ အနစ်နာခံသူများကား လွန်စွာရှားပါး၏။ ''ဖြစ်သမျှအကြောင်း ကျွန်ုပ်ခေါင်း၊ ဖြစ်သမျှပြဿနာ ကျုပ်ပြဿနာ၊ ကောင်းလျှင် စံမည်၊ မကောင်းလျှင် ခံမည်''ဟူ၍ လုပ်ကိုင်ဆောင်ရွက်သူများကား နည်းပါး၏။

သို့ရာတွင် အရာရာအနစ်နာခံလုပ်ကိုင်ကြသူများမှာ ရေရှည်တွင် တိုးတက်အောင်မြင်ကြလေ့ရှိသည်။ ဤသို့တိုးတက်အောင်မြင်ခြင်းကား အကြောင်းတစ်စုံတစ်ရာ ရှိပေ၏။ ထို့အကြောင်းသည်ကား အခြားမဟုတ်။ စိတ်ရှည်သည်းခံခြင်း အကြောင်းပင်ဖြစ်၏။ အရာရာ စိတ်ရှည်သည်းခံ လုပ်ကိုင်ကြသူတို့မှာ ရေရှည်တွင်တိုးတက်အောင်မြင်လေ့ရှိကြသည်။

စိတ်ရှည်သည်းခံခြင်းအလုပ်သည် ဤလောကၦ အမြတ်ဆုံးသော တရားဖြစ်ပေကြောင်း ပွင့်တော်မူပြီးသော ဘုရားရှင်အဆူဆူတို့က ဟောမြွက်တော်မူခဲ့လေသည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဤသည်းခံခြင်းလက်နက်ကောင်းဖြင့် အောင်ခြင်းရှစ်ပါးကို အောင်မြင်ခဲ့သည် မဟုတ်ပေလော။ သည်းခံခြင်းသည် အရာရာအောင်မြင်စေနိုင်သော နည်းလမ်းကောင်းပင်ဖြစ်၏။

သို့သော် အချို့မှာကား သည်းခံခြင်း၊ အနစ်နာခံခြင်းတို့သည် လက်နက်ကောင်းဟု မယူဆကြပေ။ ကိုယ်မှန်သည်ဟု ယူဆလျှင် စိတ်ရှိသည့်အတိုင်း လုပ်ကိုင်ပြောဆိုတတ်ကြသဖြင့် အခွင့်အရေးကောင်းများ လက်လွတ်ဆုံးရှုံးသွားသူ အများအပြားလည်းရှိ၏။ ထိုသူတို့မှာ သည်းခံခြင်းမရှိ၊ ဒေါသသာရှိ၏။ ဒေါသသည် အမှားအမှန်ကို မဝေခွဲနိုင်၊ အမှားမှား အယွင်းယွင်းဖြစ်နိုင်၏။ ဒေါသအလျောက်လုပ်ကိုင်သော အလုပ်ဟူသမျှတို့သည် အမှားနှင့်သာ ရင်ဆိုင်ရလေ့ရှိသည်။ ထို့ကြောင့် မည်သည့်အရာမဆို သည်းခံ၍ ချင့်ချိန်စဉ်းစားလုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏။

လောကၦ ''အနာမခံလျှင် အသာမစံရ''ဟူသော စကားရှိ၏။ အနစ်နာခံ၍ ကြိုးစားအားထုတ်ခြင်းမရှိလျှင် အသာစံခြင်းကားမထိုက်။ အနာခံမှသာလျှင် အသာစံထိုက်၏။ နေပူမခံဘဲ အရိပ်လိုချင်၍ မဖြစ်သင့်။ နေပူခံပြီးမှအရိပ်ရယူခြင်းက ပို၍တရားမျှတ၏။ အရိပ်လိုချင်လျှင် နေပူက စောင့်သင့်၏။ ထို့ကြောင့် အနစ်နာခံခြင်း၊ စိတ်ရှည်သည်းခံခြင်းတို့ကို အစဉ်မွေးမြူကြမည်ဆိုပါက ဘဝ တစ်လျှောက်လုံး တိုးတက်ကြီးပွားနိုင်သော လက်နက်ကောင်း တစ်ခုဖြစ်ပါကြောင်း။ ။

### အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

## ပြည်တွင်းသတင်း

### ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လျှုဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတညာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစက္ကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လျှုဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

### ရောဝတီ တိုင်းဒေသကြီးရှိ လမ်းကွန်ရက်များ ပြင်ဆင်ထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟသံတ- ကျုံပျော်-ရေကြည်လမ်းတစ်လျှောက်နှင့် မိုင်တိုင်(၅/၁)နှင့် (၅/၂)ကြားရှိ နတ်မှော်တံတားကြီ့ခိုင်မှုအခြေအနေ၊ တံတားအသစ်တည်ဆောက်ရန် စီစဉ်နေမှု၊ ရေကြည်- အသုတ်- ကျောင်းကုန်းလမ်း၊ ကျောင်းကုန်း-ပန်းတနော်-ညောင်တုန်းလမ်း၊ ညောင်တုန်း-ဆားမလောက်- မအူပင်လမ်း၊ မအူပင်- ကျိုက်လတ်- ဖျာပုံလမ်းတစ်လျှောက် လှည့်လည်စစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၂) ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မိုးတွင်းဖြစ်သည့်အတွက် လမ်းများပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### အမှိုက်ပုံးက တခြား၊ အမှိုက်ပစ်နေတာက တခြား

**ထင်သာမြင်သာပြုပြင်စရာ**

လူတိုင်းကိုယ်စီ စည်းကမ်းရှိဖို့လိုသည်။ စည်းကမ်းလိုက်နာခြင်း၊ မလိုက်နာခြင်းသည် လူ့အရည်အချင်းကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဆိုသော စကားရပ်များသည် စည်းကမ်းကို လေးစားလိုက်နာဖို့ လမ်းညွှန်ပြသမှုများဖြစ်ပေသည်။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ မင်္ဂလာတောင်ညွှန့်စာတိုက်ဘေး ကပ်လျက်တည်ရှိသော ရေမြောင်းပေါင်ပေါ်နှင့် ရေမြောင်းအတွင်းကို စည်ပင်သာယာ ဝန်ထမ်းများက မကြာသေးမီကပင် စွန့်ပစ်အမှိုက်ပေါင်းစုံကို ဆယ်ယူဖယ်ရှား ရှင်းလင်းပေးခဲ့ပြီးဖြစ်သည်။ မြောက်မြားစွာသော စွန့်စပ်အမှိုက်များ ရေမြောင်းအတွင်းမှ ထွက်ပေါ်လာသည်ကိုလည်း သတင်းဓာတ်ပုံနှင့် တကွ သတင်းစာတွင် ဖော်ပြပါရှိခဲ့ပြီးလည်းဖြစ်သည်။ ပြည်သူများကလည်း ကျေးဇူးတင် ဝမ်းမြောက်ခဲ့ကြသည်။

ရေစီးရေလာအတွက် ရေမြောင်းများပိတ်ဆို့ပါက မိုးရွာရေကြီးလျှင် ကားလမ်းပေါ် ရေလျှံတက်ကာ မော်တော်ယာဉ်များအပါအဝင် ခရီးသွားများ အခက်အခဲကြုံကာ စိတ်နှလုံးမချမ်းမြေ့ဖြစ်ကြရသည် ဖြစ်၏။ သိမ်ဖြူလမ်းထိပ်မှ အထက်ပန်းဆိုးတန်းလမ်းအထိ လမ်းအရှည်ပေ ၂၀၀၀ ကျော်တွင် မြန်မာ့ဂုဏ်ရည်လမ်း တစ်လျှောက်လုံး ပလက်ဖောင်းလူသွားလမ်း ပိတ်ဆို့ကာ လမ်းဘေးစျေးတန်းဖြင့် နေ့ရောညပါ ပြည့်နှက်ရောင်းချ နေကြသည်။



မြို့နယ် စည်ပင်သာယာမှ ပလတ်စတစ် အမှိုက်ပုံးကြီးများကို အဖွင့်အပိတ် အဖုံးများဖြင့် လမ်းဘေးစျေးသည်များနှင့် လမ်းသွားလမ်းလာ ခရီးသွားများ လွယ်လင့်တကူ စွန့်ပစ်စေရန် စနစ်တကျ သန့်ပြန့်စွာထားရှိပေးခဲ့သည်။ မြန်မာ့ဂုဏ်ရည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် တောင်ဘက်ခြမ်းတွင် အမှိုက်စွန့်ပစ်ရန် ပလတ်စတစ် အမှိုက်ပုံးကြီး သုံးလုံးထားရှိပေးထားသော်လည်း၊ လမ်းဘေးစျေးသည် အများစုက မြန်မာ့ဂုဏ်ရည်လမ်းကို ဖြတ်မသွားတော့ဘဲ မိမိတို့စျေးရောင်းချရာနှင့် အနီးဆုံး မြောက်ဘက်ခြမ်း စာတိုက်ဘေးရှိ ရေမြောင်းကြီး၏ အုတ်ခုံပေါင်ပေါ်နှင့် မြောင်းအတွင်းသို့ အလွယ်တကူ စွန့်ပစ်ထားကြသည်ကို ပုံပါအတိုင်း စက်တင်ဘာ ၁၇ ရက်က တွေ့ရှိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွှန့်)**

### နောင်ချို မြို့ရှောင်ကွင်းလမ်းဖောက်တော့မည်

**နောင်ချို စက်တင်ဘာ ၁၈**

နောင်ချိုမြို့ ရှောင်ကွင်းလမ်းဖောက်လုပ်နိုင်ရေးအတွက် နောင်ချိုမြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမိုးထက်၊ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းတို့ ပါဝင်သော အဖွဲ့က လမ်းအူကြောင်း ရှာဖွေသတ်မှတ်ရေးလမ်းကြောင်း သတ်မှတ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြို့ရှောင်လမ်း ဖောက်လုပ်မည့် မန္တလေး-လားရှိုးလမ်းပေါ်ရှိ နောင်ချိုမြို့ အနောက်ဘက် ကျောက်ကြမ်းကျေးရွာမိုင်တိုင်အမှတ်မှ နောင်ချိုတောင်ဘက်သို့ကွင်း၍ သံသရာအေးစေတီမှ နောင်ချိုမြို့ အရှေ့ဘက် တိုးဂိတ်အထိဖြစ်ကြောင်း သိရှိရသည်။

**စိုးဝင်း**

ဒေါ်ခင်နှင်းအေး မိသားစု၊ ဗျာပုံလမ်း၊ စမ်းချောင်းက အလှူငွေကျပ် (၂၀)သိန်းလှူဒါန်းစဉ်

**သိတဂူရွှေပြည်ဟိန်းစကျွဒါနဆေးရုံ စက်တင်ဘာ ၂၈-၂၉၊ (၂၅) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ**

| | | | |
|---|---|---|---|
| ဦးဇော်ဌေးသန်း + ဒေါ်အေးအေးမြတ် (အေးမြသီတာ) စတိုးမိသားစု၊ မြေနီကုန်း | | (အေးမြသီတာ) စတိုး မိသားစု အကျိုးဆောင်၍ စုပေါင်းအလှူ၊ မြေနီကုန်း | ၂၁၇၅၀၀ |
| အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ် | ၁၅၀၀၀၀၀ | ဒေါ်တင်ရီ + ဦးစံပြည်းလမ်း၊ စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ |
| ဦးဇော်ထွန်း + ဒေါ်ခင်အေး (မခင်အေး)စတိုးမိသားစု၊ မြေနီကုန်း | ၅၀၀၀၀ | (ဦးသိန်းထွင့်) + ဒေါ်စမ်းစမ်းတင့်၊ စမ်းချောင်းလမ်း၊ စမ်းချောင်း | ၁၀၀၀၀၀ |
| ဒေါ်ခင်ဌေ၊ သမီးမဥမ္မာခင်၊ ကိုလင်ဇော် + မခင်ကေခိုင်မိသားစု၊ မန္တလေး | ၅၀၀၀၀ | (ဒေါ်ကျင်လှိုင်) ရည်စူးမှု သားသမီးမြေးတစ်စု ဈေးကုန်းအနောက်၊ အင်းစိန် | ၁၀၀၀၀၀ |
| (မိခင်ဒေါ်လှကြည်)ရည်စူးမှု သားဖောင်အောင်ကြိုင်နှင့်ဖောင်နမျာ | ၃၀၀၀၀ | ဦးညွှန့်ဝင်း + ဒေါ်ခင်အေးသန်း (သား) ဖောင်သူရအောင် + မနီနီဝင်း၊ ရန်ကင်း | ၁၀၀၀၀၀ |
| ဒေါ်ကျင်အေးမိသားစု၊ ဝဠာဒေလလမ်း၊ တာမွေ | ၁၁၀၀၀၀ | ဦးအေးသောင်း + ဒေါ်တင်တင်မာ၊ သမီး Dr အေးစန္ဒာ (မွေးနေ့ဒါန) တာမွေ | ၁၀၀၀၀၀ |
| ဦးဇော်ထွန်း + ဒေါ်ညွှန့်ဇင် မိသားစု၊ စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ | မခင်စန်းကြည်၊ မစိုးရိမ်ကျောင်းလမ်း၊ ၉- မိုင်၊ မရမ်းကုန်း | ၁၀၀၀၀၀ |
| ကိုအိုက်ဝင်း + မဝင်းလှဲလှဲထွန်း၊ သမီး အင်ကြင်းကေခိုင် (မွေးနေ့ဒါန) စမ်းချောင်း | ၁၀၀၀၀ | ဦးဝင်းလှိုင် + ဒေါ်ရီရီ (မွေးနေ့ဒါန) သစ်တောလမ်း၊ အလုံ | ၈၀၀၀ |
| ဒေါ်မြတင် (မွေးနေ့ဒါန) သစ်တောလမ်း၊ အလုံ | ၈၀၀၀ | Dr ဦးချစ်ဆွေ + ဒေါ်နီနီဝင်း၊ သား ကောင်းချစ်လှ၊ သမီး ချစ်အဥ္ဇလီဝင်း | ၇၀၀၀ |
| ကိုသက်ဝေထွန်း + မအိအိလွင်၊ နန္တဝန်လမ်း၊ ဗဟန်း | ၅၀၀၀ | Dr တိုးဝေနိုင်၊ နံသာလမ်း၊ အင်းစိန်မြို့နယ် | ၅၀၀၀ |
| ဒေါ်စိန်ပု၊ ဝန္ဓမာလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်း | ၅၀၀၀ | ဦးကျော်သန့် + ဒေါ်တင်တင်ဝိုး၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် | ၅၀၀၀ |
| မောင်သစ်ထူး၊ မြန်မာကန္ဒီကျောင်းတိုက်၊ ဒဂုံဆိပ်ကမ်း၊ ယုဇနဥယျာဉ် | ၅၀၀၀ | ဒေါ်အေအေးမာ သား ဟိန်းထက်အောင်၊ ကောင်းထက်ဇော်၊ စမ်းချောင်း | ၅၀၀၀ |
| ဦးစိုးညွန့်၊ ဦးစံမြင့် + ဒေါ်ရွှေစင်၊ ဦးဝေလွင် + ဒေါ်ခင်အေးမူ | ၄၅၀၀ | ဦးအောင်ဆန်းဦး + ဒေါ်ပြိမ်းမြေလှိုင် မိသားစု၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် | ၅၀၀၀ |

ဆက်သွယ်လှုဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံရှုပါဝပ်၊ တာမွေလေး၊ သံလမ်းအနီး (ဖုန်း-၅၄၁၄၄၂၁၊ ၀၉-၅၁၀ ၂၁၉၇) အရှင်ဒေမာ၊ ရွှေဂုံတိုင်ကမ္ဘာဘေဘက် KBZ Bank (Account No. 0071220029870)

ပြည်တွင်းသတင်း

# 1st Thailand-Myanmar High Level Committee Meeting အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၁၈**

1st Thailand-Myanmar High Level Committee Meeting ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani Hotel ရှိ Napalai Ballroom ၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာအဆင့်မြင့် ကော်မတီပူးတွဲဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းအဆင့်မြင့် ကော်မတီပူးတွဲဥက္ကဋ္ဌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က HLC အစည်းအဝေး ဖွင့်လှစ်ကြောင်းကြေညာပြီး ထိုင်းအဆင့်မြင့် ကော်မတီအတွင်းရေးမှူးက ဖွဲ့စည်းပုံနှင့် ဆုံးဖြတ်ချက်များ၊ အထွေထွေအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် 1st Thailand-Myanmar High Level Committee ၏ အစည်းအဝေး အကြောင်းအရာ အချက်အလက်များအား ဥက္ကဋ္ဌနှစ်ဦးဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အတည်ပြုဆုံးဖြတ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ပိတ်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားကြပြီး 1st Thailand-Myanmar High Level Committee အစည်းအဝေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။

အစည်းအဝေးအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးသို့ တက်ရောက်လာကြသော မြန်မာ-ထိုင်းအဆင့်မြင့်ကော်မတီအဖွဲ့ဝင်များနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

**ကျင်းပခဲ့**

1st Thailand-Myanmar High Level Committee Meeting ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးအား Dusit Thani ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ အစည်းအဝေးတက်ရောက်လာကြသော မြန်မာ-ထိုင်းအဆင့်မြင့်ကော်မတီအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံရုံးမိသားစုများနှင့် ပညာတော်သင်ကျောင်းသားများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန်ည ၇ နာရီတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် မြန်မာကျောင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်နေမှု အခြေအနေများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

**ပေးအပ်ခဲ့**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ပညာသင်ချီးမြှင့်ငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အိုမန်သံအမတ်ကြီးအား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီအား ခန့်အပ်ရန် အိုမန်နိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက သဘောတူပြီးဖြစ်သည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ၁၉၅၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် အေဒင်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကိုရရှိခဲ့သည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ၁၉၈၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာရေဗျဌာနခွဲ ဒုတိယအတွင်းဝန်ရာထူးဖြင့် ဝင်ရောက်ခဲ့ပြီး ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မိုဂါဒီရှူမြို့ရှိ အိုမန်သံရုံးတွင်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အာရေဗျဌာန၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်အထိ အဆိုပါဌာန၏ ဝန်ကြီးရုံးတွင်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ကူဝိတ်မြို့ရှိ အိုမန်သံရုံးတွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ အာရပ်အဖွဲ့ချုပ်ရုံး၊ အာရေဗျဌာနနှင့် နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနတို့တွင် အမှုဆောင်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အာရှဌာနခွဲ ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန် ၂၄ ရက်မှစ၍ ယနေ့အထိ ဗီယက်နမ်နိုင်ငံဆိုင်ရာ အိုမန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ထင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ဗီယက်နမ်နိုင်ငံ ဟန္တိုးမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

*** ကျောဖုံးမှ**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိတို့ မန္တလေးမြို့သည် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းအရ အစဉ်အလာကြီးမားလှပြီး ကမ္ဘာ့အလယ်မှာ ထင်ရှားသည့် သမိုင်းဝင်မြို့တစ်မြို့ ဖြစ်ပါကြောင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် မြန်မာပြည်ရောက်လျှင် မန္တလေးမြို့ကို မဖြစ်မနေ လည်ပတ်လေ့ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ ထို့ကြောင့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်၍ ဒေသတွင်းရှိ နိုင်ငံများနှင့် တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု Bangkok Airways အနေဖြင့် မန္တလေးနှင့် ဗန်ကောက်တိုက်ရိုက် ပျံသန်းပြေးဆွဲမှုသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ရေးကို အထောက်အကူပြုသကဲ့သို့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း များစွာအထောက်အကူပြုသည့်အတွက် မန္တလေးတိုင်းဒေသကြီးကိုယ်စား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ Bangkok Airways လေကြောင်းလိုင်းသည် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် အထောက်အကူပြုပါကြောင်းဖြင့် ပြောကြားသည်။

**တည်ခင်းဧည့်ခံခဲ့**

ထို့နောက် မြန်မာနှင့် ထိုင်းယဉ်ကျေးမှုအနုပညာရှင်များက တေးသီချင်းများ၊ အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

**❑ ကျောဖုံးမှ**

(၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ၏ အထွေထွေညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

BCF

လိုင်စင်ရအသေးစားငွေရေးကြေးရေးလုပ်ငန်း တစ်ခုဖြစ်သည့် BC Finance Limited (BCF) သည် ရန်ကုန်နှင့် အခြားအချက်အချာကျသောဒေသများရှိရုံးများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်ရန် အရည်အချင်းပြည့်စုံသောဝန်ထမ်း များကို ရှာဖွေလျှက်ရှိပါသည်။

ကျွန်ုပ်တို့သည် ချေးငွေအရာရှိများ၊ ရုံးမန်နေဂျာများ၊ စာရင်းကိုင်များ၊ IT systems specialists များ နှင့် Human Resources အရာရှိများစသည့် ရာထူးများခန့်အပ်ရန်ရှာဖွေလျှက်ရှိပါသည်။ သင့်တွင် မြန်မာနိုင်ငံရှိ အများအယုံကြည်ဆုံး၊ အလက်ခံဆုံးဖြစ်သော ကျွန်ုပ်တို့၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် စွမ်းရည်များ၊ ကျွမ်းကျင်မှုများ၊ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များရှိပါသလား။

ကျွန်ုပ်တို့သည် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကောင်းမွန်သောလစာကို အောင်မြင်သော လျှောက်ထားသူများသို့ကမ်းလှမ်းပါမည်။ သို့ဖြစ်ပါ၍ ကျေးဇူးပြုပြီး သင်၏ကိုယ်ရေးအကျဉ်းကို recruitment@bcfmyanmar.com သို့ အီးမေးလ်ဖြင့်သော်လည်းကောင်း သို့ အမှတ် ၄၃/၂ သီရိမင်္ဂလာလမ်း (အာတီးယား) ၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် သို့သော်လည်းကောင်း ပေးပို့နိုင်ပါသည်။

ဆရာအာသာ SUCCESS LANGUAGE ACADEMY
Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်
256954, 202046, 392048, 0949249463
Ph: 256954,202046,392048
SUCCESS MARITIME ACADEMY

တက္ကသိုလ်ဝင်တန်းအောင်၊ နိုင်ငံခြားသွားလိုသူနှင့် အလုပ်ကောင်းရလိုသူများအတွက်

Basic English Speaking
3:30 - 5 Mon~Thurs 23 Sep
10-11:30 Mon~Thurs 1 Oct
2 - 5:00 Sat+Sun 5 Oct
7:30-10:30 Sat+Sun 12 Oct

Four Skills English (Basic)
10-11:30 Mon~Thurs 23 Sep
1 - 2:30 Mon~Thurs 23 Sep
7:30 - 9 Mon~Thurs 30 Sep
6 - 7:30 Mon~Thurs 30 Sep

Pre-Intermediate (4-Skill English)
2 - 5:00 Sat+Sun 21/9, 5/10
3:30 - 5 Mon~Thurs 30 Sep
1 - 2:30 Mon~Thurs 7 Oct

Intermediate (Academic English)
3:30 - 5 Mon~Thurs 30 Sep
9:30-12:30 Sat+Sun 5 Oct

Vocab Enrichment
10-11:30 Mon~Thurs 23 Sep
1 - 2:30 Mon~Thurs 1 Oct

Basic Grammar
1 - 3:00 Sat+Sun 21 Sep
10-12:00 Sat+Sun 5 Oct

Intermediate Grammar
7:30 - 9 Mon~Thurs 28 Oct

Basic Writing
2 - 4:00 Sat+Sun 28 Sep

Intermediate Writing
10-11:30 Mon~Thurs 21 Oct

IELTS Four Skills
2 - 5:30 Sat+Sun 5 Oct

IELTS Exam Practice
7:30-10:30 Sat+Sun 14 Sep

IELTS Speaking
1 - 2:30 Mon~Thurs 21 Oct

IELTS Reading
7:30-9:30 Mon~Thurs 30 Sep

IELTS Writing
10-11:30 Mon~Thurs 16 Sep

DMA အသိအမှတ်ပြု
O.O.W နှင့် Chief Mate
အောက်တိုဘာတန်းခွဲများ နှင့်
ECDIS နှင့် RADAR/ARPA
(23.9.2013)တန်းခွဲများ လက်ခံပါပြီ။
Sep + Oct အတွင်း 20% Discount
ကပ္ပတိန်စမ်းမိုးအောင် (ကျောင်းအုပ်ကြီး)
(Master Mariner, Fleetwood,U.K.) နှင့်
သင်ကြားမှုပါရင့်ကပ္ပတိန်ကြီးများ၊
Ph.D Instructor များ ဂုစည်းသင်ကြားပည်။

လူသစ်များအတွက်
သင်္ဘောမတက်မီတတ်သွားသင့်သည်
သင်္ဘောဆိုင်ရာသိစရာ + Marlins English
4:30-7:30 (Sat+Sun) Nov 16

နိုင်ငံတကာသတင်း

## ကလေးအသားစားမည့်အကြံဖြင့် မြေအောက်လူသတ်ခန်း ဆောက်ထားသည့် ပြိတိန်နိုင်ငံသားကို အမေရိကန်တွင် ထောင် ၂၇ နှစ်ချ

**နယူးယောက် စက်တင်ဘာ ၁၈**

ကလေးငယ်တစ်ဦးဦးကိုပြန်ပေးဆွဲရန်၊ ညှဉ်းပန်းနှိပ်စက်ရန်၊ သတ်ဖြတ်၍ အသားစားရန် အကြံအစည်ဖြင့် မြေအောက်အသံလုံ လူသတ်ခန်းဆောက်ထားသူ ပြိတိန်နိုင်ငံသားတစ်ဦးကို ၄င်းကိုယ်တိုင် ဝန်ခံခြင်းကြောင့် အမေရိကန်တွင် ထောင်ဒဏ် ၂၇ နှစ်နီးပါး ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ရိုက်တာသတင်း၌ စက်တင်ဘာ ၁၇ ရက်က ဖော်ပြသည်။

ပြိတိန်နိုင်ငံသား အသက် ၄၀ အရွယ်ရှိ ဂျီအိုဖရေးပေါ့ဝေးဆိုသူသည် မက်ဆာချူးဆက်ပြည်နယ်ရှိ ၎င်း၏ နေအိမ်အတွင်း ကလေးငယ်အနည်းဆုံးတစ်ဦးဦးကို ပြန်ပေးဆွဲရန်၊ညှဉ်းပန်းနှိပ်စက်ရန်နှင့် သတ်ဖြတ်စားသောက်ရန် အကြံအစည်ဖြင့် အသံလုံမြေတိုက်ခန်းအား တည်ဆောက်ထားသည်။ ယင်းသို့ လုပ်ဆောင်ရန် အစီအစဉ်ကိုလည်း တရားရုံးတွင် မေလအတွင်းက လျှောက်လဲချက် ပေးခဲ့ပြီးဖြစ်ရာ ၎င်းအား ထောင်ဒဏ် ၂၇ နှစ်ချမှတ်လိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ပေါ့ဝေး၏ အိမ်အတွင်း အသံလုံမြေတိုက်ခန်း၊ ကလေးငယ်များအရွယ် လက်လုပ်ခေါင်းတလား၊ စတီးလ်လှောင်အိမ်၊ စတီးလ်ကွပ်စားပွဲ၊သားသတ်ပစ္စည်းအသုံးအဆောင်များနှင့် လက်ထိပ်ခြေထိပ်စသည့် အချုပ်အနှောင်ပစ္စည်းပစ္စယများကို ကလေးသူငယ်များအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်းများ စုံစမ်းရေးပြည်နယ်ထောက်လှမ်းရေးများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပြင် ပေါ့ဝေး၏ ကွန်ပျူတာတွင် ကလေးသူငယ်လိင်ညစ်ညမ်းပုံများလေးထောင် ကျော်ထက်မနည်းကိုလည်း တွေ့ရှိခဲ့သည်။ "ဒီအမှုကတော့ ကာလကြာ စစ်ဆေးစီရင်ရပြီး ကြီးလေးတဲ့အပြစ်ဒဏ်လည်းဖြစ်ပါတယ်။ ပေါ့ဝေးက ကလေးသူငယ်တွေအပေါ်မှာ ပြစ်ဒဏ်မြောက်အောင် ကျူးလွန်မထားရသေးပေမယ့်တကယ့်ကိုကြောက်စရာ အကြံအစည်ကို ကြံစည်နေတာပဲဖြစ်လို့ခုလိုပြစ်ဒဏ်ချမှတ်လိုက်တာကို ကျေကျေနပ်နပ်ကို ရှိပါတယ်"ဟု ရှေ့နေတစ်ဦးက တရားရုံးအပြင်ဘက်တွင် ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## ဩစတြေးလျှအတိုက်အခံ ဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို

**ကင်ဘာရာ စက်တင်ဘာ ၁၈**

တိုနီအက်ဘော့(တ်)သည် ဩစတြေးလျှဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီ ဖြစ်ကြောင်း၊ ယင်းမှာ ၄င်း၏ လစ်ဘရယ်အမျိုးသားညွှန့်ပေါင်းပါတီက ခြောက်နှစ်ကြာ လေဘာအစိုးရကို ထိုးနှက်အနိုင်ယူပြီး ရက်ပိုင်းအကြာ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၅၅ နှစ်ရှိ မစ္စတာအက်ဘော့(တ်)သည် ကင်ဘာရာရှိ အစိုးရအိမ်တော်၌ အုပ်ချုပ်ရေးမှူးချုပ်ကွင်းတင်းဘရိုဆေးရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။ ၄င်း၏ ကွန်ဆာဗေးတစ်ညွှန့်ပေါင်းသည် စက်တင်ဘာ ၇ ရက် ရွေးကောက်ပွဲ၌ အောက်လွတ်တော် မဲအများစုဖြင့် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

၄င်း၏ပါတီအနေဖြင့် လေဘာပါတီက တင်ပြထားသည့် ကာဗွန်ထုတ်လွှတ်မှုအပေါ် အခွန်တုပ်ကောက်ခံခြင်းကို ပယ်ဖျက်ရေးနှင့် နိုင်ငံရေးခိုလှုံခွင့်မူဝါဒအပေါ် ပိုမိုတင်းကျပ်သွားရေးစီစဉ်လျက်ရှိသည်။ ၄င်း၏ အစိုးရအနေဖြင့် ချက်ချင်းအလုပ်လုပ်ရလိမ့်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် အခမ်းအနားမတိုင်မီ မစ္စတာအက်ဘော့(တ်)က ပြောသည်။ ထိုနေ့တွင် ဝန်ကြီးသစ်များလည်း ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၄င်းဝန်ကြီးအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့သည် တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးဖြစ်လာသည်။ **(ဘီဘီစီ)**

## ကုလသမဂ္ဂပဋိညာဉ်စာတမ်းအခန်း-၇ အရ စစ်ရေးနည်းသုံးမည် ဆုံးဖြတ်ချက် ရုရှားလက်မခံ

**ဒမတ်စကတ် စက်တင်ဘာ ၁၈**

အချို့သော အရေးအရာများတွင် စစ်ရေးနည်းလမ်းသုံးနိုင်သည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇) အရ ကုလသမဂ္ဂ၏ မည်သည့်ဆုံးဖြတ်ချက်ကိုမှ ရုရှားနိုင်ငံအနေဖြင့် လက်ခံနိုင်မည်မဟုတ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရိုင်ယာ ဘီကော့ဖ်က ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် စက်တင်ဘာ ၁၇ ရက်က ဖော်ပြသည်။

ဆီးရီးယားအစိုးရ၏ အလျှော့ပေးမှုကို ကံသေကံမ အာမခံထားစိတ်ချရန် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအခန်း(၇)အရ အနောက်ပါဝါအုပ်စုက အချိန်ယူစောင့်ကြည့်နေခြင်းကြောင့် ရုရှားနိုင်ငံဘက်က ယခုကဲ့သို့ ရပ်တည်ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အဲလ်မူရယ်လမ်နှင့်လာရောက်တွေ့ဆုံစဉ် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားဒုတိယနိုင်ငံခြားရေး ဝန်ကြီးတို့နှစ်ဦးသည် ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ရုရှား-အမေရိကန် သဘောတူညီမှုအပေါ် အဓိကထား တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းဆီးရီးယားနိုင်ငံပိုင် ဆာနာ အသင်း အေဂျင်စီက ဖော်ပြသည်။

သို့သော်လည်း သဘောတူညီမှုအရဆီးရီးယားတို့၏ အလျှော့ပေးလက်ခံထားမှုစိတ်ချလက်ချအာမခံချက်ရှိရေးအတွက်စစ်ရေးနည်းလမ်းသည် စားပွဲဝိုင်းပေါ်မှာပင် ရှိနေသေးကြောင်း အမေရိကန်က သတိပေးထားသည်။ **(ဆင်ဟွာ)**

## ရေတွင်းထဲပြုတ်ကျကာ ၁၅ ရက်နေခဲ့ရသူ အသက်ရှင် လွတ်မြောက်လာ

**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ အလယ်ပိုင်းတွင် ၁၅ ရက်ကြာ ရေတွင်းတစ်တွင်းထဲ ပြုတ်ကျနေခဲ့သူ အမျိုးသမီးတစ်ဦး အသက်ရှင်လျက် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၁၈ ရက်က ဖော်ပြထားသည်။

စူကွီချခေါ် အသက် ၃၈ နှစ်အရွယ်ရှိ ၄င်းအမျိုးသမီးသည် ဟေနန်ပြည်နယ်တွင်းရှိ ကျေးရွာတစ်ရွာတွင် အနက် ၁၂ ပေရှိသော ရေတွင်းပျက်ထဲသို့ စက်တင်ဘာ ၁ ရက်က ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များက ၎င်း အမျိုးသမီးကို စက်တင်ဘာ ၁၆ ရက် ကကယ်ဆယ်ခဲ့သည်။ ရေတွင်းထဲရောက်နေစဉ် ဂျုံပင်များစားကာ မိုးရွာသည့်အခါ မိုးရေကိုသောက်ပြီး အသက်ရှင်ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။ ပြုတ်ကျခဲ့သော ရေတွင်းပျက်မှာ ဂျုံရိုးတံရှည်များ ပိတ်ဖုံးနေပြီး မြင်ရန်ခက်ခဲသည့် ရေတွင်းဖြစ်ကာ တွင်းနံရံများသည်လည်း ချောမွတ်နေသဖြင့်တွယ်တက်ရန် ခက်ခဲသည်။

၄င်းအမျိုးသမီးမှာ ဒဏ်ရာပြင်းပြင်းထန်ထန် မရထားသော်လည်း စကားမပြောနိုင်သေးကြောင်း၊ အစားအစာလည်း ကောင်းစွာမစားနိုင်သေးကြောင်း သိရသည်။ **(ဘီဘီစီ)**

## မက္ကဆီကိုတွင် ရေဘေးကြီး၊ သေဆုံးသူ ၅၅ ဦးထိရှိ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၈**

မုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလွှမ်းမှုများကြုံတွေ့နေသည့် မက္ကဆီကို နိုင်ငံတွင် သေဆုံးသူဦးရေထပ်တိုးလာပြီး ၅၅ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ နိုင်ငံ၏နာမည်ကြီးအကာပူကို အပန်းဖြေကမ်းခြေသည် သဘာဝရေဘေးကြောင့် ဟိုတယ်များရှိ လာရောက်နေထိုင်လျက်ရှိကြသော ကမ္ဘာလှည့်ခရီးသွားများကိုပင် အစားအစာခွဲတမ်းဖြင့် ထားရကြောင်း ရိုက်တာသတင်းက စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။ အကာပူကို အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း ရေခဲမြေပ်သည့်အထိဖြစ်နေပြီး ခရီးသွားဧည့်သည် ၄၀၀၀၀ သောင်တင်နေကာ အလုပ်သမားများက ရေများအတွင်း ခက်ခက်ခဲခဲကူညီဝန်ဆောင်မှု ပေးနေရသည်ကို ရုပ်မြင်သံကြားသတင်းများတွင် ဖော်ပြသည်။ ပစိဖိတ်သမုဒ္ဒရာနှင့်ပင်လယ်ကွေ့အတွင်းဖြစ်ပေါ်နေသော မုန်တိုင်းနှစ်ခုကြောင့် ယခုလိုမိုးကြီးသည့် ဒဏ်ကို မက္ကဆီကိုနိုင်ငံတွင် ကြုံတွေ့နေရခြင်းဖြစ်ပြီး နိုင်ငံအရှေ့ပိုင်းတွင် အိမ်ခြေရာခြေများ မိုးရေကြီးခြင်းဒဏ်ခံနေရကာ မြေပြိုမှုများလည်း ဖြစ်နေသည်။ **(ရိုက်တာ)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ဖော်ပြပါတက္ကသိုလ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁ | ကျောင်းပတ်လည်အုတ်ခြံစည်းရုံးနှင့်ဂိတ်တံခါး(၈)ခုပြုလုပ်ခြင်းလုပ်ငန်း |
| | | ၂ | ပြင်ပလျှပ်စစ်လုပ်ငန်း (Over Head Line ကြိုးများမရှိသော နေရာများတွင် Over Head Line ကြိုးများသွယ်တန်းခြင်းနှင့် လုံခြုံရေးမီးများတပ်ဆင်ပေးခြင်း) |
| | | ၃ | (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်ထပ်အဆောက်အအုံ (၂)လုံး ဆောက်လုပ်ခြင်း (ပေ၁၀×ပေ၂၀) (ရေမီးအပါအဝင်) RC |
| | | ၄ | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၂)ထပ် အဆောက်အအုံ (၂)လုံး ဆောက်လုပ်ခြင်း (၆၀' ×၃၀')(ရေမီးအပါအဝင်) RC |
| | | ၅ | တက္ကသိုလ်ဝင်းအတွင်း ၈"ထု ကွန်ကရစ်လမ်းခင်းခြင်း (၃၀၀၀'×၁၄') |
| | | ၆ | ဓာတု ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း ပြုလုပ်ခြင်း (ပွဲကြည့်စင်မပါ) |
| ၂ | ဒဂုံတက္ကသိုလ် | ၇ | စာကြည့်တိုက်အဝင်အထွက် ကျောက်ချောကတ္တရာလမ်းပြုလုပ်ခြင်း (၁၃၉၆'×၁၁') |
| | | ၈ | ဘောလုံးကွင်း ပွဲကြည့်စင် (၂)ထပ်၊ လှေခါးထစ် ၁၅ထစ် (၁၅၀'×၃၄') ၁ခု ဆောက်လုပ်ခြင်း (RC) |
| | | ၉ | ရေပန်းအိုင်းမှ ဂိတ် (၁)ဘက်သို့ (၃'×၅'×၉") ပေ အရှည် (၅၂၄၀') နှင့် ရေပန်းအိုင်းမှ ဂိတ်(၂)ဘက်သို့ (၃'×၅'×၉")ပေအရှည် (၃၇၃၅') ရေမြောင်းပြုလုပ်ပေးခြင်း |
| | | ၁၀ | ဒဂုံတက္ကသိုလ်စာသင်ဆောင်(၃၈၊ ၃၉၊ ၄၀) ရှေ့သပြေလမ်းကိုကျောက်ချောကတ္တရာ လမ်းသားသစ်တင်ပေးခြင်း (၁၈၀၀'×၁၄')၊ |
| | | ၁၁ | ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း[သိပ္ပံလမ်းနှင့်ဂိတ် (၃)ကြား]ကို ကျောက်ချောကတ္တရာ လမ်းသားအသစ်တင်ပေးခြင်း (၁၀၀၀'×၁၆') |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၉-၂၀၁၃ရက်မှစတင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
ပါမောက္ခချုပ်ရုံးခန်း-ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)
ပါမောက္ခချုပ်ရုံးခန်း-ဒဂုံတက္ကသိုလ်

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ဖုန်း-၀၁-၅၈၅၀၆၇၊ ၀၁-၅၈၅၀၇၃၊ ၀၁-၅၈၅၀၇၂ နှင့် ဒဂုံတက္ကသိုလ် ဖုန်း-၀၁-၅၈၅၀၁၀၊ ၀၁-၅၈၅၀၀၈ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

ပြည်တွင်းသတင်း

# ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဥရောပသုံးနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ပိုလန်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ချက်ရီပတ်ပလစ်သမ္မတနိုင်ငံတို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ်အတွင်း ပိုလန်နှင့်ဟန်ဂေရီနိုင်ငံတို့ရှိ တက္ကသိုလ်တို့တွင် ဟောပြောမှုများပြုလုပ်ခဲ့ကာ ချက်သမ္မတနိုင်ငံတွင် ကျင်းပသည့်(၁၇)ကြိမ်မြောက် ဖိုရမ် ၂၀၀၀ ညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပိုလန်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ နှင့် ချက်ရီပတ်ပလစ်သမ္မတနိုင်ငံတို့သို့ လေ့လာရေး ခရီးသွား ရောက်ခဲ့ပြီး လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈-၉-၂၀၁၃)

| | | | | | | | |
|---|---|---|---|---|---|---|---|
| သံတွဲမြို့ | ၅ | ဒသမ | ၁၆ | လက်မ | ဂွမ်းမြို့ | ၂ | ဒသမ | ၄၈ | လက်မ |
| တောင်ကုတ်မြို့ | ၂ | ဒသမ | ၉၅ | လက်မ | မာန်အောင်မြို့ | ၂ | ဒသမ | ၂၀ | လက်မ |

# အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး သတင်းအချက်အလက်နှင့်နည်းပညာဌာန၏ ဆောင်ရွက်ချက်များ

**မြန်မာနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဆက်သွယ်ရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများ၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သော တယ်လီဖုန်းဆက်သွယ်မှုနှင့် အင်တာနက်ဆက်သွယ်မှုများအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသောဌာနတစ်ခုဖြစ်ပေသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ သတင်းအချက်အလက်နှင့်နည်းပညာဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်(ပြည်တွင်း) သတင်းအဖွဲ့က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မော်

**မေး။ မြန်မာနိုင်ငံမှာ အင်တာနက်စတင်အသုံးပြုလာခဲ့တဲ့ အခြေအနေကို ပြောပြပေးပါဆရာ။**

ဖြေ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်လောက် ကစပြီး အင်တာနက်ကို စတင်အသုံးပြုခဲ့တယ်လို့ အကြမ်းဖျင်း ပြောရမှာပါ။ ဒီကာလမတိုင်ခင် ၁၉၉၆ ခုနှစ်မှာ အင်တာနက်အနေနဲ့ မဟုတ်ဘဲ Packet Switching သုံးပြီး ကွန်ပျူတာအချင်းချင်း Data အချက်အလက်တွေ ပေးပို့နိုင်တဲ့ စနစ်ကို ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ၁၉၉၇ခုနှစ်မှာ X.400 စနစ်အသုံးပြုပြီး Email ဝန်ဆောင်မှု စတင်ပေးနိုင်ခဲ့ပါတယ်။ အင်တာနက်စနစ်နှင့် ပတ်သက်တဲ့ စီမံကိန်းကို ၁၉၉၈ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်ရောက်တဲ့အခါ အစိုးရအဖွဲ့အစည်းတွေမှာစတင်အသုံးပြုနိုင်ခဲ့ပြီး အများပြည်သူတွေအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှာ စတင်အသုံးပြုနိုင်ခဲ့ပါတယ်။

**မေး။ အဲဒီလိုအင်တာနက်ကို စတင်သုံးစွဲခဲ့ကြတုန်းက ဘယ်လောက် အြမန်နှုန်းနဲ့သုံးစွဲနိုင်ခဲ့ပါသလဲ။**

ဖြေ။ အင်တာနက် ဝန်ဆောင်မှု စတင်ပေးစဉ်ကာလမှာ တယ်လီဖုန်းလိုင်းပေါ်ကနေ ချိတ်ဆက်ပြီးသုံးရတဲ့ Dial Up စနစ်ကို အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် တယ်လီဖုန်းလိုင်းအပေါ်မှာ Dial Up စနစ်ကို အမြင့်ဆုံးအသုံးပြုနိုင်တဲ့ (64 kbps)အမြန်နှုန်းကိုသာ အသုံးပြုနိုင်ခဲ့ကြပါတယ်။

**မေး။ အခုအချိန်မှာဘယ်လိုစနစ်တွေ၊ ဘယ်လိုအမြန်နှုန်းတွေနဲ့ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို သိပါရစေ။**

ဖြေ။ အခုချိန်မှာ E1၊ Fiber၊ ADSL၊ Wireless Broadband Satellite နဲ့ Mobile အင်တာနက်စတဲ့ စနစ်တွေကို အသုံးပြုပြီး ဝန်ဆောင်မှုပေးနေပါတယ်။ အမြန်နှုန်းအနေနဲ့ကတော့ အသုံးပြုတဲ့စနစ်အပေါ်မူတည်ပြီး 128 kbps ကနေပြီး 100 Mbps အထိရရှိမှာ ဖြစ်ပါတယ်။ ADSL စနစ်ကတော့ 512 kbps ကနေ 2.5 Mbps အထိပေးပါတယ်။ E1 ချိတ်ဆက်မှုအတွက်ကတော့ 1 E1 ကို အမြန်နှုန်း 2 Mbps အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Fiber ချိတ်ဆက်မှုကတော့ အမြန်နှုန်း 1 Mbps ကနေပြီး 100 Mbps အထိ ဝန်ဆောင်မှုပေးနေပါတယ်။ Satellite စနစ်အသုံးပြုမယ်ဆိုရင် အမြန်နှုန်း 128 kbps ကနေပြီး 1 Mbps အထိ ရရှိမှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းအင်တာနက်စနစ်အနေနဲ့ GSM(EDGE) စနစ်မှာတော့ 256 kbps၊ WCDMA (3G)နှင့် CDMA 800 MHz(EVDO) မှာတော့ 1.5 Mbps အမြန်နှုန်း အထိ ရရှိနိုင်တယ်။

**မေး။ ပြည်သူတွေအများဆုံး အသုံးပြုတဲ့ အင်တာနက်ဆက်သွယ်မှုစနစ်ဟာ ဘယ်လိုအမျိုးအစားပါလဲ ဆရာ။**

ဖြေ။ အများဆုံးအသုံးပြုတာကတော့ Mobile ဖုန်း အင်တာနက်စနစ်ပါ။ GSM(EDGE)/WCDMA(3G) စနစ်ဖြင့် အင်တာနက်အသုံးပြုသူ တစ်သန်းတစ်သိန်းငါးသောင်းကျော်၊ CDMA 800 MHz(EVDO) စနစ်ဖြင့် အသုံးပြုသူ တစ်သိန်းကျော်စသည်ဖြင့် စုစုပေါင်း မိုဘိုင်းဖုန်းနဲ့ အင်တာနက်သုံးစွဲသူ တစ်သန်းနှစ်သိန်း ငါးသောင်းကျော်ရှိပါတယ်။ ဒုတိယအများဆုံးအနေနဲ့ ADSL စနစ်ကို သုံးကြပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ADSL တပ်ဆင်ထားတဲ့ လိုင်းအင်အား ၇၀၀၀ ကျော်ရှိပါတယ်။ လိုင်းတစ်လိုင်းကို ပျမ်းမျှသုံးစွဲသူ ၁၀ ဦးခန့်ရှိနိုင်တဲ့အတွက်ကြောင့် ADSL စနစ်နဲ့ အင်တာနက်သုံးစွဲသူ ၇၀၀၀၀ ကျော်ရှိမယ်လို့ ခန့်မှန်းပါတယ်။ E1 လိုင်းနဲ့ဖိုင်ဘာလိုင်း သုံးစွဲတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီတို့ကိုပါ ထည့်တွက်ရမယ်ဆိုရင်တော့ တစ်

### တွေ့ဆုံမေးမြန်းသူ-ကိုထွေး

နိုင်ငံလုံး အင်တာနက်သုံးစွဲသူစုစုပေါင်း တစ်သန်းသုံးသိန်းကျော် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေနဲ့ တွက်ကြည့်မယ်ဆိုရင် လူတစ်ရာမှာ နှစ်ဦးကျော်ကျော်လောက်သာ အင်တာနက်ကို သုံးနိုင်ပါသေးတယ်။

၂၀၁၄ ခုနှစ်မှာ လူ ၁၀၀မှာ ခုနစ်ဦး အင်တာနက်ဆက်သွယ်ရေးစနစ်ကို သုံးစွဲနိုင်ဖို့ ရည်မှန်းချက်ထားထားပါတယ်။ အဲဒီလိုရည်မှန်းချက်ထားရာမှာ ပြည်သူတွေ အင်တာနက်ပိုမိုသုံးစွဲနိုင်ရေးအတွက် မိုဘိုင်းအင်တာနက်စနစ်၊ ဖိုင်ဘာစနစ်၊ ADSL စနစ်၊ Wireless စနစ်တို့နဲ့ ဝန်ဆောင်မှုပေးသွားနိုင်ဖို့ ဆောင်ရွက်လျက်ရှိသလို အများပြည်သူ၊ ကျောင်းသား ကျောင်းသူတွေ၊ ဝန်ထမ်းတွေ အင်တာနက်ကို အလွယ်တကူအခမဲ့ သုံးစွဲနိုင်ဖို့နဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအသိအမြင်တွေ လေ့လာနိုင်ဖို့အတွက် Information Access Center (IAC)ကိုလည်း Pilot Project အနေနဲ့ နေပြည်တော် ဗဟိုစာတိုက်ကြီးမှာ ဖွင့်လှစ်ထားရှိပါတယ်။ ဒီနှစ်အတွင်းမှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှာ Information Access Center (IAC) နောက်တစ်ခု ထပ်မံ တည်ဆောက် ဖွင့်လှစ်ပေးသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်နှစ်တွေမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ မြို့ကြီးတွေမှာ ဖွင့်လှစ်ပေးသွားနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကျော်စိုးဝင်း

**မေး။ နိုင်ငံတကာချိတ်ဆက်မှုအနေနဲ့ဘယ်လိုဆောင်ရွက်ထားပါသလဲ ဆရာ။**

ဖြေ။ ၂၀၀၈ ခုနှစ်မတိုင်မီတုန်းက ပြည်တွင်းမှာ Internet Service Provider(ISP) အဆင့်သာရှိပြီး နိုင်ငံခြားမှာရှိတဲ့ Internet Exchange Point(IXP)နဲ့ချိတ်ဆက်ခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ်မှာ ဟံသာဝတီ National Gateway (IXP)ကို စတင်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့တဲ့ အတွက်ကြောင့် နိုင်ငံတကာ Internetနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်ခဲ့ပါတယ်။ ပြည်

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကျော်စိုးဝင်း

တွင်းမှာရှိတဲ့ Internet Service Provider တွေ ချိတ်ဆက်နိုင်ဖို့ လိုအပ်တဲ့ Bandwidth တွေ ငှားရမ်းပေးတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ Bandwidth ပမာဏဘယ်လောက်ရှိတယ်ဆိုတာရယ်၊ ဘယ်လိုလမ်းကြောင်းတွေကနေ ချိတ်ဆက်ထားတယ်ဆိုတာကို ပြောပြပေးပါဆရာ။**

ဖြေ။ ဒီနေ့အချိန်မှာတော့ နိုင်ငံတကာအင်တာနက်နဲ့ ချိတ်ဆက်ထားတဲ့ Bandwidth ပမာဏဟာ စုစုပေါင်း 13.33 Gbps ရှိပါတယ်။ ဒီနှစ်အတွင်း SEA Games မတိုင်မီ Bandwidth ပမာဏကို (20)Gbps ကျော်အောင်ဆောင်ရွက်နေပါတယ်။ ချိတ်ဆက်ထားတဲ့လမ်းကြောင်းတွေကတော့ ပင်လယ်ရေအောက် ကေဘယ်လ်လမ်းကြောင်းဖြစ်တဲ့ (SEA-ME-WE 3)နဲ့ ချိတ်ဆက်ထားသလို ကုန်းတွင်း နယ်စပ်ဖြတ်ကျော် Cross Border ဆက်ကြောင်းတွေအနေနဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ ချိတ်ဆက်ထားပါတယ်။

**မေး။ ဒီလို ချိတ်ဆက်ထားမှုတွေဟာ ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်မှုရှိပါသလား။**

ဖြေ။ အခုလက်ရှိအချိန်အထိတော့ လုံလောက်မှုရှိပါတယ်။ ထပ်မံသုံးစွဲမယ့်သူတွေ ပိုမိုတိုးတက်လာနိုင်တဲ့အတွက် လိုအပ်လာမယ့် Bandwidthကို တွက်ချက်ပြီး တိုးချဲ့ဖို့ကိုလည်း ဆောင်ရွက်နေပါတယ်။ ၂၀၁၄ ခုနှစ်မှာ အင်တာနက်သုံးစွဲသူ လူ ၁၀၀ မှာ ခုနစ်ဦးရှိလာမယ်လို့ မျှော်မှန်းထားတဲ့အတွက် အင်တာနက်သုံးစွဲသူ စုစုပေါင်း လေးသန်းခန့်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီအတွက် သုံးစွဲမှုလုံလောက်အောင် အင်တာနက် Bandwidthကို 40 Gbps အထိ ရအောင် တိုးချဲ့သွားဖို့စီစဉ်နေပါတယ်။ သုံးစွဲမှု တိုးတက်လာတဲ့အပေါ်မူတည်ပြီး ဒီထက်လိုအပ်ရင်လည်း တိုးချဲ့သွားမှာဖြစ်ပါတယ်။

**မေး။ အင်တာနက် သုံးစွဲလိုသူတွေ အနေနဲ့ဘယ်လိုများဆက်သွယ်ဆောင်ရွက်ရမယ်ဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ မိုဘိုင်း အင်တာနက်စနစ်အတွက် အင်ဂျင်နီယာချုပ်၊ မိုဘိုင်းဆက်သွယ်ရေးဌာနနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်မန်နေဂျာရုံးတွေမှာ လျှောက်ထားနိုင်ပါတယ်။ အခုဆိုရင် GSM နဲ့ WCDMA မိုဘိုင်းအင်တာနက်အတွက် Short Message Service(SMS)ကနေ တစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်ပါတယ်။ Satellite အင်တာနက်စနစ် အတွက် အင်ဂျင်နီယာချုပ်၊ ပြည်ပဆက်သွယ်ရေးဌာနထံမှာ လျှောက်ထားနိုင်ပါတယ်။ အခြားစနစ်တွေဖြစ်တဲ့ Fiber, E1,ADSL စနစ်တွေကိုတော့ အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက် နည်းပညာဌာနနဲ့သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်မန်နေဂျာတွေထံကိုလိပ်မူပြီး လျှောက်ထားနိုင်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

ရှေဆောင်
အဆင့်မြင့်ရုပ်ရှင်ရုံ
ဖုန်း - 252113, 388034
သွင်
အဆင့်မြင့်ရုပ်ရှင်ရုံ
ဖုန်း - 372594, 0973235560
မင်္ဂလာဒိုင်းမွန်း
အဆင့်မြင့်ရုပ်ရှင်ရုံ
နိုင်းမွန်းပလာဇာ (၅)လွှာ မန္တလေး
ဖုန်း - 09402765641
09402765642
၂၀ • ၉ • ၂၀၁၃ ရက်မှ
စတင်၍
တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတိပြု
၁၀း၀၀ နာရီ
၁၂း၃၀ နာရီ
၃း၃၀ နာရီ
၆း၃၀ နာရီ
၉း၃၀ နာရီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# နိုင်ငံရေးနှင့် မီဒီယာ

**မင်းဗထူး**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာနတိုင်းမှာ သတင်းထုတ်ပြန်ရေးအဖွဲ့(သို့မဟုတ်)ပြောရေးဆိုခွင့်အဖွဲ့များ ဖွဲ့စည်းထားကြပြီးဖြစ်ပါတယ်။ ဒီအဖွဲ့များ စွမ်းဆောင်ရည်ရှိရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ နည်းပြဆရာများဖြင့် ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း ၃၇၀ဦးကို တစ်နှစ်အတွင်း (၆)ကြိမ်ခွဲ၍ ပြန်ကြားရေးဝန်ကြီးဌာနမှာ သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို လုပ်ခဲ့ပါတယ်။ တခြား ဒီမိုကရေစီနိုင်ငံများမှာလည်း ဒီလိုအဖွဲ့မျိုးတွေဖွဲ့စည်းပြီး အစိုးရက ဘယ်လိုအုပ်ချုပ်နေသလဲ ဆိုတာကို ပြည်သူလူထုက အလွယ်တကူသိရှိရအောင် လုပ်ပေးနေတဲ့ စနစ်တွေရှိကြပါတယ်။ ဒီထဲမှာထင်ရှားတာကတော့ အမေရိကန်က အစိုးရဆက်သွယ်ရေးမှူးများရဲ့ အမျိုးသားအဆင့်အသင်းကြီး (NAGC)ပဲ ဖြစ်ပါတယ်။ သတင်းထုတ်ပြန်တဲ့အခါ၊ စုံစမ်းမေးမြန်းသည်ကို ဖြေကြားတဲ့အခါနဲ့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့အခါတိုင်းမှာ အစိုးရဆက်သွယ်ရေးမှူးများဟာ ကျင့်ဝတ်တွေလိုက်နာရပါတယ်။ ဒီကျင့်ဝတ်တွေဟာ ကျွန်တော်တို့ဆီက သတင်းထုတ်ပြန်ရေးအဖွဲ့များအတွက်လည်း နည်းနာယူစရာဖြစ်လာနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါတွေကတော့-

- အများပြည်သူအပေါ် မှန်ကန်မှု၊ တိကျမှု၊ မျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။ အများလက်ခံသည့်ကောင်းမွန်သော စံနှုန်းကို စွဲမြဲစွာခံယူကျင့်သုံးရမည်။
- မိမိတို့၏ အတတ်ပညာကို အများပြည်သူအကျိုးစီးပွားအတွက်သာ လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိတို့သည် အများပြည်သူ၏ ယုံကြည်မှုကို စောင့်ထိန်းနေရသူများဖြစ်သည်ဟု မှတ်ယူရမည်။
- အမှန်တရားကို လက်ဆင့်ကမ်းပေးရာတွင် အစိုးရ၏လုပ်ငန်းစဉ် (သို့မဟုတ်) လူထုဆက်သွယ်ရေးလမ်းကြောင်းကို ထိခိုက်စေမည့် ကိစ္စမှန်သမျှ မလုပ်ဆောင်ရ။
- တလွဲ(သို့မဟုတ်) မှားယွင်းသော သတင်းအချက်အလက်များကို တမင်မထုတ်ပြန်ရ။ မှားယွင်းခဲ့လျှင် ချက်ချင်းပြင်ပေးရမည်။
- မူဝါဒဆုံးဖြတ်ရာတွင် ပါဝင်သော ပုဂ္ဂိုလ်၏ ရာထူးအမည်နှင့် ဆုံးဖြတ်ချက်လုပ်ငန်းစဉ်အပြင် ယင်းလုပ်ငန်းစဉ်၌ ပြည်သူများက မည်ကဲ့သို့ ပါဝင်နိုင်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည်။
- အကျိုးစီးပွား ပဋိပက္ခများတွင် မပါဝင်ရ၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ၊စည်းမျဉ်းစည်းကမ်းနှင့် အမိန့်များအတိုင်း လိုက်နာရမည်။
- သတင်းအချက်အလက်များအား မမှန်မကန်သော နည်းလမ်းဖြင့် အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည့်အပြင် အတွင်းသတင်းများကို ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုရ။
- မိမိတို့အဖွဲ့၏ တာဝန်ယူထိန်းသိမ်းပိုင်ခွင့်ထက်ကျော်လွန်သော ကတိပြုခြင်း (သို့မဟုတ်)အာမခံခြင်းတို့ကို မပြုလုပ်ရ။
- အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်ပြီး အခကြေးငွေ၊ လက်ဆောင်ပစ္စည်း၊ အနာဂတ်အလားအလာအတွက် ကတိကဝတ်၊ မြင်နိုင်/မမြင်နိုင် တန်ဖိုးရှိအရာများကို လက်ခံခြင်းမပြုရ။
- လက်ရှိဝန်ထမ်းများအပြင် ယခင်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် ပတ်သက်သော ယုံကြည်မှုအတွက်လည်းကောင်း၊ အစည်းအဝေးများနှင့် အထောက်အထားစာရွက်စာတမ်းများမှ ရရှိသော သတင်းအချက်အလက်များ အတွက်လည်းကောင်း၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းနှင့် ဆင်ခြင်ချိန်ဆမှုတို့အရ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရမည်။
- အခြားသော လူပုဂ္ဂိုလ်အဖွဲ့အစည်း(သို့မဟုတ်) အစိုးရအေဂျင်စီတို့၏ လုပ်ဆောင်ချက်များကိုဖြစ်စေ၊ အတတ်ပညာဆိုင်ရာ ဂုဏ်သိက္ခာကိုဖြစ်စေ၊ မတော်မတရားထိခိုက်ဆုံးရှုံးနစ်နာမှု မဖြစ်စေရ။
- ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ဈေးနှုန်းများအပေါ် ခြယ်လှယ်ရာရောက်စေသည့် မည်သို့သော လှုပ်ရှားမှုတွင်မဆို မပါဝင်ရ။

သတင်းထုတ်ပြန်ရေးအဖွဲ့များဟာ ဖော်ပြပါ ကျင့်ဝတ်များကို နိုင်ငံတကာစံနှုန်းတစ်ခုလို သဘောထားလေ့လာပြီး မိမိတို့နှင့်သက်ဆိုင်တဲ့အခန်းကဏ္ဍကို ပြည်သူလူထုအား ရှင်းလင်းတင်ပြရာမှာ နှစ်ဖက်ကျေနပ်ဖွယ် ပြောဆိုနိုင်ဖို့အတွက် မျှဝေပေးခြင်းဖြစ်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် မီဒီယာများနဲ့ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် ကိုယ့်ဝန်ကြီးဌာနအလိုက် လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ်ထားရှိသင့်ပါတယ်။ ဥပမာ-ဌာနတစ်ခုတွင် သတင်းစုံစမ်းမေးမြန်းခြင်းများအားလုံးကို သတင်းထုတ်ပြန်ရေးအဖွဲ့နှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်ဟု ချမှတ်ထားနိုင်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့က တာဝန်ရှိသော ဝန်ထမ်းကလည်း သတင်းထောက်၏ တောင်းဆိုချက်ကို ချက်ချင်းတုံ့ပြန်ပေးရမှာဖြစ်ပြီး ကိုယ်တိုင်ဖြေဆိုနိုင်လျှင် ဖြေဆိုရန်၊ မဖြေဆိုနိုင်က သက်ဆိုင်ရာ ကျွမ်းကျင်သူထံ ဆက်သွယ်ပေးရန်ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းဟာ လမ်းကြောင်းလွဲသွားစေခြင်း မဖြစ်စေရပါ။ ရနိုင်သမျှ သတင်းအချက်အလက်အစုံအလင်ကို လျင်မြန်မှန်ကန်စွာ ရရှိစေရန်အတွက်သာ ဖြစ်စေရပါမယ်။ သတင်းထောက်ကလည်း ဘာသာရပ်ကျွမ်းကျင်သူနဲ့ တိုက်ရိုက်စကားပြောခွင့်ရတာကို ကျေနပ်အားရပါလိမ့်မယ်။ ဒီလိုဆက်သွယ်ပေးနိုင်ရန်အတွက် အချိန်အနည်းငယ်လိုအပ်မယ်ဆိုလျှင်လည်း သတင်းထောက်နဲ့ ညှိနှိုင်းနိုင်ပါတယ်။ သို့ရာတွင် လုပ်ထုံးလုပ်နည်းများက အလွန်လေးလံနှေးကွေးနေမယ်ဆိုလျှင်တော့ သတင်းထောက်များဘက်က စောင့်ဆိုင်းနိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သတင်းလတ်ဆတ်မှုကသူတို့အတွက် သိပ်ကိုအရေးကြီးနေလို့ပါပဲ။

အခုခေတ်ဟာ သတင်းနည်းပညာခေတ်လို့ လူတိုင်းကပြောနေကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်ရန် နည်းလမ်းများစွာရှိပါတယ်။ ဘယ်လောက်ဝေးဝေးဆက်သွယ်ရေးက အလွန်မြန်ပါတယ်။ အများပြည်သူသိရှိနိုင်ရန် အရည်အသွေးမြင့်မားပြီး မျှတမှန်ကန်တဲ့ သတင်းတစ်ပုဒ်ရေးသားနိုင်ဖို့ သတင်းသမားများဘက်ကလည်း စိန်ခေါ်မှုများရှိနေတယ်ဆိုတာကို နားလည်ပေးနိုင်ရပါမယ်။ အဓိကစိန်ခေါ်မှုကတော့ သတင်းဌာနများမှ တာဝန်ရှိသူတွေက သတင်းအချက်အလက်များ ပံ့ပိုးပေးရန် သိပ်လိုလိုလားလားမရှိကြတာပဲဖြစ်ပါတယ်။ သတင်းသမားလိုက်နာရမယ့် အဓိကကျင့်ဝတ်က သတင်းတိကျမှန်ကန်ဖို့ဖြစ်ပြီး သတင်းသမားလုပ်ရမယ့် အဓိကစည်းမျဉ်းက ထိုသတင်းမှန်ကန်ကြောင်း စစ်ဆေးအတည်ပြုရန်ဖြစ်ပါတယ်။ ရရှိထားသော သတင်းအချက်အလက်ကို မှန်မမှန်စစ်ဆေးရန် တာဝန်ရှိသူထံ ဆက်သွယ်တယ်၊ ဖြစ်နေကျအတိုင်း "မအားသေးဘူး" "ဒါတော့ပြောခွင့်မရှိဘူး"ဟူ၍ဖြစ်လာလျှင် သတင်းသမားဟာ သူတို့သတင်းကို ပုပ်သိုးမသွားစေရန်အတွက် အခုပဲ မဖြစ်မနေရေးသားရပါတော့မယ်။ အဲ့ဒီအခါမှာ သတင်းလွဲမှားခြင်းဖြစ်နိုင်ခြေက အများကြီးတိုးလာပါတော့တယ်။ နစ်နာရသူများမှာ- ဌာနက ပထမ၊ ပြည်သူလူထုက ဒုတိယ၊ မီဒီယာက တတိယဖြစ်ပါတယ်။ နောက်ဆက်တွဲ ဖြစ်ရပ်များက ပြင်ဆင်ချက်ထုတ်ရခြင်း၊ အငြင်းပွားမှုနဲ့ တရားစွဲဆိုမှုတို့ပါ။ ဒါကြောင့် ကျွန်တော်မေတ္တာရပ်ခံချင်တာက သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ အလုပ်ဟာ ဘယ်လောက်စွန့်စားမှုရှိရှိ၊ ဘယ်လောက်စိတ်ပျက်စရာကောင်းကောင်း မိမိဌာနက အများပြည်သူအကျိုးအတွက် ဘာတွေလုပ်နေတယ်၊ ဘာတွေအခက်အခဲရှိတယ်၊ ပြဿနာတွေကို ဘယ်လိုဖြေရှင်းနေတယ်ဆိုတာတွေကို ပြည်သူလူထု ထင်သာမြင်သာရှိအောင်ကြိုးစားပြီး တင်ပြပေးနေဖို့လိုပါတယ်။ ဒါဟာရှောင်လွှဲလို့ရတဲ့ အလုပ်မဟုတ်ပါဘူး။ တရားဝင်ပေးအပ်ထားတဲ့တာဝန်ပါ။ ဒီမိုကရေစီခေတ်မှာ ဒီတာဝန်က ပြည်သူလူထုအတွက် သတင်းအချက်အလက်နှင့် အတွေးအခေါ်အယူအဆတွေကို သတင်းမီဒီယာများကတစ်ဆင့် လက်ခံရယူခွင့်ဆိုတဲ့ လူ့အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်း ဖြစ်တယ်ဆိုတာ သေသေချာချာ နားလည်ထားသင့်ပါတယ်။ အီလက်ထရွန်နစ်အစိုးရစနစ်ကို ကျင့်သုံးရာမှာ သတင်းထုတ်ပြန်ရေးအဖွဲ့များဟာ ပြည်သူလူထုနှင့် တိုက်ရိုက်စကားပြောရန် Web Portal (ခေါ်) အင်တာနက်တံခါးပေါက်ကို ဖွင့်ထားသင့်ပါတယ်။ ပြည်သူလူထုသိသင့်သည့်သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုအခွင့်အလမ်းများအပြင် ပြည်သူလူထုတစ်ဦးချင်းက ထပ်မံသိရှိလိုသမျှကို ပြန်လည်ဖြေကြားပေးရန်အတွက်လည်း အသုံးပြုနိုင်ပါတယ်။ လူမှုမီဒီယာများဟာ ပြည်သူလူထုထံ သတင်းအချက်အလက်များ အမြန်ဆုံးရောက်ရှိစေသောစနစ်ဖြစ်၍ လိုအပ်လျှင် အသုံးပြုနိုင်သော်လည်း စည်းနှောင်မှုမရှိ၍ အီလက်ထရွန်နစ်အစိုးရစနစ်မှာ အကျုံးဝင်မှုမရှိကြောင်း သတိပြုရပါမယ်။

> **ရရှိထားသော သတင်းအချက်အလက်ကို မှန်မမှန်စစ်ဆေးရန် တာဝန်ရှိသူထံ ဆက်သွယ်တယ်၊ ဖြစ်နေကျအတိုင်း "မအားသေးဘူး" "ဒါတော့ပြောခွင့်မရှိဘူး"ဟူ၍ ဖြစ်လာလျှင် သတင်းသမားဟာ သူတို့သတင်းကို ပုပ်သိုးမသွားစေရန်အတွက် အခုပဲ မဖြစ်မနေရေးသားရပါတော့မယ်။ အဲ့ဒီအခါမှာ သတင်းလွဲမှားခြင်းဖြစ်နိုင်ခြေက အများကြီးတိုးလာပါတော့တယ်။ နစ်နာရသူများမှာ- ဌာနက ပထမ၊ ပြည်သူလူထုက ဒုတိယ၊ မီဒီယာက တတိယဖြစ်ပါတယ်။**

အထက်ကဖော်ပြခဲ့တဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့အတွက် ကျင့်ဝတ်စံကလေးတွေကိုသာ လိုက်နာကြမယ်ဆိုရင် စွန့်စားမှုရော စိတ်ပျက်စရာတွေပါ လျော့နည်းလာပြီး လွတ်လွတ်လပ်လပ် ပြောနိုင် ဆိုနိုင် ထုတ်ပြန်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါမှလည်း လူတိုင်းရဲ့ အခွင့်အရေးကို လေးစားရာရောက်ပြီး စတုတ္ထမဏ္ဍိုင်ကိုလည်း တန်ဖိုးထားရာကျပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ထူးချွန်ပြီး လူတော်များဖြစ်လာစေရေးလေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ချင်းပြည်နယ် မင်းတပ်မြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မင်းတပ်-၂)တွင် ပဉ္စမတန်းမှ ဒသမတန်းထိ ကျောင်းသား ၁၁၅ ဦး၊ ကျောင်းသူ ၅၁ ဦး စုစုပေါင်း ၁၆၆ ဦးတို့ကို ပြုစုလေ့ကျင့် ပညာသင်ကြားပေးလျက်ရှိသည်။ ယင်းတို့အနက် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ၅၄ ဦးနှင့် ကျောင်းသူ ၃၁ ဦးရှိပြီး ဘာသာတွဲ သုံးခုကို အတွဲ (၁) ၆၅ဦး၊ အတွဲ(၂) ၁၅ ဦး၊ အတွဲ(၇) ၈ဦး ပညာသင်ယူလျက်ရှိသည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ကချင်ပြည်နယ်တွင် လေးကျောင်း၊ ကယားပြည်နယ်တွင် တစ်ကျောင်း၊ ကရင်ပြည်နယ်တွင် တစ်ကျောင်း၊ ချင်းပြည်နယ်တွင် ကိုးကျောင်း၊ ရခိုင်ပြည်နယ်တွင် တစ်ကျောင်း၊ ရှမ်းပြည်နယ်တွင် ခုနစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ကျောင်း၊ မကွေးတိုင်းဒေသကြီးတွင် တစ်ကျောင်း၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ကျောင်း စုစုပေါင်း ၂၉ကျောင်း ဖွင့်လှစ်ထားရှိပြီး ပြုစုစောင့်ရှောက်ပျိုးထောင်ပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၏ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ စားသောက်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေး အစရှိသည်တို့ကို နိုင်ငံတော်က အကုန်အကျခံကာ ယဉ်ကျေးလိမ္မာသည့် လူကောင်းများ၊ ပညာဉာဏ်ရည်မြင့်မားထူးချွန်ပြီး ပြည်ထောင်စုစိတ်ဓာတ် စွဲမြဲခံယူလိုက်နာကျင့်သုံးသည့် လူတော်များဖြစ်လာစေရေးအတွက် အလေးအနက်ထား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လူငယ်သင်တန်း ကျောင်းများရှိ ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် တစ်လ တစ်ဘာသာလျှင် ၂၅၀၀၀နှုန်းဖြင့် ငါးဘာသာအတွက် ငွေကျပ် ၁၂၅၀၀၀ ကို ၂၀၁၃ ခုနှစ် ဇူလိုင်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီအထိ ရှစ်လစာ ငွေကျပ် ၁၀၀၀၀၀၀စီကို သက်ဆိုင်ရာကျောင်းများသို့ ခွင့်ပြုထောက်ပံ့ပေးပြီးဖြစ်သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ အတန်းစဉ်အလိုက် အောင်မြင်မှု မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်မှု မြင့်မားရေးအတွက် စီမံချက်များရေးဆွဲ၍ နေ့စဉ်အချိန်ဇယားအတိုင်း ပညာသင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျူးကျော်အဆောက်အအုံများ ဖယ်ရှားရန်အသိပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး ၀၊ ယာရှိ ကျူးကျော်အဆောက်အအုံများကို ဆီးဝိမ်းအမီ ဖယ်ရှားပေးနိုင်ရန် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပြည်သူ့ဆောက်လုပ်ရေးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့မှ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အသိပေးအကြောင်းကြားစာများ ပေးပို့ခဲ့ပြီး စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ဒုတိယအကြိမ် အသိပေး အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမကြီးရှိ မီးခွက်ဈေး အောက်ထိပ် မင်းကြီးမဟာမင်းခေါင်လမ်းမရှိ ကျူးကျော်တဲအလုံး ၃၀၀ ကို စက်တင်ဘာ ၅ ရက်က မြို့နယ်စည်ပင်သာယာဌာနမှ အသိပေးစာများဖြန့်ဝေသွားပြီးနောက် စစမျိုးဆက်သစ် ကျောင်းသားများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) လှိုင်သာယာမှ စာရွက်များကို လိုက်လံသိမ်းဆည်းခဲ့ပြီး စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အသိပေးအကြောင်းကြားစာများ ပေးဝေနေစဉ် မော်တော်ယာဉ်ဖြင့် ရောက်လာ၍ စည်းရုံးဟောပြောသဖြင့် တာဝန်ရှိသူများ ရောက်လာချိန်တွင် ကားဖြင့် ပြန်လည်ထွက်ခွာသွားပြီး လိုက်လံဝေဒေထားသော အသိပေး အကြောင်းကြားစာများကို လိုက်လံသိမ်းဆည်းသွားကြောင်း သိရသည်။

ဤသို့လမ်းဘေး ကျူးကျော်အဆောက်အအုံများနှင့် ညအိပ်ဈေးဆိုင်များကို ဖယ်ရှားပေးရန် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ လက်ထောက်အင်ဂျင်နီယာရုံး(မြို့ပြ)တို့မှ နှစ်ကြိမ်မြောက်အသိပေး အကြောင်းကြားစာများ ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

**လူကုန်ကူးမှုပယောဂကို တစ်မျိုးသားလုံးပါဝင်ကြစို့**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# သီလဟူသည် ရွယ်ပျိုရွယ်ရင့်ဆင်တိုင်းတင့်၏

**ဝိသဇ္ဇက (ပဲခူး)**

"...ကန်ရာသီဟု အာနီမြခိုင် ယင်းမာလှိုင်က မွှေးကြိုင်နံ့ရှင်း တော်သလင်းကား မြစ်တွင်းရတု ပန်းလုသဘင်သစ်ဆင်းယင်လျက် လက်သင် လှော်ကားရွှေသားစက်ကွင်း လှေချင်းလှော်ပြိုင်" (ဦးအောင်ကြီး ကန်ရာသီ ဘွဲ့လူးတား။)

ဤ..တော်သလင်းလ၌ "လတော်သလင်း၊ မြစ်တွင်းသင်ဖြူးဆင်း" ဟူသော အဆိုနှင့်အညီ ရေစီးအဟုန်၊ မန္တေးမပြင်း၊ မြစ်တွင်းသာယာသည့်အတွက် သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိသောကြောင့် တော်သလင်းလကို ရှေးအခါက "သစ်ဆင်းလ" ဟုခေါ်ခဲ့သည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်းပြု ဆရာ လှေသင်းအတွင်းဝန်၏ ဆရာအရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန် ဆရာတော်ကြီးက သမန္တစက္ခုဒီပနီပထမကျမ်းတွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကိုဆိုလိုသည်ဟု ဖော်ပြထားခဲ့သည်။

ရာသီဥတုကြည်လင်သာယာ၏။ မြစ်ပြင်တွင် လှိုင်းလေငြိမ်သည့်အခါ ရာသီ ကြိုက်ဖြစ်သော လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။ ရှေးမြန်မာ ဘုရင်တို့သည် လှေပြိုင်ပွဲသဘင်ကို ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည် ဖြင့် အမျိုးမျိုးခေါ်ခဲ့ကြသည်။

ယင်းသို့ လှေပွဲသဘင်ကို ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းလေ့ရှိကြသည်။ ဘုရင့်မင်းမြတ်ကိုယ်တော်တိုင် ဗိုလ်ပါ၊ မှူးမတ်များ ခြံရံလျက် "ပြည်ကြီးမွန်" ဟူသော ဘုရင့်ရွှေလှေတော်ကြီးများပေါ်မှနေ၍ လေညင်းခံကာ လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိသည်။

"ပြည်ကြီးမွန်လှေ"ဆိုသည်မှာ မြန်မာမင်းကို တစ်ရာသောမင်းတို့ ဦးညွတ် ဟန်၊ ဦးမှပဲ့အထိ လက်ဝဲလက်ယာအရုပ် ၅၀ စီကို ထုလုပ်တန်ဆာဆင်ထား သည့်ဘုရင့်လှေတော်ဖြစ်သည်။ ဘုရင်ကိုယ်တိုင်တက်ကြွရှုစားတော်မူသည့် အတွက် ဤလှေသဘင်ပွဲသည် အလွန်ကြီးကျယ်စည်ကားလှပေသည်။ ပြိုင်ပွဲ သဘင်ကြီးကို တော်သလင်းလဆန်း ၈ ရက်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့၊ လကွယ်နေ့ စသည့်နေ့ရက်များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှေလှော်တော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေ စသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေသည်။ လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်းပြုလုပ်၍ မင်းစီးလှေ လှော်ကားတော်ကို ရှေ့ဆုံးတွင်ထားလျက် နောက်ပိုင်းတွင် ရာထူးရာခံအလိုက် အရာရှိလှေတော်များလိုက်ပါ၍ လှေတပ်ကြီးဖွဲ့ကာ မြူးကြွသော တူရိယာ အသံများနှင့်အတူ လှေချင်းသံ၊ လှေလှော်သံများ သီဆိုကာ တက်ရေ ၃၇ ပါး အလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြသည်မှာ မြစ်ပြင်တစ်ပြင်လုံး ပွဲတင်သံများ ဖုံးလွှမ်းလျက်ရှိသည်ဟု စာဆိုရှိပေသည်။

အမှန်စင်စစ် ရှေးမြန်မာမင်းတို့ ကျင်းပသည့် လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အား ကို တစ်နည်းတစ်လမ်းစမ်းသပ်လေ့ကျင့်ခြင်းဖြစ်သည်။ ရေတပ်မတော်သား များ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော်ဖြစ်ပေသည်။

တော်သလင်းလနှင့်တိုက်ဆိုင်သောရာသီမှာ ကန်ရာသီဖြစ်သည်။ ကန် ရာသီ၏ ရာသီရုပ်မှာ လက်တစ်ဖက်က ကောက်ဆုပ်၊ လက်တစ်ဖက်က ဆီမီး တိုင်ကိုင်လျက် လှေစီးသောမိန်းမပျိုရုပ်သဏ္ဌာန်ရှိသည်ဟု ဇောတိတတ္ထကျမ်း တွင် ဆိုပေသည်။

တော်သလင်းလကို ရှေးသူဟောင်းတို့က သစ်ဆင်းလဟူ၍ ခေါ်ဆိုခဲ့သည်။ ၉၅၂ ခုနှစ်ထိုးကျောက်ဆည်မြို့ ရွှေသာလျောင်းကျောက်စာတွင် "သက္ကရာဇ် သချ်ာ၊ ကိုးရာ့ငါးဆယ်၊ စွန်သွယ်နှစ်ခု၊ ဥတုဝဿ၊ လကာသစ်ဆင်း၊ တော်သလင်း ဆန်တက်၊ ယှစ်ရက်ပိတပုနိယ်" ဟူ၍ သစ်ဆင်းအသုံးကို ရှေးဦးစွာ တွေ့ရသည် ဆို၏။ ထိုခေတ်က သစ်ဆင်းပွဲကျင်းပသည်ကို အကြောင်းပြု၍ သစ်ဆင်းလဟု အမည်တစ်မျိုးမှည့်ခဲ့ကြဟန်ရှိပေသည်။

မိုးတိမ်ကင်းစင်သည့် ကောင်းကင်ဝယ်နေမင်းက "တော်သလင်းနေ၊ပုစွန် သေ" ဟူသော ဆိုစကားဖြစ်လောက်အောင် ပြင်းပြစွာထွန်းလင်းလျက်ရှိတတ် သည်။ တစ်ခါတစ်ရံ ရာသီဥတုကဖောက်ပြန်လာလျှင် မိုးရွာသည်။ တစ်ရက်တန် သည်၊ နှစ်ရက်တန်သည် မိုးသည်းတတ်၏။ ရှေးစားဖိုသည် ထမင်းချက်သမား တို့သည် မစဲသော မိုးရေရွှဲရွဲတွင် ဆင်းရဲဒုက္ခကြုံရသေး၏။ ရှေးတောင်သူတို့က "တော်သလင်းတိမ်ညို၊စားဖိုသည်ဆင်းရဲ၊ မိုးမစဲ" ဟု မိုးလက်ာဖြင့် အဓိပ္ပာယ် ဖော်ခဲ့သည်။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့တွင် "လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်း မိုး"ဟု စပ်ဆိုထား၏။

ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်း ၁ ရက်မှ ရေတွက်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သောနေ့ကို ဗဟိုထား၍ ရှေ့ခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ် သော မိုးကိုဆိုလိုသည်။ ထိုနေ့အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက် ဆိပ်ကြယ်မွန်းလွဲသည်။ တနင်္ဂနွေခေါ် သူရိယနေမင်းသည် သိဟ်ရာသီမှ ကန်ရာသီသို့ ဆင်းသက်သည်။ ထိုအချိန်အခါတွင် ရွာသောမိုးကို ကန်ဆင်းမိုး သို့မဟုတ် ကြယ်လွဲမိုးဟု မှတ်ယူကြသည်။

ယောမင်းကြီးက ဥတုဘောဇနကျမ်းတွင် ပြဆိုထားသည်မှာ တော်သလင်း၊ သီတင်းကျွတ်နှစ်လသည် သာရဒဥတုမည်၏။လောကသည်ပူ၏။ ကောင်းကင်၌ အညစ်အကြေးကင်း၏။ ဖြူစင်၏။ အင်းအိုင်မြစ်ကမ်းတို့သည် ပေါ်ကုန်၏။ ခွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့်အမြင့်အညီအညွတ်တို့သည် ထင်ရှား ကုန်၏။ ရွှံ့ညွန်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏။ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ယင်းမာစသောပန်းတို့သည် ပွင့်ကုန်၏။ အသီးအပွင့်အရွက်အမြစ် ဆေးတို့သည် ဩဇာရှိကုန်၏။

မျက်မှောက်ခေတ်တွင် ဤတော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော် နေ့ဖြစ်သည်။ ဂရုဓမ္မသီလသည် သူတော်စင်သူတော်မြတ်တို့ အလေးအမြတ် ထားကာ ကျင့်သုံးကြသည့်တရား ဖြစ်သည်။

ဂရုဓမ္မသီလသည် သူတော်ကောင်းတို့က ဂရုထား၍ ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ပေါ်ပေါက်သောတရားဖြစ်၍ ပဝေဏီ ဓမ္မဟုလည်းခေါ်ဆိုသည်။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေးသုဇိတာသည် ငါးပါး သီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများကို ရရှိ၏။ အသူရာမင်းကြီး၏ သမီး ပျိုဘဝ၌ သူမတူအောင်ချောမောလှပ၏။ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသား တို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေးမပူရခြင်း၊ သေသူအတွက် သောက မရောက်ရခြင်း၊ သေပြီးသည့်နောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ် တစ်ထောင်သက်တမ်းစေ့နေရခြင်းစသော အကျိုးများကို ခံစားရ၏။

တိကနိပါတ်၊ ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံးပြည့်တန် ဆာမအထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်၏။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြရ၏။ ဣတိဝုတ်အဋ္ဌကထာနှင့် ဥဒ္ဒကပါဠိ အဋ္ဌကထာတို့တွင် မှတ်သားဖွယ်ရာကို အကျယ်တဝင့်ပြထား၏။ မဟာသု ဒဿနမင်းကြီးသည် လေးကျွန်းစကြဝဠာလှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ် ဟောဆိုညွှန်ပြဆုံးမလေ့ရှိ၏။ ဒသနိကပါတ်ဓမ္မပါလဇာတ် တွင် ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိပေ။ သက်တမ်းစေ့နေကြရ၏။

ပဥ္စာဝုဓဇာတ်တော်တွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရား ခေါင်ကြီးတို့၏ ရင်သွေးမင်းသားအား တက္ကသိုလ်ပြည်သို့ ပညာသင်စေလွှတ် ခဲ့သည်။ မင်းသားလေးသည် အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သောလောကီပညာ ကို တတ်မြောက်ခဲ့၍ ပြည်တော်ပြန်လာမည့်အချိန်မှာ တက္ကသိုလ်ဆရာကြီးက မြား၊သန်လျက်၊တုတ်၊ လှံ၊ တင်းပုတ်တို့ကိုလက်ဆောင်ပေးလိုက်သည်။ မင်းသား လေးလည်း တောအုပ်ကြီးတစ်ခုကိုဖြတ်သန်းလာစဉ် စေးကပ်သောအမွေးရှိ သောဘီလူးတစ်ကောင်နှင့် တွေ့ရှိခဲ့သည်။

"ဟယ်...အသင်လူသား သင်ကားငါ၏ပိုင်နက်ထဲတွင် ရောက်လာ၍ ငါ၏အစာဖြစ်ချေပြီတကား"ဟု ကြိမ်းဝါးလေသည်။ မင်းသားလေးသည် ပါလာ သောမြား၊ သန်လျက်၊ တုတ်၊ လှံ၊ တင်းပုတ်တို့ဖြင့် ဘီလူးကိုပစ်ရာ ဘီလူးကြီး၏ အမွေး၌ လက်နက်များအားလုံး ကပ်ငြိကုန်၏။

"အိုလုလင် သင်ကားသေရမှာကိုမကြောက်။ ဘာကြောင့်လဲ"ဟု မေးလေ ၏။ မင်းသားလေးက "ငါ့ကိုယ်တွင်းမှာ ဝရဇိန်လက်နက်ကဲ့သို့ အစွမ်းထက်သော ကိုယ်ကျင့်သီလများရှိ၏။ ဒါကြောင့် ငါသည် သင့်ကိုမကြောက်ပါ"ဟု ဖြေလေ သည်။ ထိုစကားကို ကြားရသောဘီလူးသည် ကြောက်လန့်၍ မင်းသားလေး ကိုပြန်လွှတ်လိုက်လေသည်။ မင်းသားလေး၏ခန္ဓာကိုယ်၌ရှိသော ဝရဇိန် လက်နက် ဟူသည်ကား

**သတ္တဝါအသက်ကိုမသတ်ခြင်း၊**

**သူတစ်ပါးဥစ္စာကိုမခိုးခြင်း၊**

**အိမ်ရာသားမယားမပြစ်မှားခြင်း၊**

**လိမ်ညာ၍ မုသားမပြောခြင်း၊**

**သေရည်သေရက်မသောက်ခြင်း**စသော ငါးပါးသီလဖြစ်သည်။

ထိုသီလတော်များကြောင့် ဘီလူးဘေးမှ လွတ်မြောက်ခဲ့သည်။

ဂရုဓမ္မသီလဖြစ်သော **သတ်**၊ **ခိုး**၊ **ကာမေ**၊ **မုသား**၊ **သေ**ငါးမျိုးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ထိုသီလတို့အား စောင့်ထိန်းခြင်း၏ အကျိုးတရားနှင့် အဓိပ္ပာယ်ကို ဖွင့်ဆိုရသော် ကုသိုလ်တရား၏အစလည်းဖြစ်သည်။ ဈာန် မဂ်ဖိုလ်တရား၏ ထောက်ရာတည်ရာလည်းဖြစ်သည်။ သမထ၊ ဝိပဿနာအစရှိ သော မြတ်တရားတို့၏ အမိလည်းဖြစ်သည်။ ပါမောဇ္ဇအစရှိသော အပြစ်မဲ့ တရားအလုံးစုံတို့၏ တံခါးဖြစ်သည်။

အချုပ်အားဖြင့် ငါးပါးသီလဖြစ်သော ဂရုဓမ္မတရားသည် အိုသည့်တိုင် အောင်တင့်တယ်လျောက်ပတ်ကောင်းမြတ်လှ၏။ ထို့ကြောင့် "သီလရတနာ၊ မြတ်တန်ဆာလျှင်၊ သတ္တဝါခပင်း၊ မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးငါး မျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏။"

## တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး တည်ဆောက်မည်

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အနောက်ဘက် ငါးမိုင်ခန့်အကွာ တောင်ငူတက္ကသိုလ်ဝင်းအတွင်း၌ ဘွဲ့နှင်းသဘင် ခန်းမဆောင်သစ်ကြီးကို ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ အသုံးပြုကာ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကို ၂၀၁၃ ခုနှစ် ဇွန်လမှစတင်ကာ မြေဧက ၂၅၈ ဒသမ ၈၅ ဧက အကျယ်အဝန်းအတွင်း၌ မြေပြင်ရှင်းလင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်။

"ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကို သုံးထပ်စာသင်ဆောင်နှစ်ဆောင်အကြား အလယ်မှာထား တည်ဆောက်မယ်၊ အားကစားရုံလည်း ထပ်ဆောက်မယ်၊ အခုလက်ရှိတောင်ငူတက္ကသိုလ်မှာက စာသင်ဆောင်ရှစ်ဆောင် စာသင်ခန်းမ (Theater) သုံးဆောင် ကျောင်းသား ကျောင်းသူ အပန်းဖြေရိပ်သာနှစ်ခု၊ ဘတ်စကက်ဘောကွင်းတစ်ခုရှိတယ်။ ဆရာ ဆရာမက ၂၆၈ ဦး၊ ကျောင်းဝန်ထမ်းက ၁၇၆ ဦး၊ နေ့သင်တန်း ကျောင်းသား ကျောင်းသူ ၃၆၁၀၊ အဝေးသင်ကျောင်းသား ကျောင်းသူ ၉၃၃၉ ဦးတက်ရောက်နေတယ်"ဟု တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်စမ်းစမ်းမာက ပြောပြသည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးကို ဧရာ ရွှေဝါကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးနိုင်ကြောင်း သိရှိရသည်။

**သူရ(တောင်ငူ)**

## အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားငါးဦးလွှဲပြောင်း

**တာချီလိတ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတား၌ စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ခရိုင်/မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သော မကဖ(၈) ဦးဝင်းအောင်ဦးစီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးချစ်ရန်းနှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝက ဦးစီးအရာရှိနှင့်အဖွဲ့တို့မှ မြန်မာအလုပ်သမား အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး ပေါင်းငါးဦးကို လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရှိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသားငါးဦးတို့ကို မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတား၌အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်း အလုပ်သမား ငါးဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံခဲ့ပေးသည်။ ၂၀၁၀ နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ စက်တင်ဘာ ၁၇ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမားအမျိုးသား ၄၈၃၈ ဦး၊ အမျိုးသမီး ၁၆၆၄ ဦး ပေါင်း ၆၅၀၂ ဦးရှိကြောင်း သိရသည်။ **(လ/ဝ၁၅)**

## လမ်းမပေါ်သို့ သစ်ပင်အိုတစ်ပင် ကန့်လန့်ဖြတ်လဲကျ

**လှိုင်ကော် စက်တင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်တိုက်ခြောက်လုံးဝန်ထမ်းအိမ်ရာစခန်းရှေ့ ကန္တရဝတီလမ်းဘေးရှိ သစ်ပင်အိုကြီးတစ်ပင်မှာ မိုးရေကြောင့်မြေနူးကာ စက်တင်ဘာ ၁၆ ရက် ည ၉ နာရီခန့်က လမ်းပေါ်သို့ ကန့်လန့်ဖြတ်လဲကျခဲ့သည်။ သစ်ပင်လဲကျခြင်းကြောင့် သစ်ပင်အောက်ရှိဇရပ်၊ ယာဉ်နှင့်လူများကို ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ပေ။ ယင်းသစ်ပင်အိုကြီးကို ဆောက်လုပ်ရေးလုပ်သားများက စက်တင်ဘာ ၁၇ ရက် နံနက်တွင် ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၉၂ တင်းထွက်ရှိ

**တောင်တွင်းကြီး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောင်းနက်အုပ်စု ပျဉ်းမကျေးရွာ တောင်သူဦးတင်ရွှေစိုက်ပျိုးထားသည့် အထွက်တိုးဘယ်လ်ဂျီယံစပ်မျိုးစပါး မိုးစပါးစိုက်ခင်းကို စက်တင်ဘာ ၁၄ ရက်က ရိတ်သိမ်းရာ တစ်ဧကအစို ၁၉၂ တင်း၊ အခြောက် ၁၇၂ တင်း ထွက်ရှိသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည့် ဒေသခံတောင်သူ ၅၀၀တို့က အဆိုပါ စပ်မျိုးစပါးသစ်ကို စိုက်ပျိုးလိုကြောင်း ပြောကြားကြသည်။

**မောင်သုတ**

## ပြည်တွင်းသတင်း

**▲ ရှေ့ဖုံးမှ**

အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိစေရန်အတွက် ပြည်သူ့ဟိုးပြစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း မြို့ပြဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာ အထူးစီမံကိန်းနယ်မြေများသတ်မှတ်ခြင်း၊ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တည်ထောင်ခြင်းစသည့် လုပ်ငန်းများသည် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်ရာ လိုအပ်ချက်အရ လယ်ယာမြေများနှင့် အခြားမြေများအား သိမ်းဆည်းခြင်းလုပ်ငန်းများရှိခဲ့ပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခဲ့မှုများနှင့်ပတ်သက်၍ တိုင်တန်းမှုများရှိခဲ့သည့်အတွက် မြေသိမ်းဆည်းမှု စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းစုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ အဆိုပါ စုံစမ်းရေးကော်မရှင်၏ စိစစ်တွေ့ရှိချက်အရ မြေသိမ်းဆည်းခံရသည့် အကြောင်းရင်းများမှာ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းရန် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ မြို့ပြများ တိုးချဲ့တည်ဆောက်ရန်အတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များတည်ဆောက်ရန် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးခြင်းစသည့် ခွင့်ပြုချက်များအတွက် တောင်သူလယ်သမားများ၏ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေများပါရှိသွားသကဲ့သို့ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးတို့အတွက် သိမ်းဆည်းရာတွင်လည်း အလားတူ လယ်ယာမြေများ ဆုံးရှုံးသွားခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေဖို့ စုံစမ်းရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ အပိုင်းသုံးပိုင်းခွဲပြီး တင်ပြခဲ့သည့် အစီရင်ခံစာများတွင်-

- မြေသိမ်းဆည်းမှုတွင် ပါဝင်ခဲ့သည့် လယ်ယာမြေများ၊ မြေလွှဲခြင်း ဆောင်ရွက်သည့်အခါမှာ ပါဝင်ခဲ့သောမြေလွှတ်၊ မြေလပ်နှင့်မြေရိုင်းများ၊ ပယ်ဖျက်ပြီး စားကျက်မြေများ၊ ပယ်ဖျက်ပြီး သစ်တောမြေများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ပြန်လည်စွန့်လွှတ်၍ တောင်သူများသို့ ပြန်လည်ပေးအပ်လိုခြင်း။
- ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်းအမိန့်ထုတ်ပြန်ခြင်းမရှိဘဲ သိမ်းယူခဲ့သည့် လယ်မြေများအတွက် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ သို့မဟုတ် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့အရ အခြားနည်းအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေများနှင့် မြေစာရင်းပုံစံ ၁၀၅ ဖြင့် သက်သေခံ မြေပုံရေးကူးခွင့်ရရှိထားသည့် သိမ်းယူထားသော လယ်ယာမြေများကို စွန့်လွှတ်အပ်နှံစေလိုခြင်း။
- မြေအငြင်းပွားမှုနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအရ ဌာနဆိုင်ရာ/ကုမ္ပဏီ/ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ခွင့်ပြုခဲ့သည့် မြေလွှတ်၊မြေလပ်နဲ့မြေရိုင်းများတွင် ဦးပိုင်မပေါက်သော်လည်း စားဝတ်နေရေးအတွက် မူလကတည်းက တောင်သူများ ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခဲ့သော ခိုင်မြဲပြီးဖြစ်သည့် လယ်ယာမြေများပါဝင်သဖြင့် ပြန်လည်ပေးအပ်လိုခြင်း။
- သစ်တောမြေနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်အပ်နှံလိုခြင်း၊ မြေအငြင်းပွားမှုများနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအရ တောင်သူများသို့ စားကျက်မြေအမည်ပေါက် လယ်ယာမြေများကို ပြန်လည်ပေးအပ်လိုခြင်း။
- သက်ဆိုင်ရာတောင်သူများသို့ မြေလျော်ကြေး၊ သီးနှံနှင့်အဆောက်အအုံအတွက် နစ်နာကြေးနှင့် အခြားထောက်ပံ့ကြေးများပေးဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ခြင်း စသည့်အချက်များကို တွေ့ရှိရပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများနှင့် ပတ်သက်၍ ပြည်သူများ နစ်နာမှုမရှိစေရန် ပြည်ထောင်စုလွှတ်တော်နာယကမှ နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာများတွင် တိုင်ကြားစာ၊ အသနားခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်မှ ဥပဒေနဲ့အညီ ပြည့်စုံ၍မှန်ကန်ပြီး အရည်အချင်းရှိသည့် သက်သေခံချက်များနှင့် တရားမျှတစွာ အလေးထားဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မြေပြဿနာအများစုဟာ ယခင် ကာလများမှ ဆောင်ရွက်ချက်များကို အခြေခံပြီးဖြစ်ပွားနေကြောင်း၊ အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ကောင်းမွေ့ ဆိုးမွေတွေကို လက်ခံပြီး ပြဿနာများကို ကောင်းစွာဖြေရှင်းနိုင်သည့် စွမ်းရည်ရှိ ရမည်ဖြစ်သည့်အပြင် အဆိုပါကိစ္စရပ်များကို လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုဘဲ စီမံခန့်ခွဲပေးရန်လိုအပ်ကြောင်းဖြင့် ဖော်ပြပါရှိခဲ့ပါကြောင်း။

ဤနေရာတွင် နိုင်ငံတော်အစိုးရ၏ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မှုများကို တင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရ သစ်တာဝန်ယူချိန်မှစ၍ နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး စနစ်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထု၏ စားဝတ်နေရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်၊ နေ့စဉ်လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြို့ရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ လုပ်ဆောင်နိုင်ရန် မြေအသုံးချမှု မူဝါဒနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကို စနစ်တကျအကောင်အထည်ဖော်ရန် မြေယာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၁၉-၈-၂၀၁၃ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားမှာ "မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိနေသော်လည်း ယနေ့ဆင်းရဲနွမ်းပါးမှုနှုန်းများနေကြကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး ကျေးလက်နေပြည်သူများသည် ဆင်းရဲနွမ်းပါးမှု အများဆုံးဖြစ်ကြောင်း၊ အဓိကအလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြစ်ပြီး လက်လုပ်လက်စားသမားအချို့သည်လည်း ယင်းလယ်ယာလုပ်ငန်းပေါ်တွင် မှီခိုအားထားနေရပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသာ ကျေးလက်ဒေသဖွံ့ဖြိုးမည်ဖြစ်၍ လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း"ဖြင့် မိန့်ကြားခဲ့ပါကြောင်း၊ လယ်ယာကဏ္ဍကို လက်ရှိအခြေအနေထက် ပိုမိုတိုးတက်အောင် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို စိတ်ဓာတ်၊ လယ်ယာမြေပုံသဏ္ဌာန်၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့်၊ စက်မှုလယ်ယာနဲ့ စိုက်နည်းစနစ်ပြောင်းလဲခြင်းဆိုတဲ့ ပြောင်းလဲမှု(၅)ရပ်နဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးသည့်အပိုင်း၊ ရိတ်သိမ်းသည့်အပိုင်း၊ သယ်ဆောင်သည့်အပိုင်း၊ ကြိတ်ခွဲသည့်အပိုင်း၊ တင်ပို့ရောင်းချသည့်အပိုင်းအထိ (Supply Chain)တစ်ခုလုံး စဉ်းစားတွက်ချက်ပြီး တောင်သူလယ်သမားများ အမှန်တကယ်အကျိုးရှိအောင် အလေးထားစီမံပေးလျက်ရှိပါကြောင်း။

လယ်ယာကဏ္ဍ တောင်သူလယ်သမားအကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် လယ်ယာမြေဥပဒေရေးဆွဲပြဋ္ဌာန်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူသည် လယ်ယာမြေကို အားလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊ အမွေဆက်ခံပိုင်ခွင့်များရရှိပြီးဖြစ်ပါကြောင်း၊ ဘဏ်များမှတစ်ဆင့် လယ်ယာကုန်ထုတ်လုပ်မှုစရိတ်များအတွက် လုံလောက်အောင်ချေးငှားယူနိုင်သည့်အားသာချက်များလည်းရှိလာပါကြောင်း။

ထို့ပြင် လယ်ယာလုပ်ငန်းဖြင့် အမှန်တကယ်အသက်မွေးဝမ်းကျောင်းပြုနေသော်လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မှတ်ပုံတင်ရယူခွင့်မရှိသည့် လယ်မဲ့ယာမဲ့ပြည်သူများကိုလည်း ဥပဒေနှင့်အညီလယ်ယာမြေများချထားစီမံပေးရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့သည့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဆင့်ဆင့်မှာ မြို့ကွက်ရွာကွက်များ စနစ်တကျထူထောင်နေရာချထားရေးနှင့် လုပ်ကိုင်စားသောက်ရန်လယ်ယာမြေများ စီမံဖော်ထုတ်ရေးကို အလေးထားလုပ်ဆောင်ပြီး မြေမဲ့ယာမဲ့ပြည်သူများ မြေနှင့်ယာနှင့်ဖြစ်စေရေးဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုမြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတမှ တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းရာတွင် မြေသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် မြေအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် မြေမူဝါဒနှင့်ပတ်သက်ပြီး

- **တပ်မတော်က တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ်သိမ်းဆည်းထားတဲ့မြေတွေမှာ အရပ်သားတွေကို သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်။**
- **တပ်၊ ဌာနချုပ်များရဲ့ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်းလိုအပ်ချက်တွေအတွက် အမှန်တကယ်လိုအပ်တဲ့ အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာ တိုင်းထွာတွက်ချက်ရယူဆောင်ရွက်သွားရန်။**
- **နိုင်ငံအတွင်းရှိ နေရာအနှံ့အပြားနဲ့ လွှတ်တော်အသီးသီးမှာ သိမ်းဆည်းခံထားရတဲ့မြေများ ပြန်လည်ရရှိရေးနဲ့ပတ်သက်ပြီး နည်းမျိုးစုံဖြင့် တောင်းဆိုမှုအပေါ် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်တဲ့ မြေဧရိယာအကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်တွေထံ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန်။**

တို့ကို လမ်းညွှန်ခဲ့ပါကြောင်း၊ ယင်းလမ်းညွှန်ချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနအတွက် ဆိုသော်လည်း အခြားဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအတွက်ပါ အကျုံးဝင်ပါကြောင်း။

အဆိုပါ လမ်းညွှန်ချက်အတိုင်း သိမ်းဆည်းခံမြေယာအငြင်းပွားမှုများအတွက် ဒုတိယသမ္မတဦးဆောင်သည့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတို့ကို အသီးသီးတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ကော်မတီများဖွဲ့စည်းရာမှာလည်း ရပ်ကွက်ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်များမှ ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များကို ထည့်သွင်းထားပြီး ပကတိအခြေအနေမှန်များနှင့် ထင်ဟပ်သော လူထုဆန္ဒသဘောထားနှင့်အညီ ညှိနှိုင်းဖြေရှင်းနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးထားပါကြောင်း၊ ကော်မတီအဆင့်ဆင့်ရဲ့လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းပေးထားပြီး လယ်ယာမြေဥပဒေ(၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁)၊ လယ်ယာမြေနည်းဥပဒေ (၂၀၁၂ ခုနှစ်)၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများ (၂၀၁၂ ခုနှစ်)နှင့် မြေကိုစီမံခန့်ခွဲလျက်ရှိသော ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီများက ကျင့်သုံးလျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ထို့အပြင် ဆိုင်ရာနယ်မြေအလိုက် လူထုရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကော်မတီအစည်းအဝေးများသို့ ဖိတ်ကြားတက်ရောက်စေပြီး သဘောထားအမြင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြဖို့လည်း လိုအပ်ပါကြောင်း၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့်အဆင့်ဆင့်သော မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် မြေသိမ်းဆည်းခြင်း၊ မြေအငြင်းပွားမှု ဖြေရှင်းခြင်းများ ဆောင်ရွက်သည့်အခါမှာ မြေမူဝါဒနှင့်အညီ ဆောင်ရွက်ပေးရန်နှင့်စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်းသုံးပိုင်းမှာပါဝင်သည့် အချက်များကို အလေးထားပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးသွားရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသူများကို မြေအသုံးချမှုစီမံခန့်ခွဲရေး လုပ်ငန်းများ လုပ်ကိုင်ရာမှာ ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းများကို ဖွင့်လှစ်ပို့ချရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း လူအများစုရုံးနေထိုင်ရာ အရပ်ဒေသများဖြစ်သည့် မြို့နှင့်ကျေးရွာများ စနစ်တကျရှိစေရန်နှင့် လယ်ယာမြေအုပ်ချုပ်ရေးနှင့် အခွန်စည်းကြပ်ကောက်ခံရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားရှိပြီး မြေအသုံးချမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများက စီစဉ်စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြို့မြေ၊ ရွာမြေ၊ သာသနာ့မြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံမြေနှင့် စားကျက်မြေကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောမြေကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဓာတ်သတ္တုကန့်သတ်နယ်မြေနှင့် ရတနာနယ်မြေကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော မြေကွက်များကိုလည်းကောင်း၊ စည်ပင်သာယာရေးကော်မတီများမှ စည်ပင်သာယာရေးနယ်နိမိတ်မြေနှင့် အရန်မြေများကို လည်းကောင်း အသီးသီးစီမံခန့်ခွဲလျက်ရှိပါကြောင်း။

ယင်းမြေများကို တည်ဆဲဥပဒေများအရ အဆင့်ဆင့်စီမံခန့်ခွဲအုပ်ချုပ်ရာမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အများပြည်သူအကျိုးငှာ မြေအသုံးချရန် ရည်ရွယ်၍ မြေသိမ်းခြင်း၊ မြေလွှဲခြင်းလုပ်ငန်းများကို မလွဲမရှောင်သာ ဆောင်ရွက်ခဲ့ရပါကလည်း ယင်းလုပ်ငန်းစဉ်များတွင် ပြည်သူများဘက်မှ နစ်နာမှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် စနစ်တကျစီမံခန့်ခွဲပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှုပြုပြင်ပြောင်းလဲရေးအခြေခံအချက်များဖြစ်သည့်-

(က) ပြည်သူများအား မြန်ဆန်မြီးအဆင်ပြေချောမွေ့စေသည့် ကျေနပ်ဖွယ်ရှိသော ဝန်ဆောင်မှုများဆောင်ရွက်ပေးရန်။

(ခ) အစိုးရရုံးဌာနများအတွင်း တင်းကျပ်သော ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းများကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အဟန့်အတား ဖြစ်နေသော ကြိုးနီစနစ်ဖယ်ရှားရန်။

(ဂ) လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်ရန် ရည်ရွယ်လျက် ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန်။

(ဃ) နိုင်ငံတော်သည် ပြည်သူ့ဝန်ထမ်း အရာထမ်းနှင့်အမှုထမ်းများ အကြား ရိုးသားဖြောင့်မတ်မှုဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တာဝန်သိမှုနှင့် တာဝန်ခံမှုရှိစေရန်။

(င) ပြည်သူများနှင့်ဆက်ဆံဆောင်ရွက်ရာတွင် တန်ဖိုးထားတတ်မှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်။

(စ) ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်။

စသည့်အချက်များအပေါ် အခြေခံပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဦးမြင့်လှိုင်တို့က ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြေယာစီမံခန့်ခွဲမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌတို့က မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိုင်ငံချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများမှီခိုအသက်မွေးဝမ်းကျောင်းပြုနေရသည့် လယ်ယာမြေများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မည်သည့်အရေးကိစ္စမဆိုဖြေရှင်းဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးကို အဓိကထားပြီး ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံးသည် တရားဥပဒေစိုးမိုးမှုအောက်တွင် တူညီသောအခွင့်အရေးများရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြေယာကိစ္စရပ်များကိုဖြေရှင်းရာတွင် ခိုင်မာသည့်ကျိုးကြောင်းဖော်ပြချက်များနှင့်အညီ တင်ပြကြရန်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တရားဥပဒေနှင့်အညီ ပွင့်လင်းမြင်သာသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုအပ်ပြီး မိမိတို့၏ဆောင်ရွက်ပေးနေမှုများကို ပြည်သူများအား အသိပေးပြောကြားရမည်ဖြစ်ပါကြောင်း၊ အမှုတွဲများကို မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်ဖြစ်အောင် အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လက်နက်ဖျက်သိမ်းရေးညီလာခံနှင့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးများသို့ တက်ရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ပြုလုပ်သည့် လက်နက်ဖျက်သိမ်းရေး ညီလာခံနှင့် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများသို့ တက်ရောက်ရန်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ပြုလုပ်မည့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံမှ စက်တင်ဘာ ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ဂျီနီဗာမြို့သို့ ၁၁ ရက်တွင် ရောက်ရှိသည်။

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၁၂ ရက်တွင် ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ပြုလုပ်သည့် လက်နက်ဖျက်သိမ်းရေး ညီလာခံ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)** ယင်းသို့ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေး ကိစ္စများကို နိုင်ငံများ ပါဝင်ဆွေးနွေးရန် ထူထောင်ထားသည့် တစ်ခုတည်းသောဖိုရမ်ဖြစ်သော လက်နက်ဖျက်သိမ်းရေး ညီလာခံကို ထောက်ခံအလေးထားကြောင်း၊ အဏုမြူလက်နက်ဖျက်သိမ်းရေးကို မြန်မာနိုင်ငံက အဓိကဦးစားပေးကြောင်း၊ မြန်မာနိုင်ငံက နှစ်စဉ်ကုလသမဂ္ဂ အထွေထွေညီလာခံ တင်သွင်းသည့် အဏုမြူလက်နက် ဖျက်သိမ်းရေး ဆိုင်ရာ ဆုံးဖြတ်ချက်ကို ဆက်လက်ထောက်ခံပေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ယခုအခါ ခေတ်သစ်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို အချိန်တိုအတွင်းအောင်မြင်စွာ ပြုလုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံနှုန်း၊ လုပ်ထုံးလုပ်နည်းများနှင့် မညီသည့် ပြည်တွင်းဥပဒေများကို ပြန်လည် သုံးသပ်လျက်ရှိရာတွင် လက်နက် ဖျက်သိမ်းရေးဆိုင်ရာ စာချုပ်များလည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီနှင့် ချုပ်ဆိုထားသည့် စိစစ်ကြပ်မတ်ရေး ဆိုင်ရာစာချုပ်၏ နောက်ဆက်တွဲ စာချုပ်တစ်ရပ်ကို မကြာမီလက်မှတ်ရေးထိုးရန် ရှိကြောင်း စသည်ဖြင့် ထည့်သွင်းဖော်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအဆောက်အအုံ ဧည့်ခန်းမ၌ ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးညီလာခံ အတွင်း ရေးမှူးချုပ်နှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကာဆန် ဗျော်မတ် တိုကာယဝ်အား တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နယူးဇီလန်အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး မစ္စစ်အာမန်ဒါ အဲလစ်နှင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ ရုံးဌာနတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုဏ္ဍထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

အမျိုးသားလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပုလဲရတနာခန်းမ၌ကျင်းပသည့် သုံးခွမြို့နယ်အတွင်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများအနေဖြင့် ရည်မှန်းချက်ထားပြီး ယခုထက်ပို၍ ကြိုးစားကြစေချင်ကြောင်း၊ နည်းပညာခေတ်တွင် နည်းပညာနှင့် သက်ဆိုင်သည့်ပညာရပ်များကို အလေးထားလေ့လာစေချင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အားပေးကူညီနေပါကြောင်းဖြင့် ပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင်ငါးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

**အမျိုးသားလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း သုံးခွမြို့နယ်အတွင်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ အဏုမြူလက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေး နိုင်ငံတကာမျက်နှာစာ၌ အစဉ်တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ-အိုင်အေအီးအေတို့အကြား စိစစ်ကြပ်မတ်ရေးဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ အိုင်အေအီးအေဌာနချုပ်၌ ယမန်နေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ယူကီယာ အမာနိုတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံသည် ဖော်ပြပါနောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေးအတွက် ပြည်တွင်းဥပဒေတစ်ရပ်ပြုစုရေး၊ စာချုပ်အကောင်အထည်ဖော်ရေး ဆိုင်ရာ အမျိုးသားအာဏာပိုင် အဖွဲ့တစ်ရပ် ထူထောင်ရေး၊ အဏုမြူပစ္စည်းများ စာရင်းသွင်းခြင်းနှင့် ထိန်းချုပ်ခြင်း ဆိုင်ရာစနစ်တစ်ရပ် ထူထောင်ရေး စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ဆဲဖြစ်သည်။ ဤလုပ်ငန်းစဉ်များ ပြည့်စုံပသည့်အခါတွင် အိုင်အေအီးအေသို့ စာချုပ်အာဏာ စတင်သက်ဝင်နိုင်ရန် အကြောင်းကြားစာ ပေးပို့မည်ဖြစ်သည်။ ထိုသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ပြီးမှသာ ယခုလက်မှတ်ရေးထိုးသည့် နောက်ဆက်တွဲစာချုပ် အာဏာသက်ဝင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အဏုမြူပါ ရည်မှန်းချက်များကို အထောက်အကူပြုသည်ဖြစ်ရာ စာချုပ်အကောင်အထည်ဖော်နိုင်ရေးအတွက်အိုင်အေအီးအေ အပါအဝင် နိုင်ငံတကာနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် Logo Design Competition ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

အစ္စရေးနိုင်ငံနှင့် မြန်မာနိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသည့် Logo Design Competition ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar က မြန်မာနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့၏ သံတမန်ဆက်သွယ်ရေးထူထောင်ခဲ့သည်မှာ နှစ် (၆၀)ပြည့်ပြီဖြစ်ပါကြောင်း၊ ယခု ကျင်းပသော အခမ်းအနားသည် ပါရမီရှင်လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၏ ချစ်ကြည်ရေးကိုဖော်ကျူးသည့် ပြိုင်ပွဲဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် ၃၅ ဦးထက်မကပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲတွင် ဆုများကို ခက်ခဲစွာရွေးချယ်ရပါကြောင်း၊ ဆုရ Logo များကိုလည်း လာမည့်နှစ်မှာ အစ္စရေးသံရုံး၏ တရားဝင်ရုံးသုံး ဆက်သွယ်မှုများ အဖြစ် သုံးစွဲသွားမှာဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ယခုပြိုင်ပွဲတွင် မြန်မာလူငယ်များ၏စွမ်းရည်ကို ဖော်ပြခွင့်ရသော ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယခု Logo ပြိုင်ပွဲသည် အစ္စရေး-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး အခွန်နှ့ရှည်စေ၍ အစ္စရေးနိုင်ငံ ပြည်သူများနှင့် မြန်မာနိုင်ငံရှိ ပြည်သူတို့အကြား ပိုမိုရင်းနှီးချစ်ကြည်စေလိုသော ပုံရိပ်ကို ထင်ဟပ်စေမည့် အမှတ်တံဆိပ်များ ပင်ဖြစ်ပါကြောင်း၊ လူငယ်များအတွင်း နှစ်နိုင်ငံအကြား ပိုမိုချစ်ခင်ကြည်ဖြူမှုကို သိရှိနားလည်စေသည့် ပြိုင်ပွဲဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ Logo Design Competition ပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်ခိုင်(ဒီဇိုင်နာ) ရန်ကုန် **(အပေါ်ပုံ)**၊ ဒုတိယဆုရ မောင်အောင်ကိုလွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)၊ တတိယဆုရ မောင်ဇင်မောင်မောင် ဒုဦးစီးမှူး (ပြန်ကြားရေးဝန်ကြီးဌာန)၊ စတုတ္ထဆုရ မောင်သန်းထိုက်ဦး (ကွန်ပျူတာတက္ကသိုလ် - ဗန်းမော်) တို့အားတာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့်စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial-2 (DVB-T2)သို့ ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free To Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော် (ပျဉ်းမနား)ရှိ စက်ရုံသုံးရုံမှ အောက်တိုဘာ ၁၅ ရက်မှစတင်၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် ၂၀၁၃ ခုနှစ်နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လွိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသံတာ၊ ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကိုလည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကိုလည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2)ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2,MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့် လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များ တပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေ့စဉ်နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International(MI Channel)၊ လွတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း (National races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း(Farmers Channel)စသဖြင့် ရုပ်သံလိုင်းငါးလိုင်းကို Free To Air စနစ်ဖြင့် ကနဦး ထည့်သွင်းထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများ အပါအဝင် ချန်နယ်များကို တိုးချဲ့ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ် ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# လုံခြုံရေးအကြောင်းပြစစ်မေးရ ငွေကြေးတောင်းခံပါက တိုင်ကြားနိုင်

**မန္တလေး စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၇ ရက်က ကျင်းပသည့်မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးအောင်ကျော်မိုးက "လုံခြုံရေး အကြောင်းပြစစ်ဆေး၍ ငွေကြေးတောင်းခံခြင်းကိစ္စ ဖြစ်ပွားလာပါက ဖြစ်ပွားသည့်နေရာ၊ နေ့ရက်၊ အချိန်၊ မော်တော်ယာဉ်နံပါတ်နှင့်အတူ နစ်နာသူ မော်တော်ယာဉ်ပိုင်ရှင်များ အနေဖြင့် မှန်မှန်ကန်ကန်တိုင်ကြားလာပါက အမြန်ဆုံးစုံစမ်းစစ်ဆေးပြီး မှန်ကန်မှုရှိကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ဟု ပြောကြားသွားသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပြေဝင်း၏ မန္တလေးမြို့မှ နယ်မြို့များသို့ ခရီးသည်ပို့ဆောင်နေသောယာဉ်များ၊ ကုန်တင်ပို့နေသောယာဉ်များစစ်ဆေးမှုနှင့်ပတ်သက်၍ ငွေကြေးတောင်းခံခြင်းများရှိနေခြင်းကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ဖြေကြားသွားခြင်းဖြစ်ပြီး "လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ငွေကြေးတောင်းခံသူများရှိပါက နစ်နာသူမှ တိုင်ကြားခွင့်ရှိ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် အထက်ပါဖြစ်စဉ်မျိုးဖြစ်ပွားမှုကို ကြားသိရပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသို့ ဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဖြစ်စေ ဆက်သွယ်သတင်းပေးပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံကြောင်း" ဖြင့်လည်း ဝန်ကြီးကထည့်သွင်းဖြေကြားသွားသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်များကို မလိုအပ်ဘဲ တားဆီးခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်း၊ ပိတ်ဆို့ရှာဖွေခြင်းတို့အတွက် စစ်ဆေးရေးဂိတ်များထားရှိခြင်းမရှိဘဲ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းအဖွဲ့များဖြင့်သာ နယ်မြေအတွင်းစိုးမိုးဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးနှင့် အခြားကိစ္စများအတွက် လိုအပ်ချက်အရ စစ်ဆေးဆောင်ရွက်မှုများရှိပါက ငွေကြေးတောင်းခံခြင်းများမရှိစေရေ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာတို့တွင် မှောင်ခိုသစ်ကားများ ဖြတ်သန်းသွားလာနေကြောင်း သတင်းရရှိမှုပေါ်မူတည်၍ အဖွဲ့စုံဖြင့် စစ်ဆေးမှုများရှိခဲ့ပြီး တရားမဝင်သစ်ကားများဖမ်းဆီးရမိမှုများရှိခဲ့ကြောင်း သိရသည်။

**ဒီစီအီး(မန္တလေး)**

# ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတင်းတိုများကောက်နုတ်ချက်

**မန္တလေး စက်တင်ဘာ ၁၈**

➢ မတ္တရာမြို့နယ် ငယ်တိုးကျေးရွာအုပ်စု သဖန်းဒေါင့်ကျေးရွာတွင် တိုးတက်လာသော နယ်မြေအခြေအနေနှင့်လူဦးရေအရ နယ်မြေလုံခြုံရေးရဲကင်းဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လုံလောက်သောတပ်ဖွဲ့ဝင်အင်အားဖြင့် ခွင့်ပြုချက်ရရှိပါက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးမည်။

➢ မလှိုင်မြို့နယ် မြို့လယ်လမ်းမကြီး၏ လမ်းအကျယ် ၃၃ ပေအား လမ်းဘေး ၀/ယာရှိ လူသွားစင်္ကြံများနှင့် ကျူးကျော်စေးဆိုင်များဖယ်ရှားပြီး ၁၀ ပေခန့် လမ်းချဲ့ပေးနိုင်ရန် လူသွားစင်္ကြံများ နောက်ဆုတ်ချဲ့ဆောင်ရွက်စေမည်ဖြစ်ပြီးရရှိမည့် ၁၀ ပေအကျယ်အဝန်းကို ကတ္တရာလမ်းခင်းပေးရေးကိစ္စစီစဉ်ဆောင်ရွက်ပေးမည်။

➢ မြစ်သားမြို့နယ် ဆူးလေကုန်းကျေးရွာနှင့် ဂဠုန်ကန်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများကို အဆင့်တိုးမြှင့်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်။

➢ ညောင်ဦးဆေးရုံအတွက် လိုအပ်နေသော ခုတင်(၂၀)ကို ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် သြဂုတ်လတွင် ထုတ်ပေးခဲ့ပြီးဖြစ်သည်။ လူနာဆောင်၊ ဓာတ်ခွဲခန်းနှင့်ဆေးစတိုးအဆောက်အအုံများ လိုအပ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်သည်။

**ဒီစီအီး(မန္တလေး)**

# စဉ်ကိုင်မြို့နယ် ရေဘေးသင့်ပြည်သူများအား အဝတ်အထည်နှင့်ဆန်များ ဆက်လက်ထောက်ပံ့

**စဉ်ကိုင် စက်တင်ဘာ ၁၈**

ဒုဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် စဉ်ကိုင်မြို့နယ်အတွင်း ကျေးရွာများ ရေဝင်ရောက်ခဲ့ခြင်းကြောင့် အိမ်ခြေအချို့ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည့် ရေဘေးသင့်ပြည်သူများကို ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်က အဝတ်အထည်၊ ဆန်နှင့် သောက်ရေသန့်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

ရေဘေးသင့်ပြည်သူများအတွက် လပခ(၃)ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းဦး၊ ကျောက်ဆည်ခရိုင် တပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဦး ဦးစီးပြီး ပလပ်အုပ်စုမှ ရေဘေးသင့်အိမ်ခြေ ၃၁၅ အိမ်အတွက် အဝတ်အစားဘေထုပ်သုံးထုပ်နှင့် ထမင်းထုပ်ပေါင်း ၁၀၇၂ ထုပ်၊ သောက်ရေသန့် ၁၀၇၂ ဘူး၊ မြောက်ကိုင်းအုပ်စု ရေဘေးသင့်အိမ်ခြေ ၁၃၆ အိမ်အတွက် အဝတ်အစားဘေထုပ်နှစ်ထုပ်နှင့် ထမင်းထုပ် ၅၉၃ ထုပ်၊ သောက်ရေသန့် ၅၉၃ ဘူး၊ စဉ်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး လှမြင့်နှင့် ဆန်စက်ပိုင်ရှင်များအသင်းမှ ဦးခင်မောင်ဦး၊ ဦးမြင့်ဆွေတို့က ပလပ်အုပ်စုနှင့် မြောက်ကိုင်း အုပ်စုမှ ရေဘေးသင့်အိမ်ခြေ ၄၅၁အိမ်အတွက် ဆန်တစ်တင်းခွဲဝင် အိတ် ၂၀ နှင့် ၁၂ ပြည်၊ စဉ်ကိုင်မြို့နယ်မှ ဦးကျော်ကျော်စိုးမိသားစုကပလပ်ရဲစခန်းအုပ်ချုပ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ် ၅၀၀ တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းကြရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံဝေငှခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ကမ္ဘာလှည့်ခရီးသွားလည့်သည် ၁၈၈ ဦး ဦးပိန်တံတား လာရောက်လေ့လာ

**အမရပူရ စက်တင်ဘာ ၁၈**

နိုင်ငံကျော် ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးအား ယခုလို မြစ်ရေကြီးချိန်တွင် မြန်မာပြည်အရပ်ရပ်သာမက ပြည်ပနိုင်ငံ ကိုးနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် ၁၈၈ ဦး ယနေ့လာရောက်ကြောင်း သိရသည်။ ပြင်သစ် ကျား ၂၀ ၊ မ ၁၀ ဦး၊ စပိန် ကျား ၁၅ ဦး၊ အီတလီ ကျားကိုးဦး၊ မ ၁၀ ဦး၊ ဩစတြေးလျ ကျား ၁၅ ဦး၊ မ ၂၀ ၊ ဂျပန် ကျား ခြောက်ဦး၊ မ လေးဦး၊ ယိုးဒယား ကျား ကိုးဦး၊ မကိုးဦး၊ ဂျာမန် ကျား ၁၀ ဦး၊ မ ကိုးဦး၊ တရုတ် ကျား ကိုးဦး၊ မ ရှစ်ဦးနှင့် ကနေဒါ ကျား ၁၀ ဦး၊ မ ငါးဦး တောင်သမန်အင်း ပေါ်ရှိ ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကို စက်တင်ဘာ ၁၈ ရက်တွင် လာရောက်လေ့လာကြကြောင်းနှင့် ငှက်လှေစီးလိုပါက ငှက်လှေတစ်စင်းကို မြန်မာငွေကျပ် ၅၀၀၀ နှင့် ငှားရမ်းကြောင်း တောင်သမန်အင်းငှက်လှေအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းထံမှ သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ဒုဋ္ဌဝတီမြစ်ရေတိုက်စားမှုကြောင့် စဉ်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာတွင် ကမ်းပါးပြို

**စဉ်ကိုင် စက်တင်ဘာ ၁၈**

မိုးသည်းထန်စွာ ရက်ရှည်ရွာသွန်းသဖြင့် ဒုဋ္ဌဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်ကာ ရေကြီးပြီး ရေတိုက်စားမှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စဉ်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာတွင် ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျလျက်ရှိရာ မြစ်ကမ်းဘေးရှိ အိမ်အချို့ စိုးရိမ်ရသော အခြေအနေရှိကြောင်း သိရသည်။

မြစ်ရေကြီးမှုကြောင့် ကမ်းပါးပြိုမှုသည် ၁၀ပေခန့် မြစ်အတွင်းသို့ရောက်ရှိသွားပြီး အိမ်တစ်လုံးပြောင်းရွှေ့ထားကြောင်း၊ ၁၇ အိမ်မှာ စိုးရိမ်ရသောအခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း၊ ပြောင်းရွှေ့သွားသော အိမ်ရှင်သည် မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့ထားခြင်းဖြစ်ကြောင်း၊ ကျန်စိုးရိမ်ရသော အိမ်များကိုလည်းပြောင်းရွှေ့နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းလျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ညောင်ဦးတွင် ရေဘေးသင့်ပြည်သူ ၂၀၄၅ ဦး အချိန်မီ ပြောင်းရွှေ့ပေးနိုင်ခဲ့

**ညောင်ဦး စက်တင်ဘာ ၁၈**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ကျေးရွာများမှ ပြည်သူများကို ရေလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ရာတွင် စက်တင်ဘာ ၁၅ ရက်က ဆယ်လံကျေးရွာရှိ အိမ်ထောင်စု ၂၄၃ စု၊ လူဦးရေ ၁၁၀၀ တို့ကို ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီးနောက် စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြို့နယ်အတွင်းရှိ မြစ်ကမ်းနံဘေးရပ်ကွက်များနှင့်အခြားကျွန်းရွာများမှ ရေဘေးသင့်ပြည်သူများ အပါအဝင် စုစုပေါင်းအိမ်ထောင်စု ၄၉၃ စု၊ လူဦးရေ ၂၀၄၅ ဦးအား သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းအသီးသီးသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ထို့အပြင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်မှုဖြင့်အိမ်ထောင်စု တစ်စုလျှင် ဆန်လေးပြည်နှုန်းဖြင့် ဆန်အိတ်ပေါင်း ၈၂ အိတ်နှင့်အခြားအသုံးအဆောင်ပစ္စည်းများ၊ ရေဘေးသင့်ပြည်သူများ လုံခြုံရေးအတွက်ယာယီရွက်ဖျင်တဲ ၁၀၀ တို့ကို ဝေငှပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# တဲအတွင်းနေစဉ် မီးကြိုးပစ်ခံရ၍ သေဆုံး

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အင်းကောင်းကျေးရွာအုပ်စု တင်ငုတ်ကြီးကျေးရွာ တောတိုက်တဲအတွင်းနေထိုင်နေစဉ် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက မိုးကြိုးပစ်ခံရ၍ သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ဒုရဲအုပ်စိုးလွင်အောင်သည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးရာ သေဆုံးသူမောင်လွင် (၃၇ နှစ်)၊ သမီးမအေးပွား (၁၈ နှစ်)၊ မအေးထွေး (၁၆ နှစ်)၊ သားလူမော် (၁၃) နှစ်တို့နှင့်အတူတဲအတွင်းရှိနေစဉ် တဲခေါင်တိုင်ကိုမိုးကြိုးပစ်ချရာ တဲအတွင်းနေထိုင်နေသော ကိုမောင်လွင်မှာ ဝဲဘက်နဖူးပေါက်ပြဒဏ်ရာတစ်ချက်၊ ဦးခေါင်းထိပ်ဆံပင် မီးလောင်ထားပြီး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သာသနပါလကဘုံဆွမ်းလောင်းအသင်း ဆွမ်းလောင်းလှူ

**ပုသိမ်ကြီး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရပ်ကွက်များသည် ဘုံဆွမ်းလောင်းအသင်းများဖွဲ့ထား၍ သံယာတော်များကို ဆွမ်းဟင်း၊ ဆွမ်းထမင်းများ လောင်းလှူကြသည်။ ရန်ကင်းသာယာရပ်ကွက် သာသနပါလကဘုံဆွမ်းလောင်းအသင်းလည်း အပါအဝင်ဖြစ်သည်။ အဆိုပါအသင်းသည် လစဉ် လဝက်နှင့် လကုန်ရက်များတွင် နေ့စဉ် နံနက် ၅ နာရီမှ စတင်၍ သံယာတော်များကို ဆွမ်းဟင်း၊ ဆွမ်းထမင်းများ လောင်းလှူကြသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# အခြေခံပညာကျောင်းများတွင် ကာယပညာသင်ကြား

**မန္တလေး စက်တင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများတွင် ကာယပညာသင်ကြားမှုကို မူလတန်းအဆင့်တွင် တစ်ပတ်လျှင်လေးကြိမ်၊ အလယ်တန်းအဆင့်တွင် တစ်ပတ်လျှင် နှစ်ကြိမ်၊ အထက်တန်းအဆင့်တွင် တစ်ပတ်လျှင်တစ်ကြိမ် အနီးကပ်ကြပ်မတ်တာဝန်ယူ၍ သင်ကြားလျက်ရှိကြောင်း သိရသည်။

တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကိုလည်း သတ်မှတ်အချိန်ဇယားများအတိုင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲသင်ကြားစေလျက်ရှိပြီး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင်လည်း နိုင်ငံတော်၏ကျောင်းများနည်းတူ ကာယပညာနှင့်တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို သင်ကြားရန်၊ နံနက်တိုင်း နိုင်ငံတော်သီချင်းကို လည်းသီဆိုစေရန် ညွှန်ကြားထားပြီးဖြစ်သည်။

**ဆောင်ရွက်လျက်ရှိ**

တိုင်းဒေသကြီးပညာရေး၊ ညွှန်ကြားရေးမှူးရုံး စစ်ဆေးရေးအဖွဲ့များက တစ်နှစ်လျှင်နှစ်ကြိမ် ကျောင်းအသီးသီးသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များကို ပထမအကြိမ်စစ်ဆေးတွေ့ရှိချက်များတွင် မှာကြားဖော်ပြခဲ့၍ ဒုတိယအကြိမ်စစ်ဆေးသည့်အခါ ဆောင်ရွက်မှုရှိ/မရှိထပ်မံစစ်ဆေးပြီး စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာများအရအဆင့်ဆင့်မှ ကြပ်မတ်၍ လိုအပ်ချက်များကို ပြန်လည်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၏မေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

**ဒီစီအီး(မန္တလေး)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

◆ *ကျောဖုံးမှ*

ဆက်ဆံရေး အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ ခိုင်မာမှုရှိအောင်၊ တိုးတက်အောင်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ ဒီမိုကရေစီစနစ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ တပ်မတော်အနေဖြင့် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆက်လက်တိုးတက်ရန်သာရှိပြီး နောက်ဆုတ်ရန်မရှိပါကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက မိမိနိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိသဖြင့် ငြိမ်းချမ်းရေးရအောင် နှစ်ပေါင်းများစွာကပင် နည်းပေါင်းစုံဖြင့် ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဆောင်ရွက်၍သာ ဖြေရှင်းခြင်းဖြစ်ပြီး လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်အား မည်သည့်နိုင်ငံကမှ လက်မခံပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ခိုင်မာအောင်ဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းမှုရှိလာအောင် ဆောင်ရွက်နိုင်ပြီဆိုပါက ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအကောင်းဆုံးရှိချိန်၊ ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရရှိချိန်၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရသစ်တက်ချိန်၌ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးအား ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်က နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်သဖြင့် နယ်စပ်ပြဿနာများအား ပူးပေါင်းဆောင်ရွက်ဖြေရှင်းနိုင်ခဲ့ခြင်းကြောင့် ကျေးဇူးတင်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကိုလည်း ထိထိရောက်ရောက် ပူးပေါင်းနှိမ်နင်းဆောင်ရွက်သွားပါက ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ထိုင်းနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ကူညီမှုမရှိပါက အောင်မြင်မှုမရနိုင်သဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းအတိုင်းသွားလျက်ရှိသည်ကို သိရှိရ၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးတိုးတက်မှုကို ချီးကျူးဝမ်းမြောက်လျက်ရှိပါကြောင်း၊ HLC အစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးရှိလာမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရ တပ်မတော်နှင့် ပြည်သူတို့သည် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ နယ်နိမိတ်တိုင်းတာရေးအတွက် အမြန်ဆုံးပူးပေါင်းဆောင်ရွက် သွားလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၁၈ ရက်က (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာမြားပစ်အဖွဲ့၏ လက်ရည်စစ်ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ မြားပစ်ကွင်း၌ စတင်ကျင်းပရာ မြားပစ်အားကစားသမားများ ပြိုင်ပွဲဝင်နေကြစဉ်။**

ဓာတ်ပုံ-ကိုကိုစိုးညွန့်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ဗိုလ်တေဇလမ်းနှင့်အဝေမ်းလမ်းထောင့် ရန်ကုန်စက်မှုဇုန်(ဇေကမ္ဘာဝင်း)အကွက်အမှတ်(၁၈/၁၉)တွင် တည်ရှိသော အေဝမ်းအထည်ချုပ်စက်ရုံ၌ ယနေ့ နံနက်၁၁နာရီခွဲက အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၇ သန်း ဆုံးရှုံးခဲ့ရကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

## ရန်ကုန်စက်မှုဇုန်ရှိ အေဝမ်းအထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်

**သတင်း-စိန်လွင်အောင်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ-စိုးဝင်း(SP)**

အဆိုပါ စက်ရုံကြီး မီးစတင်လောင်ကျွမ်းမှုဖြစ်စဉ်သည် အပ်ချုပ်စက်ခန်းနှင့်မီးပူတိုက်သည့် အခန်းတို့ကို အပေါ်မျက်နှာကြက်အတွင်းမှ ဆက်သွယ်ထားသည့် ဝိုင်ယာကြိုးများ အပူလွန်ကဲမှုကြောင့် ဝိုင်ယာကြိုးများ ခံနိုင်ရည်မရှိဘဲ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးစတင်လောင်ကျွမ်းသည့် နံနက် ၁၁ နာရီခွဲမှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ မီးသတ်ကားစုစုပေါင်း ၄၇ စီး၊ မီးသတ်တပ်ဖွဲ့ဝင်သန္ဓေ ၂၉၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၂ ဦးတို့က မီးငြိမ်းသတ်ခဲ့ရာ **(အောက်ယာပုံ)** မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၂ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးများသော်လည်း အလုပ်သမားများနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ထိခိုက်မှုလုံးဝမရှိခဲ့ကြောင်း သိရသည်။ အဆိုပါစက်ရုံကြီးမှာ ပေ (၃၀၀×၁၂၀) ရှိပြီး စတီးလ်သံထည်များကို အများဆုံး အသုံးပြုဆောက်လုပ်ထားသည့် စက်ရုံကြီးဖြစ်သည်။

မီးလောင်မှုနှင့် ပတ်သက်ပြီး စက်ရုံမန်နေဂျာကို မင်္ဂလာဒုံမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

### သတိထားဖို့လို

မီးသုံးစွဲသည့်အခါ မိမိသုံးသည့် ပမာဏနှင့် သွယ်တန်းထားသည့် ကြိုးများ၏ ခံနိုင်ရည်ကို သတိထားကြဖို့လိုကြောင်း လျှပ်စစ်ပစ္စည်းများကို ခေတ်နှင့်အညီ အမျိုးမျိုးပြောင်းနေကြပြီး အသုံးပြုသည့် ကြိုး၏ခံနိုင်အားကို ချင့်ချိန်ရန် မေ့တတ်ကြကြောင်း၊ ထို့ကြောင့် အပူလွန်ကဲပြီး မီးလောင်မှုများ မကြာခဏဆိုသလို ဖြစ်နေရကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းက ပြောကြားသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)တင်ဒါအမှတ်-၄ (၂၀၁၃-၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် [illegible]ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် | |
|---|---|---|
| ၁။ ၆"-၉" မကျောက်ကြီး([illegible]) | (၇၁၅၂. ၇၅) ကျင်း | [illegible] |
| ၂။ ၆"-၉" ကျောက်ကြီး([illegible]) | ( ၈၀ ) ကျင်း | [illegible] |
| ၃။ ၆"-၉" ကျောက်ကြီး([illegible]) | ( ၅၂၀၀ ) ကျင်း | [illegible] |
| ၄။ ၆"-၉" ကျောက်ကြီး(နှမ်းကျောက်) | ( ၁၀၅၀ ) ကျင်း | [illegible] |
| ၅။ ၁"-၂" [illegible]ကျောက်(မန္တလေး) | (၄၂၆၀. ၂၅) ကျင်း | [illegible] |
| ၆။ ½"-¾" Chip(မန္တလေး) | (၁၉၂၈. ၅) ကျင်း | [illegible] |
| ၇။ ⅜"-½" Chip(မန္တလေး) | ( ၁၅၀၁ ) ကျင်း | [illegible] |

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၃၀-၉-၂၀၁၃ ရက် (၁၂:၀၀)နာရီ
တင်ဒါဖွင့်မည့်နေရာ - မအူပင်ခရိုင်၊ [illegible] ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း [illegible] မအူပင်မြို့
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁-၁၀-၂၀၁၃ ရက်(၁၂:၀၀)နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် [illegible] အောက်ဖော်ပြပါရုံးမှ [illegible] ရုံးချိန်အတွင်း [illegible] ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(ဖုန်း-၀၄၅-[illegible])

**မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)**
**ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေး**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ၂၈-၉-၂၀၁၃ (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉၊ သိပ်ပြုလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင် (ဘီ)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဗဟိုဦးစီးအဖွဲ့ဝင်များအား မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၀၀ C+D)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၁/ခ(၄) နှင့် ၁/ခ(၃)+(၂/ဃ) မြေဧရိယာ ၀ ဒသမ ၁၁၀+ ၀ ဒသမ ၁၂၂ ဧကရှိ မြေပိုင် မြေ (လ/န ၃၉)ရှိပြီး မြေကွက်နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၃၃/၂၀၁၂)အရ လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါက်တာနိုင်ဝင်း ၁၃/ကမန(နိုင်)၀၀၃၈၈၈ က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ(LL.B)** | **ဒေါ်လှလှခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** | **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁-A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသန်းလွင် ၁၂/မရက(နိုင်) ၀၈၃၅၅၀ ၏ နိုင်ငံကူးလက်မှတ်စာအုပ်နှင့် ကျွန်မ ဒေါ်ခင်မာကြည် ၁၂/မရက(နိုင်)၀၈၃၅၆၁ တို့၏ နိုင်ငံကူးလက်မှတ်စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၉၄၄၈၇**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနရှိ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲသုံးခုတို့၏ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အအုံ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းနှင့် ရေ၊ မိလ္လာဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ဖားဆောင်းမြို့နယ် ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်မည်ဖြစ်ပါသည်။

(၂) အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုသော ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်၊ ၁၆:၀၀ နာရီ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၃-၂၁၀၈၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၃၁၂၊ နှစ်ခန်းတွဲရှစ်ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမှလျင်ညာ) (၁၂ပေခွဲ×ပေ၅၀)ရှိ တိုက်ခန်းနှင့် ကြိုးဖုန်းနံပါတ်(၀၁-၅၀၅၆၂၉)တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် ကြိုးဖုန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်စန်းစန်းဝင်း PRE-၁၂၈၀၂၃၊ ၁၂/လမတ(နိုင်)၀၁၄၉၁၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဦးအောင်ဖြိုးလတ်(LL.B)(စဉ်-၃၃၀၆၃)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ လူနေရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ် ၂၇၊ ကံ့ကော်လမ်းနှင့် (၁)လမ်းထောင့်ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးစိုးတင် ၁၂/လမန(နိုင်)၀၂၇၂၅၈ အမည်ဖြင့် တည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် အလျားပေ ၈၀×အနံ ၆၅ ပေ၊ ဧရိယာ ၀ ဒသမ ၁၁၉ ဧက၊ စတုရန်းပေ ၅၂၀၀ ရှိပြီး အဆိုပါမြေကွက်အား ဦးစိုးတင်မှ ဦးမျိုးလွင်သို့ ၁၁-၁၀-၂၀၀၅ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ရောင်းချပြီး ယခုအခါ ဦးမျိုးလွင်မှ ပြန်လည်ရောင်းချမည်ဖြစ်ရာ ကျွန်မ ဒေါ်ခင်ဥမ္မာက ဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ ၁၂/မရက(နိုင်)၀၂၇၃၁၅**
**ဖုန်း-၀၉-၅၀၂၉၅၆၆**

ပြည်တွင်းသတင်း

# ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၈**

ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး (၃/၂၀၁၃)ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်တွင်းကုန်စည်ဈေးနှုန်းများ သင့်တင့်သည့် အခြေအနေတွင် တည်ငြိမ်နေမှသာ စားသုံးသူ အများပြည်သူအတွက် ထိခိုက်မှုမရှိမှာဖြစ်သလို စိုက်ပျိုး ထုတ်လုပ်သူများအတွက်လည်း သင့်တင့်သည့် အကျိုးအမြတ်ခံစားရမှာ ဖြစ်ကြောင်း၊ လက်ရှိကာလအတွင်း အခြေခံ စားသောက်ကုန်များ၏ အထွေထွေဈေးနှုန်းများ တည်ငြိမ်မှုရှိပါကြောင်း၊ ပြည်ပမှ တရားမဝင်ကုန်စည်ဝင်ရောက်မှုများ လျော့နည်းစေရေးအတွက် နယ်စပ်ဝင်ပေါက်များတွင် ဆောင်ရွက်နေသလို ပင်လယ်ရေကြောင်းမှာလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်စီးဝင်မှုများ ရှိနေပါက ပြည်တွင်းထုတ်လုပ်သူ တိုင်းရင်းသားများ၊ မှန်မှန်ကန်ကန်လုပ်ဆောင်သည့် လုပ်ငန်းရှင်များ၊ ၎င်းအပေါ် မှီခိုလုပ်ကိုင်နေကြသည့် လုပ်သားများ၊ မိသားစုများအပေါ် ထိခိုက်မှုရှိမှာဖြစ်၍ တားဆီးမှုများဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များ အများပြည်သူ ကျန်းမာရေးထိခိုက်မှု မရှိစေရေးနှင့် နိုင်ငံအတွက် ရသင့်သော အခွန်အခရရှိစေရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ထိန်းသိမ်းစိစစ်မှုများ မပြတ်ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ ပြည်ပမှ စားအုန်းဆီတင်သွင်းရာတွင် သတ်မှတ် အရည်အသွေးနှင့်မညီသည်များကို စိစစ်တွေ့ရှိနေရကြောင်း၊ နောင်တွင် လိုက်နာမှုမရှိပါက အမည်ပျက်ကြော်ငြာခြင်း၊ တင်သွင်းခွင့် ပိတ်ပင်ခြင်းများကို ပြုလုပ်သွားမှာဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းမှုနှင့် ပတ်သက်၍ အရည်အသွေးပြည့်ဝပြီး လုံခြုံစိတ်ချရသည့်ဆီများ ပိုမိုတင်သွင်းနိုင်ရေးနှင့် လိုအပ်သောအစီအမံများပြုလုပ်နိုင်ရန် ပညာရှင်များ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ဆီတင်သွင်းသူများ၊ ဆီလောကသားများ ပါဝင်နိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို အမြန်ဆုံး ကျင်းပသွားမှာဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းများတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

၁၈-၉-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၉၂၀၀၀-၆၅၁၀၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၉၁၇၀၀-၆၅၁၀၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၂ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၈၃-၁၃၀၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၀-၇၇၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၅-၃၁ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅-၁၅. ၅ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၅-၁၅၈ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၃ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၁၈၀၀-၃၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၀၀၀-၇၀၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၉၀၀၀-၂၈၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၈၀၀၀ |
| ၂။ | ပေါ်ကွဲ | တစ်အိတ် | ၂၁၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၈၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၅၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၀၈ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၃၀-၈၂၀ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၉၀၀ |
| ၈။ | ကြက်သွန်ဖြူ (ကြိုကုတ်) | တစ်ပိဿာ | ၁၂၀၀-၁၂၂၅ |
| ၉။ | အာလူး (အောင်ပန်း) | တစ်ပိဿာ | ၃၃၀-၄၇၀ |
| ၁၀။ | ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၃၀၀ |
| ၁၁။ | ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၀၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၀၀-၁၀၀၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# မြေပဲမျိုးသစ်မိတ်ဆက်ပွဲနှင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြ

**မလှိုင် စက်တင်ဘာ ၁၈**

မလှိုင်မြို့နယ် ကံတွင်းအုပ်စု မုံပင်ကျေးရွာ တောင်သူကြီး ဦးလွမ်းကျော်ယာထဲ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက မြေပဲမျိုးသစ်မိတ်ဆက်ပွဲနှင့် သဘာဝမြေဩဇာပြုလုပ်နည်းများကို သရုပ်ပြခဲ့သည်။ အဆိုပါ မိတ်ဆက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်ဇော်၊ မြို့နယ် ဒုမြေစာရင်းဦးစီးမှူး ဦးစိုးဝင်းနှင့် တောင်သူ ၆၀ ကျော် တက်ရောက်ခဲ့ပြီး ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဆင်းပဒေသာ ၁၁ မြေပဲမျိုးသစ်သည် အထွက်နှုန်းကောင်းမွန်ပြီး တောင်သူများအနေဖြင့် စိုက်ပျိုးသင့်ပါကြောင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းဟာဆိုရင် ပထမဦးဆုံး နှမ်းရိုးကိုပုံ၊ ရေလောင်း ထုံးဖြူး၊ နွားချေးထည့်၊ ပြာဖြူး၊ ဖွဲနုထည့်ပြီး တစ်လွှာဆီထည့်ရမှာဖြစ်ကာ အပေါ်ယံမှ ဖွဲနုအုပ်၊ ရေလောင်းပြီး ၄က်ပျောရွက်အုပ်ထားရမည်ဖြစ်သည်ဟု သရုပ်ပြရှင်းလင်းခဲ့ပြီး တက်ရောက်လာသည့် တောင်သူများကလည်း မိမိတို့မသိရှိသည့် စိုက်ပျိုးနည်းများကို စိုက်ပျိုးရေးပညာရှင်များအား မေးမြန်းခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

**ဖခင်အမည်မှန်**

အထက-၁၊ ဒေါပုံ၊ အဋ္ဌမတန်း(A)မှ မောင်ပိုင်မင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာတိုးမြင့်ဖြစ်ပါသည်။

**ဦးကျော်စွာတိုးမြင့် ၅/မမန(နိုင်)၀၀၁၆၁၃**

**ရောင်းရန်ရှိသည်**

အင်တာနက်ဆိုင်သုံးကွန်ပျူတာ၊ ခုံများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၅၀၈၈၀၁၂**

**အမည်ပြောင်း**

နေပြည်တော်၊ ပျဉ်းမနား၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၁၁၀ နေ ဦးပွ၏သမီး မနီအား ယနေ့မှစ၍ မနီနီအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနီနီအောင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၁၁၇၉၊ Toyota Hilux YN.56၊ P/u(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်း ၁၂/သဃက(နိုင်)၀၆၃၅၉၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၈က/၇၅၂၅ ယာဉ်အမျိုးအစား Toyota Corolla ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၁၃/တကန(နိုင်)၂၀၀၈၆၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ကယားပြည်နယ်)**
**တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ **တည်နေရာ** | **လုပ်ငန်း** |
| ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဝန်ထမ်းအိမ်ရာစခန်းဝင်းအတွင်း | လေးခန်းတွဲ၊ နှစ်ထပ်(ရှစ်ယူနစ်) (RC)အဆောက်အအုံနှစ်လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |
| ၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၂၇-၉-၂၀၁၃ ရက်(သောကြာနေ့) |
| **အချိန်** | - ၄း၃၀ နာရီ |
| ၄။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်** | - ၃၀-၉-၂၀၁၃ ရက်(တနင်္လာနေ့) |
| **အချိန်** | - နံနက် ၁၀ နာရီ |

၅။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သော လိုအပ်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်နယ်ဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကမာစစ်ပြကျေးရွာ၊ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငွေ ၇/ပခန(နိုင်) ၁၀၆၇၃၃ ဖြစ်ပါသည်။ **ဦးမြင့်ငွေ**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၉ ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၆၅/ဃ နေ (ဦးမောင်မောင်လေး)နှင့် ဒေါက်တာစန္ဒာနွယ်တို့၏သမီး မခိုင်ခေမာမောင်မောင်လေး ၁၂/မရက(နိုင်)၁၃၈၈၂၄ သည် ဘိုးဘွားမိဘ ဆိုဆုံးမမှုကို မနာခံဘဲ အဘိုးအဘွားများ၊ မိဘများ၊ ဦးလေး၊ အဒေါ်၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းနှင့် အရှက်ရစေရန်အတွက် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏ သဘောဆန္ဒအလျောက် ပြန့်မှုသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီး၊ တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင် မခိုင်ခေမာမောင်မောင်လေးနှင့် ပတ်သက်၍ ကိစ္စအဝဝအဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**အဘိုး-ဒေါက်တာသိန်းအောင်၊ အဘွား-ဒေါ်သန်းစိန်၊ မိခင်-ဒေါက်တာစန္ဒာနွယ်**

**၁၀-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာအချပ်ပိုစာမျက်နှာ(၂)တွင်၊ ဒုရဲမှူး ကြည်ကြည်ဝေ(လ/၁၂၈၃၃၂) ၁၂/မဂတ(နိုင်)၀၁၆၆၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးဌေးအောင်(စဉ်-၁၈၃၇၄/၈၉)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ အတိအလင်းကန့်ကွက်ကြောင်း ပြန်လည်အသိပေးကြေညာခြင်း**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အိမ်အမှတ် ၁၈၂၊ နဂါးပွက်ကျောင်းလမ်း၊ နယ်မြေ ၁၄ နေ ဒေါ်ခင်ခင်မေ ၁၃/တကန(နိုင်)၁၃၄၃၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

၁။ ဒေါ်ခင်ခင်မေသည် ဒုရဲမှူးကြည်ကြည်ဝေ၏ အစ်မအရင်းဖြစ်ပါသည်။ ဒုရဲမှူး ကြည်ကြည်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးဌေးအောင်၏ ကြော်ငြာပါ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် ၄၈၊ အကွက်အမည်(စာတိုက်)၊ မြေကွက်နံပါတ် ၃၈၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧက၊ စတုရန်းပေ ၄၈၇၉၊ ဂရန်အမှတ်တွဲအမှတ် ၁၃၁၇/၉၁၊ မူရင်းဂရန်ပျောက်ဆုံးနေသည်ဟု ကြေညာခြင်းမှာ မမှန်မကန်လိမ်လည်ကြေညာခြင်းသာ ဖြစ်ပါသည်။

၂။ ဒုရဲမှူးကြည်ကြည်ဝေသည် အစ်မအရင်းဖြစ်သူ ဒေါ်ခင်ခင်မေနှင့် ခင်ပွန်းဖြစ်သူ ဦးအောင်တင့်တို့အား အထက်ဖော်ပြပါ ဂရန်အမှတ်တွဲအမှတ် ၁၃၁၇/၉၁ မူရင်းကို လက်ရောက်ပေးအပ်ပြီး လွှဲပြောင်းခြင်းစာချုပ်တွင် လက်မှတ်ရေးထိုးပေးအပ်၍ အသိသက်သေများအဖြစ် ဒေါ်ကြည်ကြည်ဝေ၏အစ်မအရင်းဖြစ်သူ ဒေါ်တင်တင်ဝေနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဝင်းတို့က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ နောက်နောင်ခြံ/မြေကွက်နှင့် ပတ်သက်၍ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက မူလပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်ဝေမှပင် အစစအရာရာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပေးခဲ့ခြင်းအား ဖုံးကွယ်၍ မမှန်မကန်လိမ်လည်၍ ကြေညာခြင်းသာဖြစ်ကြောင်း ဒေါ်ခင်ခင်မေ၏ ဂုဏ်သိက္ခာမကျဆင်းစေရန်နှင့် ထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေရန် ဒေါ်ကြည်ကြည်ဝေ(ဒု-ရဲမှူး)၏ ကြေညာချက်ကို ခုနစ်ရက်အတွင်း ရုပ်သိမ်းပေးရန် အစ်မအရင်းဖြစ်သူ၏ မြင့်မြတ်သောစေတနာဖြင့် အသိပေးရှင်းလင်းအပ်ပါသည်။

၃။ သတ်မှတ်ရက်အတွင်း ကြေညာချက်ရုပ်သိမ်းခြင်းမရှိပါက ဝန်ထမ်းတစ်ဦး၏ အခွင့်အရေးများ ထိခိုက်နိုင်မည်ဖြစ်သော်လည်း တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်မေ ၁၃/တကန(နိုင်)၁၃၄၃၄၆ ၏**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်တင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၉၀၂၀)**
**ခ/၁၉၉၊ အပေါ်ရေထွက်၊ အနောက်မြို့ပတ်လမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၅၇၇၃၊ ၀၉-၃၆၁၆၄၄၀၃**

## ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ ပင်းယ ၄ လမ်း၊ အမှတ် ၇၁၂ ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ပေ ၄၀×ပေ၆၀ ပါမစ်မြေအမည်ပေါက် ဦးညွန့် ISN- ၀၉၇၄၃၀ ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးငွေ ၅/မကန(နိုင်)၀၃၄၁၁၈ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ကျွန်ုပ်က ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ဒေါ်သီသီဟန်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီဟန် ၁၂/ဥကမ(နိုင်)၁၁၂၀၂၂**
**အမှတ် ၁၁၁၉၊ ကန်သာယာ(၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၃၄၃၈၃၊ ၀၉-၄၉၂၁၀၈၆၉**

# ရက်ပေါင်း ၈၂ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အားကစားပြိုင်ပွဲကြီး ကျင်းပရန် လက်တစ်ကမ်းသာလိုတော့ကြောင်း၊ ပြိုင်ပွဲကျင်းပရန် ပြင်ဆင်ချိန်မှစ၍ ပြိုင်ပွဲပြီးဆုံးသည်အထိ အပြစ်အနာအဆာကင်းကင်းနှင့် ချောမွေ့စွာပြီးစီးစေရေး လိုအပ်ချက်များ အပြန်အလှန်ထောက်ပြဆွေးနွေးညှိနှိုင်းကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့က မြန်မာ့အားကစားအောင်နိုင်ရေးနှင့် SEA GAMES ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ကော်မတီများ၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအပေါ် သုံးသပ်ဆွေးနွေးကာ ကော်မတီအလိုက် ကိုယ်စားလှယ်များက ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ရန်ရှိသည်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စိုက်ပျိုးမြေများအား မူလလုပ်ကိုင်သူများသို့ ပြန်လည်ပေးအပ်

**ကျောက်မဲ စက်တင်ဘာ ၁၈**

ကျောက်မဲမြို့နယ် အတွင်းရှိ ခိုမုန်းကွင်းအမှတ်(၄၇/၄၀/ ၄၁/ ၄၃) စခန်းသာ(ဟော်နန်း)၊ သိပ္ပံကျောင်းမြေ ကျောက်မဲကြီးကွင်း၊ မန်ကျောင်း၊ ပလောင်ငြိမ်းချမ်းရေးကုန်း၊ ခိုမုန်းနမ့်ဟူးရေထွက်စသည့် ဒေသများမှ စိုက်ပျိုးမြေဧရိယာ ၂၀၀၀ ကျော်ကို ကျောက်မဲတပ်နယ်မှ မူလစိုက်ပျိုးလုပ်ကိုင်သူ ရှမ်းတောင်သူများအား ပြန်လည်ပေးအပ်ခဲ့သည်။

၎င်းအပြင် နောင်ချိုမြို့နယ် အတွင်းရှိ နောင်ချို(ခဲမွှန်)နှင့် နောင်ချို(ဘက်စုံ)ခြံမြေရှိ ၁၆၇ ဧကနှင့် ဘက်စုံခြံရှိ ၃၁၅ ဒသမ ၄၂ ဧကတို့ကိုလည်း ပြန်လည်ပေးအပ်ခဲ့သည်။

ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာရှိ ကွင်းအမှတ်(၄၀/၄၁/၄၃/၄၇) တို့ကို စက်တင်ဘာ ၁၆ ရက်က ပြန်လည်ပေးအပ်ခဲ့ရာ ကျောက်မဲပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်၊ တပ်နယ်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဇော်မျိုးဦး ပါဝင်သော အဖွဲ့က ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။ **(ဝ၉ဝ)**

**နေပြည်တော် စက်တင်ဘာ ၁၈**

## အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုအရ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို (Test Match)၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ) ဆောင်၌ စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ (၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသောင်းထိုက်၊ ဦးဇော်ဝင်းနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လက်ဝှေ့အဖွဲ့ချုပ် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ လက်ဝှေ့အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

သက်ငယ်တန်း အကောင်းဆုံးဆုရ ဘော်ဇာ(ကရင်ကြီးကလပ်)၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ အကောင်းဆုံးဆုရ ကျော်ကျော်ထက် ရန်ကုန်မြို့တော်စည်ပင်၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၌ အကောင်းဆုံးဆုရ နန်းသက်ထားစံ(လယ်/ဆည်)တို့ကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများချီးမြှင့်ပေးခဲ့သည်။ **(ဝဝံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဦးဇော်ဝင်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အာရှလက်ဝှေ့ပြိုင်ပွဲ ကျင်းပရေးဗဟိုကော်မရှင်နာ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အလုပ်အမှုဆောင်များက ဆုရသူများကို ဆုများချီးမြှင့်ပေးခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက စမ်းချောင်းမြို့နယ် အထက(၄)ခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်အထူးတပ်ဖွဲ့မှ ကြီးကြပ်သူ ဒုတိယရဲမှူး ခင်မောင်သိမ်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်၊ ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံး၏ ကယားပြည်နယ်အတွင်း ဆောင်ရွက်မည့် တံတားလုပ်ငန်း ၁၉ခု၊ ရေရရှိရေးလုပ်ငန်း(၃)ခု၊ စွမ်းအင်လုပ်ငန်း(၁)ခု၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း (၆)ခု၊ သာသနာရေးလုပ်ငန်း(၄)ခု၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း(၂)ခု၊ မြို့နယ်ခန်းမ(၂)ခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို ၁၈-၉-၂၀၁၃ ရက်မှစတင်ပြီး ကယားပြည်နယ်၊ ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံးတွင် ရယူ၍ အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၈-၉-၂၀၁၃ ရက်မှ ၂၇-၉-၂၀၁၃ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကယားပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံး၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့။

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံး၊ ဖုန်း-၀၈၃-၂၁၆၄၄၊ ၀၉-၅၆၀၁၁၄၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရွေးချယ်ရေးကော်မတီ**


### အလွတ်တန်းဆောင်းပါးပြိုင်ပွဲ

၂၀၁၃ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို **သဘာဝဘေးလျှော့ပါးရေး မသန်စွမ်းလည်း ပူးပေါင်းပေး A Not So Obvious Conversation Living With Disability and Disasters** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စာမူများကို အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ကတိဝန်ခံချက်ပူးတွဲလျက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်သို့ ၃၀-၉-၂၀၁၃ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက် နောက်ကျမှရောက်ရှိလာသော စာမူများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများအား ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၁ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့မှ အောက်ပါအတိုင်းဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။) (http://www.unisdr.or g/2013/iddr တွင် မှီငြမ်းရန် အချက်အလက်များရှာဖွေလေ့လာနိုင်ပါသည်။)

ပထမဆု - ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)

ဒုတိယဆု - ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ)

တတိယဆု - ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)


### ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ် မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသိရှိရန် အသိပေးကြေညာခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်မှ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများအတွက် ဆက်သွယ်မှု အခက်အခဲလိုအပ်ချက်များအား အများပြည်သူလူထုမှ လာရောက်ပြောကြားခြင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခြင်းများ ဆောင်ရွက်ပေးနိုင်ရန် Mobile Complaint Centre ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

**တည်နေရာ** - ပြည်နယ်မန်နေဂျာရုံး၊ လွိုင်ကော်မြို့

**ဆက်သွယ်ရန်ဖုန်း** - ၀၈၃-၂၁၂၂၄၊ ၀၉-၈၇၃၀၀၀၂

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနရှိ အောက်ဖော်ပြပါမြို့နယ်များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ဖြစ်ပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း မီးသတ်ဦးစီးဌာနများတွင် တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများစာရင်း**

(က) တောင်ကြီးခရိုင် ၂ယူနစ် နှစ်ထပ်မီးသတ်စခန်း (၁)လုံး၊ ၂ယူနစ်မီးသတ်စခန်း (၁)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၂)လုံး

(ခ) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ၂ယူနစ်မီးသတ်စခန်း(၁)လုံး၊ ၃ယူနစ်မီးသတ်စခန်း(၂)လုံး၊ လေးခန်းတွဲ ဝန်ထမ်းနေအိမ်(၃)လုံး၊ မြေကြီးလုပ်ငန်း (၁)ခု

(ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ၃ယူနစ်မီးသတ်စခန်း(၁)လုံး၊ လေးခန်းတွဲ ဝန်ထမ်းနေအိမ်(၂)လုံး

(ဃ) လွိုင်လင်ခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး

(င) လင်းခေးခရိုင်၊ ၂ယူနစ်မီးသတ်စခန်း(၁)လုံး၊ ၃ ယူနစ်မီးသတ်စခန်း (၂)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၃)လုံး

(စ) တာချီလိတ်ခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး၊ မြေကြီးလုပ်ငန်း(၁)ခု

(ဆ) ကျိုင်းတုံခရိုင်၊ နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းနေအိမ် (၁)လုံး

(ဇ) မိုင်းဆတ်ခရိုင်၊ အရာရှိနေအိမ် (၁)လုံး

(ဈ) လားရှိုးခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့် အဆောက်အအုံ အသေးစိတ်ကို ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၈၁-၂၁၂၁၆၇၁သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပိတ်ရက် ၂-၁၀-၂၀၁၃ ဖြစ်သည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

### တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ပြည်လမ်းနှင့် ရွာမကျောင်းလမ်းတို့တွင် Mercedes-Benz နှင့် Mazada Car Showroom များ တည်ဆောက်လိုပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်သူများ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

1. Streel Structure Contractor
2. Civil Work Contractor
3. M & E Contractor
4. Glass & Aluminum Contractor

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** -၂၅-၉-၂၀၁၃ ရက်

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက Cycle & Carriage Automobile Myanmar Co., Ltd အမှတ် 148/7D မြဝတီရည်လမ်းသွယ်၊ အေဝမ်းခြံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၁-၆၆၁၉၂၇၊ ၀၉-၇၃၁၃၁၈၉၈ အား လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### လူပျောက်

အထက်ပါဓာတ်ပုံရှင် မနီလာထွန်း ၁၂/ကမတ(နိုင်)၀၇၃၈၄၇၊ အရပ် ၅ ပေသည် ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း မိသားစုနှင့်အမြန်ဆက်သွယ်ပေးပါ။ အိမ်ရောင်းလိုက်ပါသဖြင့် အိမ်ကိစ္စကိုအမြန်ဆုံး လာရှင်းပေးပါ။ အမေလည်း စိတ်ပူနေပါတယ်။ တွေ့ရှိသူများ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

**ဝင်းထွန်းလတ်**
**ဖုန်း-၀၉-၄၂၀၂၈၃၉၃၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော်ကျော်ထူးဝင်း C.D.C နံပါတ် ၃၉၅၉၀ မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၅၈၀၇၀၉**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၁၈) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစိုးညွန့်-ဒေါ်ကြည်ကြည်ငွေ၏ မြေပုံကူးတွင် ဒေါ်လှမြင့်(ခ)မခင်ခင်စော (အပိုကြီးဘဝဖြင့်) ကွယ်လွန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစားသတင်း

# ချန်ပီယံလိဂ် တာအထွက်မှာ မန်ယူတို့ မျက်နှာပန်းလှခဲ့

မိုးမြင့်လင်းလက်

**ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွေမှာတော့ ထိပ်တန်းအသင်းတွေ မျက်နှာပန်းလှခဲ့လို့ ပရိသတ်တွေ ဘဝင်ကျခဲ့ပါတယ်။ မန်ချက်စတာမြို့ခံအသင်းတွေ အောင်ပွဲခံခဲ့သလို ရီးရဲမက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်တို့လည်း ချန်ပီယံလိဂ် တာထွက်လှပခဲ့ကြပါတယ်။**

**မန်ယူ ၄-၂ လေဗာကူဆင်**

တိုက်စစ်ခြေစွမ်းပြနိုင်မှုအပိုင်းမှာ သံသယဖြစ်နေတဲ့ မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ဒီပွဲမှာ အဲဒီဖိအားနဲ့ ဝေဖန်ပြစ်တင်မှုတွေကို ချေဖျက်နိုင်ခဲ့ပါတယ်။ မန်ယူဟာပွဲအစမှာ ထုံးစံအတိုင်း အထနှေးခဲ့ပေမယ့် ပွဲချိန် ၂၂ မိနစ်မှာ အီဗရာ ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ရွန်းနေက သေသပ်လှပစွာနဲ့ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ မန်ယူဟာ အဲဒီဂိုးနဲ့ပထမပိုင်း ပွဲချိန်အတွင်းမှာ ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း ၅၄ မိနစ်မှာ လေဗာကူဆင်ရဲ့ ရိုက်ဖက်စ်က ဂိုးဧရိယာအတွင်းက ကန်သွင်းယူခဲ့လို့ ချေပဂိုးရရှိသွားပါတယ်။ ဒါပေမယ့် ပွဲချိန် ၅၉ မိနစ်မှာ ညာခြမ်းက ဗလင်စီယာဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ဗန်ပါစီ မြေမကျကန်သွင်းယူခဲ့လို့ မန်ယူတို့ နှစ်ဂိုးရရှိသွားပါတယ်။ ပွဲချိန် မိနစ် ၇၀မှာတော့ ရွန်းနေက ဂိုးသမားနဲ့တစ်ဦးချင်းတွေ့ပြီး ကန်သွင်းယူခဲ့တာမို့ မန်ယူတို့ တတိယဂိုးရရှိခဲ့ပါတယ်။ ဆက်လက်ပြီး ၇၉ မိနစ်မှာ ဗလင်စီယာက တစ်ဂိုးသွင်းယူခဲ့လို့ မန်ယူလေးဂိုးရရှိခဲ့ပြီးမှ ပွဲချိန် ၈၈ မိနစ်မှာ တိုပရက်စ်က လေဗာကူဆင်အတွက် ချေပဂိုးပြန်သွင်းယူခဲ့လို့ ပွဲအပြီးမှာ မန်ယူက လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

**ဂါလာတာစာရေး၁-၆ ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ်ဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ပြီး ဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့တာမို့ ပွဲချိန် ၃၃ မိနစ်မှာ ဒီမာရီယာ ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို အစ္စကိုက ဂိုးသွင်းနိုင်ခဲ့လို့ ရီးရဲမက်ဒရစ်တို့ အဖွင့်ဂိုးစတင်ရရှိသွားပါတယ်။ ပွဲချိန် ၅၄ မိနစ်မှာ ဘင်ဇီမာ ဂိုးသမားနဲ့ တစ်ဦးချင်းတွေ့ပြီး ကန်သွင်းယူခဲ့လို့ ဒုတိယဂိုးရရှိခဲ့ကာ ပွဲချိန် ၆၃ မိနစ်၊ ၆၆ မိနစ်၊ မိနစ် ၉၀တွေမှာ စီရိုနယ်ဒိုတစ်ဦးတည်း သုံးဂိုးဆက်တိုက် သွင်းယူခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ ငါးဂိုး ရရှိခဲ့ပါတယ်။ ပွဲချိန် မိနစ် ၈၀ မှာ ဘင်ဇီမာက တစ်ဂိုးသွင်းယူခဲ့တာမို့ ခြောက်ဂိုးရရှိခဲ့ပြီး ဂါလာတာစာရေးအတွက် ချေပဂိုးတစ်ဂိုးကတော့ ပွဲချိန် ၈၄မိနစ်မှာ ဘူလက်က သွင်းယူခဲ့တာဖြစ်ပါတယ်။

**ဘိုင်ယန်မြူးနစ်၃-၀CSKAမော်စကို**

ဘိုင်ယန်မြူးနစ်ရဲ့ အိမ်ကွင်းဖိအားပေးကစားခဲ့မှုကြောင့် CSKA တို့ ခေါင်းမဖော်နိုင်အောင် ဟန့်တားခဲ့ရပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ပွဲစတင်ကတည်းက တစ်ဟုန်ထိုး တိုက်စစ်ဆင်ခဲ့တာမို့ ပွဲချိန် သုံးမိနစ်မှာ အလာဘာက ပြစ်ဒဏ်ဘောမှ တစ်ဆင့် တိုက်ရိုက်ကန်သွင်းခဲ့လို့ စတင် ဂိုးရရှိခဲ့ပါတယ်။ ဆက်လက်ပြီး ၄၁ မိနစ်မှာ မန်ဇူကစ်က ခေါင်းတိုက်ဂိုးတစ်ဂိုးသွင်းယူပြီး ၆၈ မိနစ်မှာ ရော်ဘင်က အလာဘာ ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ကန်သွင်းခဲ့လို့ ပွဲအပြီးမှာ ဘိုင်ယန်မြူးနစ်က သုံးဂိုးပြတ် အနိုင်ယူခဲ့တာဖြစ်ပါတယ်။

**ပယ်လ်ဇန် ၀-၃ မန်စီးတီး**

မန်စီးတီးဟာ အဝေးကွင်းမှာ အသာစီးနဲ့ ဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်မှာ ဒီဇီကိုက အနီးကပ် ကန်သွင်းပြီး အဖွင့်ဂိုးစတင်ယူခဲ့ပါတယ်။ ၅၃ မိနစ်မှာ ပယ်နယ်တီဧရိယာ အစပ်ကနေပြီး ယာယာတိုရေး ကန်သွင်းခဲ့လို့ ဒုတိယဂိုးရရှိကာ ၅၈ မိနစ်မှာတော့ အဂူရိုက နောက်တန်းခံစစ်မှူးတွေကို ဖြတ်ကျော်ပြီး ဂိုးသွင်းခဲ့လို့ ပွဲအပြီးမှာ မန်စီးတီးက သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

**စပိန်လာလီဂါ ပွဲစဉ်(၄) ရပ်တည်မှု** သီဟ

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဘာစီလိုနာ | ၄ | ၄ | ၀ | ၀ | ၁၄ | ၄ | ၁၂ |
| ၂ | အက်သလက်တီကို | ၄ | ၄ | ၀ | ၀ | ၁၄ | ၄ | ၁၂ |
| ၃ | ဗီလာရီးရဲ | ၄ | ၃ | ၁ | ၀ | ၁၀ | ၅ | ၁၀ |
| ၄ | ရီးရဲမက်ဒရစ် | ၄ | ၃ | ၁ | ၀ | ၈ | ၄ | ၁၀ |
| ၅ | ဘီလ်ဘာအို | ၄ | ၃ | ၀ | ၁ | ၈ | ၆ | ၉ |
| ၆ | အက်စပန်ညို | ၄ | ၂ | ၂ | ၀ | ၆ | ၃ | ၈ |
| ၇ | ဆိုစီဒက် | ၄ | ၁ | ၂ | ၁ | ၄ | ၃ | ၅ |
| ၈ | လီဗန်တေး | ၄ | ၁ | ၂ | ၁ | ၂ | ၈ | ၅ |
| ၉ | ဆဲလ်တာဗီဂို | ၄ | ၁ | ၂ | ၁ | ၇ | ၇ | ၅ |
| ၁၀ | ဗယ်လာဒိုလစ် | ၄ | ၁ | ၁ | ၂ | ၃ | ၄ | ၄ |
| ၁၁ | ဂရန်နာဒါ | ၄ | ၁ | ၁ | ၂ | ၃ | ၄ | ၄ |
| ၁၂ | မာလာဂါ | ၄ | ၁ | ၁ | ၂ | ၇ | ၄ | ၄ |
| ၁၃ | ဘက်တစ် | ၄ | ၁ | ၁ | ၂ | ၅ | ၅ | ၄ |
| ၁၄ | ဂီတာဖေး | ၄ | ၁ | ၁ | ၂ | ၄ | ၆ | ၄ |
| ၁၅ | ဗယ်လက်ကာနို | ၄ | ၁ | ၀ | ၃ | ၄ | ၁၂ | ၃ |
| ၁၆ | ဗလန်စီယာ | ၄ | ၁ | ၀ | ၃ | ၅ | ၉ | ၃ |
| ၁၇ | အဲလ်ချီ | ၄ | ၀ | ၃ | ၁ | ၃ | ၆ | ၃ |
| ၁၈ | အဲလ်မာရီးယား | ၄ | ၀ | ၂ | ၂ | ၈ | ၁၁ | ၂ |
| ၁၉ | ဆီဗီလာ | ၄ | ၀ | ၂ | ၂ | ၅ | ၈ | ၂ |
| ၂၀ | အိုဆာဆူနာ | ၄ | ၀ | ၀ | ၄ | ၂ | ၉ | ၀ |

**စပိန်လာလီဂါ ပွဲစဉ်(၄)အပြီး ဂိုးသွင်းအများဆုံးစာရင်း**

| အမည် | အသင်း | ဂိုး |
|---|---|---|
| မက်ဆီ | ဘာစီလိုနာ | ၆ |
| ဒီယေဂိုကော်စတာ | အက်သလက်တီကို | ၄ |
| ရှော့ဒရီ | အဲလ်မာရီးယား | ၄ |
| အစ္စကို | ရီးရဲမက်ဒရစ် | ၃ |
| ဆန်တို့စ် | ဗီလာရီးရဲ | ၃ |

## ဆွမ်ဆီးတိုက်စစ်မှူး ယူရိုပါနှင့်လွဲ

ဆွမ်ဆီးနှင့်ဗလင်စီယာအသင်းတို့ စက်တင်ဘာ ၁၉ ရက်တွင် ယူရိုပါလိဂ်အုပ်စု(A) ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဆွမ်ဆီးနာမည်ကြီး တောင်ပံတိုက်စစ်မှူး ပါဘလိုဟာနန်ဒက်ဇ် လွဲချော်လိမ့်မည်ဟု ဆိုသည်။

အသက် ၂၈ နှစ်အရွယ်ရှိ၄င်းတိုက်စစ်မှူးသည် တံခါက်ကြောဒဏ်ရာကြောင့် စက်တင်ဘာ ၂၂ ရက် ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲတွင်လည်း လွဲနိုင်သည်။ ၄င်းနေရာတွင် တိုက်စစ်မှူး ဘိုနီ ပါဝင်နိုင်သည်။

## ချန်ပီယံလိဂ်တွင် မန်စီးတီးအကောင်းဆုံး

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်အဖွင့်ပွဲအနိုင်ရပြီးနောက် ယခုနှစ်ရာသီတွင် အကောင်းဆုံးအသင်း ဖြစ်လိမ့်မည်ဖြစ်ကြောင်း ယာယာတိုရေးက ပြောကြားလိုက်သည်။

မန်စီးတီးက ပါယ်လ်ဇန်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီးနောက် တိုရေးက ပြောဆိုလိုက်ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ခုနစ်ပွဲတွင် ပထမဆုံးအနိုင်ရသည့်ပွဲဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## စက်မှုဝန်ကြီးဌာန၊ ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ငှားရမ်းရေး တင်ဒါအောင်မြင်သူစာရင်းအသိပေးကြေညာခြင်းနှင့် တင်ဒါထပ်မံဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်(၃၈)ဆိုင်ကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးအား ၁၇-၉-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် တင်ဒါဖွင့်ဖောက်ပွဲအား တင်ဒါတင်သွင်းသူများ၏ရှေ့၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားသည့် ဝင်းသူဇာဆိုင် ၃၈ ဆိုင်အနက် လေးဆိုင်မှာ အဆိုပြုလွှာတင်သွင်းသူမရှိခြင်း၊ လေးဆိုင်မှာကြမ်းခင်းဈေးနှုန်းမမီခြင်း၊ နှစ်ဆိုင်မှာအမြင့်ဆုံးဈေးနှုန်းတူညီနေခြင်းနှင့် ဝင်းသူဇာအရောင်းဆိုင်(ရွာတော်)မှာ ပြန်လည်စိစစ်ရန် လိုအပ်ခြင်းတို့ကြောင့် **တင်ဒါအောင်မြင်သော ဝင်းသူဇာဆိုင် စုစုပေါင်း ၂၇ ဆိုင်**ဖြစ်ပါသည်။

အဆိုပါ တင်ဒါအောင်မြင်သောဝင်းသူဇာဆိုင် ၂၇ ဆိုင်၏ တင်ဒါအောင်မြင်သူအမည်နှင့် ဈေးနှုန်းများအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | ဝင်းသူဇာဆိုင်အမည် | တင်ဒါအောင်မြင်သူအမည် | တစ်လငှားရမ်းခနှုန်းထား (ကျပ်) |
|---|---|---|---|
| ၁။ | ဗဟန်း | ဒေါ်သန်းသန်းစိန် | ၁၅၂၀၀၀၀၀ |
| ၂။ | သာကေတ | ဦးပြည့်ဖြိုးလတ် | ၆၀၆၀၀၀၀ |
| ၃။ | မဟာအောင်မြေ | ဦးသီဟအောင်မြင့် | ၄၀၀၀၀၀၀ |
| ၄။ | လားရှိုး | ဒေါ်မင်းယဉ်ကျော် | ၄၇၁၀၀၀၀ |
| ၅။ | စစ်တွေ | ဦးမောင်သန်းဌေး | ၃၀၂၀၀၀၀ |
| ၆။ | ဂန့်ဂေါ | ဒေါ်သန်းသန်းစိန် | ၁၀၀၀၀၀၀ |
| ၇။ | ဘားအံ | ဦးကျော်ကျော် | ၁၅၈၀၀၀၀ |
| ၈။ | ကျောက်ဆည် | ဦးဇော်မျိုးထက် | ၂၁၁၅၀၀၀ |
| ၉။ | အောင်လံ | ဦးစောအောင်သိန်း | ၁၀၅၀၀၀၀ |
| ၁၀။ | ညောင်ဦး | ဦးကျော်ကျော် | ၁၇၄၀၀၀၀ |
| ၁၁။ | မော်လမြိုင် | ဦးသီဟအောင် | ၉၀၀၀၀၀ |
| ၁၂။ | မြစ်ကြီးနား | ဦးဇမင်းထိုက် | ၁၆၀၅၀၀၀၀ |
| ၁၃။ | မန္တလေး | ဦးမောင်မောင်ထွေး | ၃၀၁၀၀၀၀ |
| ၁၄။ | ပြည် | ဦးအောင်စံသာ | ၂၆၅၀၀၀၀ |
| ၁၅။ | ရမည်းသင်း | ဦးသီဟအောင် | ၈၀၀၀၀၀ |
| ၁၆။ | မြင်းခြံ | ဦးဇော်မျိုးလင်း | ၁၀၁၀၀၀၀ |
| ၁၇။ | မြို့မဈေး | ဦးဇေယျာဦး | ၁၅၀၀၀၀၀ |
| ၁၈။ | ပခုက္ကူ | ဦးကျော်ကျော် | ၁၉၆၀၀၀၀ |
| ၁၉။ | မုံရွာ | ဦးသီဟအောင် | ၂၀၀၀၀၀၀ |
| ၂၀။ | အနောက်မရမ်းကုန်း | ဦးခိုင်ဇော်သင်း | ၆၀၅၀၀၀၀ |
| ၂၁။ | မြောက်ဥက္ကလာ | ဦးမျိုးထွေး | ၂၇၆၀၀၀၀ |
| ၂၂။ | တောင်ဒဂုံ | ဒေါ်ဝင်းဝင်းတင့် | ၄၀၅၅၀၀၀ |
| ၂၃။ | ပျော်ဘွယ် | ဦးသီဟအောင် | ၈၀၀၀၀၀ |
| ၂၄။ | တောင်ဥက္ကလာ | ဒေါက်တာသန်းထွန်း | ၆၀၀၀၀၀၀ |
| ၂၅။ | လှိုင် | ဦးလင်းသန့် | ၈၆၆၀၀၀၀ |
| ၂၆။ | လှိုင်သာယာ | ဦးသူရိန်အောင် | ၃၆၅၀၀၀၀ |
| ၂၇။ | မရမ်းကုန်း | ဦးနေရွှေသွေးအောင် | ၅၅၀၀၀၀၀ |

**အမြင့်ဆုံးဈေးနှုန်းတူညီသည့် ဝင်းသူဇာအရောင်းဆိုင်(ဗိုလ်ချုပ်ဈေးနှင့် အမ်း)**တို့ကို ၁၉-၉-၂၀၁၃ ရက်နေ့တွင် နောက်ဆုံး အဆိုပြုဈေးနှုန်းအား ထပ်မံတင်ပြစေပြီး တင်ဒါအောင်မြင်သူကို ရွေးချယ်သွားမည်ဖြစ်ပါသည်။

ဖော်ပြပါနှစ်ဆိုင်အပါအဝင် တင်ဒါအောင်မြင်သူပုဂ္ဂိုလ် ၂၉ ဦးတို့အား သက်ဆိုင်ရာဝင်းသူဇာဆိုင်များ လွှဲပြောင်းပေးခြင်းကို ၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ စာချုပ်ချုပ်ဆိုလွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းမရှိသည့် **ဝင်းသူဇာအရောင်းဆိုင်(ဆားလင်းကြီး၊ ပွင့်ဖြူ၊ ကညွတ်ကွင်း၊ ဆော)**တို့နှင့် ကြမ်းခင်းဈေးမမီသည့် **ဝင်းသူဇာအရောင်းဆိုင်(မြိုင်၊ ရေစကြို၊ ယင်းမာပင်၊ ဝင်းသူဇာကုန်တိုက် သီရိရတနာအဆင့်မြင့်ဈေး)**တို့ အတွက် တင်ဒါဈေးနှုန်းအဆိုပြုလွှာများ ထပ်မံတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပြီး တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) **အဆိုပြုလွှာများစတင်ရောင်းချမည့်ရက်** - ၂၃-၉-၂၀၁၃ ရက်(တနင်္လာနေ့)

(ခ) **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

(ဂ) **အဆိုပြုလွှာနောက်ဆုံးပေးသွင်းရမည့် နေ့ရက်၊ အချိန်** - ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့) - နံနက် ၉ နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန**

**ဖုန်း-၀၆၇-၄၀၈၁၉၆၊ ၀၆၇-၄၀၈၁၃၉၊ ၀၉-၈၃၀၂၄၅၆**

**စက်မှုညွှန်ကြားရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဒုတိယ(၃)လပတ် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို(မြန်မာကျပ်ငွေ) ဖြင့်ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | (က) ၆"-၉"ကျောက် | ၉၅၀ ကျင်း |
| | (ခ) ၂"-၄"ကျောက် | ၁၄၅၀ ကျင်း |
| | (ဂ) ၁"-၂"ကျောက် | ၉၀၀ ကျင်း |
| | (ဃ) ၃/၄"-၁/၄"ကျောက် | ၁၆၅ ကျင်း |
| | (င) ၃/၈"-၁/၂"ကျောက် | ၄၆ ကျင်း |
| | (စ) သံချောင်း | ၂၈·၅ တန် |
| | (ဆ) ဘီလပ်မြေ | ၅၀၉ တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၉-၂၀၁၃ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ။** ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကသာမြို့။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**

**ဖုန်း-၀၇၅-၂၅၀၄၈**

**မြေကွက်ဝယ်မည်**

လှိုင်သာယာ၊ ကျုံစစ်သားလမ်းမပေါ်ရှိ

မြေကွက် ကျယ်ကျယ်ဝယ်လိုသည်။

(ဈေးကောင်းပေးမည်)

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဆက်သွယ်ရန်ဖုန်း-09420065629(ရုံးချိန်အတွင်း)

Junction Cineplex ၂၀-၉-၂၀၁၃ ထူး စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ) JunctionCineplex

| | | |
|---|---|---|
| **Junction Square (Ph - 01 527 055)** | | |
| THE CONJURING | Sun to Thu | 10:00AM, 1:00PM, 4:00PM, 7:00PM |
| | Fri & Sat | 10:00AM, 1:00PM, 4:00PM, 7:00PM, 9:30PM |
| The Mortal Instrument | Sun to Thu | 10:00AM, 1:00PM, 4:00PM, 7:00PM |
| | Fri & Sat | 10:00AM, 1:00PM, 4:00PM, 7:00PM, 9:30PM |
| ကာယန်အတ္တ | Sun to Thu | 10:00AM, 12:30PM, 3:30PM, 6:30PM |
| | Fri & Sat | 10:00AM, 12:30PM, 3:30PM, 6:30PM, 9:30PM |
| **Junction Maw Tin (Ph - 01 225 244)** | | |
| THE CONJURING | Sun to Thu | 10:00AM, 1:00PM, 4:00PM, 7:00PM |
| | Fri & Sat | 10:00AM, 1:00PM, 4:00PM, 7:00PM, 9:30PM |
| ဆယ်နှစ်နှာရီ အထိုးအစား | Sun to Thu | 10:00AM, 12:30PM, 3:30PM, 6:30PM |
| | Fri & Sat | 10:00AM, 12:30PM, 3:30PM, 6:30PM, 9:30PM |
| **Junction Nay Pyi Taw (Ph - 067 421 615)** | | |
| ဆယ်နှစ်နှာရီ အထိုးအစား | Daily | 10:30AM, 1:30PM, 4:30PM, 7:30PM |

THE CONJURING

ဇာတ်ကားအတွက်

စနေနေ့တိုင်း ည (၁၂း၁၀) ပွဲစဉ် ရှိသည်

# ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## စာစီစာကုံး ရေးသားမှု ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ စက်တင်ဘာ၁၅ရက် နံနက်၉ နာရီတွင် ပျဉ်းမနားမြို့နယ်ရှိ ကျောင်းပေါင်းစုံမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူ ၄၁ ဦးတို့သည် စာစီစာကုံး ရေးသားမှုပြိုင်ပွဲ၌ **လူမှုဘဝဖူလုံရေးအာဆီယံကကူညီပေး**ဆိုသည့် ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် မူလတန်းကျောင်းသား ၂၀တို့မှာလည်း ရုပ်ပုံကြည့်၍ စာစီစာကုံးရေးသားရာတွင် ပညာတန်ဆောင် ရုပ်ပြ စာစီစာကုံးမှ ရုပ်ပုံကြည့်ပြီး ပါဝင်ယှဉ်ပြိုင်ရာ ပျဉ်းမနားမြို့နယ် လက်ထောက်ပညာရေးမှူးဦးညွန့်ရွှေနှင့်အတူ ကျောင်းအုပ်ဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(၁၃၉)**

## ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်း

**တပ်ကုန်း စက်တင်ဘာ ၁၈**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့ပြဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းမှ ဖွင့်လှစ်သည့် ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးနှင့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီခွဲက ဆရာစံရပ်ကွက် အမှတ်(၂) မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ပြဘေးအန္တရာယ် လျော့ပါးရေးစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်မိုးသီတာက ၂၀၁၅ ခုနှစ်ထိ ဆောင်ရွက်ရမည့် ကျောင်းအခြေပြု လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးရွှေကျီးတို့ကသင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် သင်တန်းသား သင်တန်းသူများကို မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းက ဆုများချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများကို ကြက်ခြေနီ တံဆိပ်ပါဦးထုပ်၊သုံးထောင့်လည်စည်းပဝါ အင်္ကျီ၊ ကျောပိုးအိတ်၊ ဆေးသေတ္တာငယ်နှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ရာ သင်တန်းသားသင်တန်းသူများ၏ကိုယ်စားကျောင်းဆရာ ဦးသန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အလားတူ အနော်ရထာရပ်ကွက် မူလတန်းလွန်ကျောင်း၌လည်း ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးနှင့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဒို့ကျေးရွာဂျာနယ် ထွက်ပါပြီ

**နေပြည်တော် စက်တင်ဘာ ၁၈**

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၈)အား စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးသတင်းဆောင်းပါးများ၊ မွေးမြူရေးသတင်းဆောင်းပါးများ၊ ကျန်းမာရေးသတင်းဆောင်းပါးများ၊ အသိပညာပေး သုတ/ရသဆောင်းပါးများ၊ အာရှဆန် ထွက်ရှိမှုမြင့်တက်၍ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းကို ထိန်းညှိနိုင်၊ ဥရုဂွေး သမ္မတနိုင်ငံအကြောင်း သိကောင်းစရာစသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာသတင်းများ၊ ကျေးရွာအလှ ရှုပုံတော်ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့်ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

## မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မိုင်းပန်မြို့၌ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၈**

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြို့နယ် အဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင်မိုင်းပန်မြို့နယ်မြို့တော်ခန်းမ၌စည်ကားသိုက်မြိုက်စွာကျင်းပသည်။ အခမ်းအနားတွင်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး ကပြဖျော်ဖြေပြိုင်ပွဲဝင်အကအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၁၈**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကဗျာ၊ စာစီစာကုံးနှင့်နံရံကပ်စာစောင်ပြပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ စက်တင်ဘာ ၁၃ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာကျောင်းများမှ အထက်တန်း၊ ကဗျာပြိုင်ပွဲ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၀ ရက်က ကျင်းပပြီးစီးခဲ့ရာ ဆုရကျောင်းသား ကျောင်းသူများကို ယင်းနေ့ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဆုများချီးမြှင့်ခဲ့ပြီး နိုင်ငံတကာလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ နံရံကပ်စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အသိပညာဗဟုသုတရရှိဖွယ်မှတ်သားဖွယ်ရာများကို ဝေဝေဆာဆာပြသထားကြောင်း သိရသည်။ **ကိုကိုရှုပ**

## ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် စွမ်းအားသစ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ခုနှစ်အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၅ရက် မွန်းလွဲ၂နာရီက အလက(၁) ကျောင်းခန်းမ၌ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးလှဝင်းက အမှာစကားပြောကြားသည်။ **(ယာပုံ)**

## ဖို့မြေရပ်ကွက် စွမ်းအားသစ် သမဝါယမနှစ်ပတ်လည်ကျင်းပ

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိမာ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဒေါက်တာဦးစိန်မြတို့က သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို အမှာစကားပြောကြားသွားသည်။ စွမ်းအားသစ်သမဝါယမအသင်း၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဒေါ်နီနီမာကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို စာရင်းစစ်ဒေါ်နှင်းမာဝင်းကဖတ်ကြားတင်ပြရာ အများကသဘောတူအတည်ပြုပေးကြသည်။ အသင်းသားများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အသင်းဥက္ကဋ္ဌက သဘာပတိနိဂုံးချုပ်အမှာစကားပြောကြားကို အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## တန့်ယန်းမြို့၌ အရန်သားဖွားသင်တန်းဖွင့်လှစ်

**တန့်ယန်း စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်ပံ့ပိုးကူညီမှု တန့်ယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကြီးမှူး ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်း၂၀၁၃ကို စက်တင်ဘာ၂ ရက်မှစတင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံရှိ သင်တန်းခန်းမ၌ဖွင့်လှစ်သည်။ အဆိုပါ အရန်သားဖွားသင်တန်းသို့ တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၉ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စာတွေ့သုံးလ၊ လက်တွေ့ သုံးလဖြစ်ရာ စုစုပေါင်းခြောက်လကြာမြင့်မည်ဖြစ်ကာ သင်တန်းပြီးပါက ဒေသတွင် အနည်းဆုံး သုံးနှစ်အကျိုးပြု တာဝန်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## Mobile Complaint Center ဖွင့်လှစ်ထားရှိခြင်း

ရခိုင်ပြည်နယ်တွင် မိုဘိုင်းလ်ဖုန်းများ သုံးစွဲမှုများပြားလာသည်နှင့်အမျှ မိုဘိုင်းလ်ဖုန်းနှင့်ပတ်သက်သည့်အခက်အခဲများ လိုအပ်ချက်များကို အများပြည်သူလူထုမှ လာရောက်ပြောကြားခြင်း၊ တယ်လီဖုန်းဖြင့်ဆက်သွယ်ပြောကြားခြင်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် Mobile Complaint Center အား အောက်ပါလိပ်စာတွင် (ရုံးချိန်အတွင်း) ဖွင့်လှစ်ထားရှိပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - အော်တိုအိတ်ချိန်း၊ စစ်တွေမြို့။
**ဆက်သွယ်ရန်ဖုန်း** - ၀၄၃-၂၂၇၇၇
**ဖက်(စ်)** - ၀၄၃-၂၂၈၈၉

**ပြည်နယ်မန်နေဂျာ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်ဆောက်လုပ်ရန်အတွက် တင်ဒါတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၂-၉-၂၀၁၃ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါနေရာတွင် ၁၈-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိုင်းဖြတ်မြို့

၃။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၆၃၀၀၈၊ ၀၈၄-၆၃၁၀၁၊ ၀၈၄-၆၃၁၀၂၊**
**၀၉-၄၂၈၂၃၂၄၂၊ ၀၉-၄၂၈၂၂၂၆၆**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)အတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ဝယ်ယူရေး**
(က) Aluminium Ladder(14 feet, 2 way) ၁ ခု
(ခ) ဆက်တီ ၁ စုံ
(ဂ) ဗီရို (Leeco 3'x1'x6') ၂ လုံး
**ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း**
(က) ဆရာများဆောင် မျက်နှာကြက်များပြုပြင်ခြင်း ၂၀၀၈ စပေ

၂။ တင်ဒါပုံစံများကို ကြေညာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါတင်ဒါများကို ၃၀-၉-၂၀၁၃ရက် ၁၄း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)**
**ဖုန်း-၀၈၄-၂၂၄၈၇၊ ၀၉-၃၆၁၆၉၁၆၉**

## မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်အိုက်လှိုင်းပန်၏ မိဘအမည်မှန်မှာ ဦးစိုင်းထွန်းအေး ၁၃/မဆတ(နိုင်)၀၁၂၃၃၁-ဒေါ်နန်းလှငွေး ၁၃/မဆတ(နိုင်)၀၃၆၇၃၀ ဖြစ်ပါသည်။

## မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဆွန်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆိုင် ၁/မခန(နိုင်)၀၂၅၄၁၁ ဖြစ်ပါသည်။

## အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးဇော်လောတ် ၁/မကန(နိုင်)၀၄၉၈၉၆ ၏သမီး မဂျာအောန်လု၏ အမည်မှန်မှာ မဂျာအောန် ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ဘတ်ဂျက်နှင့် ငွေစာရင်းဌာန

ရက်စွဲ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနတွင်အသုံးပြုရန်အတွက် Newsprint Paper 48.8 gsm (၃၀"×၂၂")အရွယ်အစား နော်ဝေစက္ကူများအား အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Newsprint Paper 48.8 gsm (၃၀"×၂၂") နော်ဝေစက္ကူ | ၂၅၀၀ ထုပ် |
| (ခ) | Computer, Printer, Fax Machine, Scanner, UPS, Copier, CCTV, Aircon, Projector နှင့် Computer ဖယောင်းဖောက်စက် | (1) Lot |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၇-၉-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင်ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ခေတ္တဌာနမှူး**
**(ဒေါ်သီသီညွန့်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် ၆၅^၄၊ ဧရိယာ ၀ဒသမ ၀၁၉ဧကရှိ ဦးကျော်သန်းအမည်ဖြင့် ပိုင်ဆိုင်သောဘိုးဘပိုင်မြေကွက်အား ဦးကျော်သန်း ၉/ပမန(နိုင်)၀၂၇၁၂၂ (ဘ) ဦးကိုမောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏အရေးယူဆောင်ရွက်မှုများကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

၁။ ရန်ကုန်မြို့တော်တွင် မိုးဦးရာသီ၌ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များလာသည့်အတွက် မသန့်ရှင်းသောအစားအသောက်များအား တားမြစ်ခြင်းနှင့်ရေဆိုးမြောင်းများ ပိတ်ဆို့မှုမရှိစေရေး တာဝန်ရှိသူများနှင့်ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရှင်းလင်းပြန်ကြားရာတွင် သွေးလွန်တုပ်ကွေးရောဂါသည် ကလေးများ၏အသက်အန္တရာယ်စိုးရိမ်ရသော ရောဂါဖြစ်ပြီး တစ်နှစ်ပတ်လုံးဖြစ်ပွားသော ရောဂါဖြစ်ပါကြောင်းနှင့်မိုးရာသီတွင် ခြင်ပေါက်နှုန်းပိုများသဖြင့် ရောဂါအဖြစ်များသည်ကို တွေ့ရှိရပါ၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းကို တစ်နှစ်ပတ်လုံး စီမံချက်ရေးဆွဲ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း-

(က) ခြင်အန္တရာယ်ကာကွယ်ရန်အတွက် ခြင်သက်ကြီးကောင်များကို ခြင်ဆေးမှုတ်ခြင်း၊ ခြင်သားလောင်းများ မပေါက်ဖွားစေရန်အတွက် (Abate)ခေါ် ခြင်သားလောင်း မပေါက်ဖွားသောဆေးကို အသုံးပြု၍ တစ်နှစ်ပတ်လုံးဆောင်ရွက်ခြင်း၊ ခြင်ထောင်စိမ်ဆေးရည်ထုပ်များကို ရပ်ကွက်အတွင်း အခမဲ့ဖြန့်ဝေပေးခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ အခြေခံလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း။

(ခ) ကျောင်းများတွင်လည်း ကျောင်းမဖွင့်မီ တစ်ပတ်အလိုတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ခြင်ဆေးမှုတ်ပေးခြင်း၊ (Abate)ဆေးခပ်ပေးခြင်း၊ လိုက်ကာများ ဆေးစိမ်ပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း။

(ဂ) မြို့နယ်များရှိ ရပ်ကွက်များတွင်လည်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး ပြည်သူလူထုလှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့သည် NGO များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူလူထုတို့ စုပေါင်းဆောင်ရွက်ခြင်း။

(ဃ) ယခုနှစ်သွေးလွန်တုပ်ကွေးဖြစ်ပွားနှုန်း ပိုမိုတိုးတက်လာသည်ကိုတွေ့ရှိရ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အပတ်စဉ်(ဗုဒ္ဓဟူး၊ စနေ)နေ့များတွင် ဆောင်ရွက်လျက်ရှိသော ခြင်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ယခင်ထက်ပို၍ အရှိန်အဟုန်မြှင့်ပြီး ပြည်သူလူထုနှင့်ပူပေါင်းဆောင်ရွက်ခြင်း။

(င) စားသောက်ကုန်များတွင် ခွင့်မပြုဆိုးဆေးများပါဝင်မှု ရှိ/မရှိကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးခြင်း၊ ဆီအရည်အသွေးအမျိုးအစား ခွဲခြားစစ်ဆေးခြင်း၊ စားသုံးရန်သင့်မသင့် စစ်ဆေးခြင်းတို့ကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး စားသောက်ကုန်များ သန့်ရှင်းမှု ရှိ/မရှိကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အစားအသောက်ထုတ်လုပ်သော စက်ရုံများအား ပုံမှန်စစ်ဆေးခြင်း။

(စ) ရန်ကုန်မြို့တော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ၊ ကျောင်းတွင်းစားသောက်ဆိုင်များ၊ ဈေးများတွင်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာနမှ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချမှု ရှိ/မရှိကို စဉ်ဆက်မပြတ်စစ်ဆေးခြင်း။

(ဆ) ဈေးများတွင်ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများ၌ ခွင့်မပြုဆိုးဆေးများပါဝင်မှု ရှိ/မရှိကို အစားအသောက်နမူနာ (Food Sample)ကောက်ယူ၍ ဓာတ်ခွဲခန်းတွင်စစ်ဆေးခြင်း၊ ခွင့်မပြုဆိုးဆေးများပါဝင်လျက်ရှိသော စားသောက်ကုန်များအား ဖျက်သိမ်းခြင်း၊ သတိပေးခြင်း၊ ပညာပေးကာလကျော်လွန်ပါက ဆိုင်ပိတ်သိမ်းခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ လမ်းတံတားဌာနမှ လမ်းလယ်တုံးများ စနစ်တကျရောင်ပြန်ကပ်ခြင်း၊ ဆေးရောင် သုတ်၍ချထားခြင်းနှင့် သတိပေးဆိုင်းဘုတ်များ ပြုလုပ်ပေးနိုင်ပါက ယာဉ်အန္တရာယ်ကင်းရှင်းမည်ဖြစ်ပါကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အောက်ပါအတိုင်း ရှင်းလင်းပြန်ကြားထားပါကြောင်း-

(က) ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့လမ်းမပေါ်တွင် ကားဝင်/ထွက်ရန်မှအပ လမ်းလယ်တုံး ၁၇၈ တုံးအားတောက်လျှောက်ချထားပေးပြီး လမ်းလယ်ကျွန်း ကွန်ကရစ်တုံးများအား ဆေးရောင်သုတ်ပေးခြင်း၊ ရောင်ပြန်စတေကာကပ်ခြင်းအပြင် ကွန်ကရစ်တုံးထိပ်ပေါ်တွင် အဝါရောင်မှိတ်တုတ် မီးဝါတပ်ဆင်ပေးထားပြီး လမ်းမီးတိုင်မှ လမ်းမီးများကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း။

(ခ) လှိုင်သာယာဘက်မှ ဘုရင့်နောင်တံတားအထက် တပ်ဂိတ်နှစ်ဂိတ်ကြားတွင် ချထားသော လမ်းလယ်ကွန်ကရစ်တုံးများအား ရောင်ပြန်ကပ်ခြင်း၊ ဆေးသုတ်ခြင်း။

(ဂ) ဦးဝိစာရလမ်း၊ ဦးဝိစာရမီးပွိုင့် ဘဏ်ရှေ့တွင် Free Lane အတွက်ချထားသည့် လမ်းလယ်တုံးများအား ဆေးသုတ်ခြင်း၊ ရောင်ပြန်စတေကာကပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၃။ ရတနာပုံတယ်လီပို့မှ တာဝန်ယူဖြန့်ဖြူးရောင်းချနေသော GSM ငွေဖြည့်ကတ်များအား နယ်အရောင်းဆိုင်များသို့ လက်ခွဲစနစ်ဖြင့် ကိုယ်စားလှယ်ရောင်းချပေးခဲ့ရာ အရောင်းဆိုင်များတွင်ရှိနေသော ငွေဖြည့်ကတ်များအနက်အချို့မှာ သက်တမ်းကုန်ဆုံးသွားသဖြင့် အဆိုပါငွေဖြည့်ကတ်များ၏ သက်တမ်းအား တိုးမြှင့်ပေးပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ အောက်ပါအတိုင်းရှင်းလင်းပြန်ကြားထားပါကြောင်း-

(က) GSM ငွေဖြည့်ကတ်များနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ငွေဖြည့်ကတ်များအတွက် လိုအပ်သော Data များကို OCS System မှ Generate ပြုလုပ်၍ သက်ဆိုင်ရာကုမ္ပဏီသို့ လွှဲပြောင်းပေးရာတွင် ငွေဖြည့်ကတ်သက်တမ်း (Expiry Date) ကို Data Generate ပြုလုပ်ချိန်မှ စတင်၍ (ခြောက်လ) သက်တမ်းသတ်မှတ်ပေးထားပါကြောင်း။

(ခ) ငွေဖြည့်ကတ်များကို သက်ဆိုင်ရာကုမ္ပဏီမှထုတ်လုပ်၍ ၎င်းတို့၏အစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် မရောင်းလိုက်ရသည့် သက်တမ်းလွန်ငွေဖြည့်ကတ်များအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သက်တမ်းတိုးပေးနိုင်ခြင်းမရှိသော်လည်း အောက်ပါအတိုင်း ကတ်အသစ်အစားထိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း-

(၁) သက်တမ်းလွန် ငွေဖြည့်ကတ်များကို သက်တမ်းကုန်သည့် နေ့ရက်မှတစ်လအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မူလဝယ်ယူထားသည့် တရားဝင်အရောင်းကိုယ်စားလှယ်သို့ ပြန်လည်အပ်နှံစေပြီး တရားဝင်အရောင်းကိုယ်စားလှယ်မှ အခကြေးငွေမယူဘဲ ငွေဖြည့်ကတ်အသစ်ဖြင့် အစားထိုးပြန်လည်ထုတ်ပေးစေခြင်း။

(၂) တရားဝင်အရောင်းကိုယ်စားလှယ်မှ လက်ခံထားသော သက်တမ်းလွန်ငွေဖြည့်ကတ်များကို နောက်(တစ်လ)အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အပ်နှံစေခြင်း။

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သက်တမ်းလွန်ငွေဖြည့်ကတ်များ၏ နံပါတ်များကို ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာဌာနများ၏ ပြန်ကြားချက်များအား ဖော်ပြအပ်ပါသည်။

၄။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုများအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့**

## ပန်းတနော်မြို့နယ် ကြေးတိုင်အင်းများတွင် ငါးမျိုးစိုက်ထည့်

**ပန်းတနော် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ခနွဲကဘိုကျေးရွာရှိ ဖိုးလမင်းစိုက်/မွေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မှ ၂၀၁၃-၂၀၁၄ ခုနှစ် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ခနွဲကဘိုကျေးရွာ ဖိုးလမင်းကုမ္ပဏီ လုပ်ပိုင်ခွင့်ရ ကြေးတိုင်အင်း (၅) အင်းအတွင်းရှိ အင်းကြီးဂရန်၊ လိပ်ကြည်အိုင်းအင်း၌ ကျင်းပရာ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျင်ညိမ်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များထံ ငါးသားပေါက်များ ပေးအပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် သုံးလက်မ၊ လေးလက်မအရွယ်ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းကို စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(ဝဝ)**

**ခင်မောင်ဇော်မြင့်**

**လူကုန်ကူးမှုပပျောက်မှ တို့တွေစိတ်မှာချမ်းသာရ**


## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ (Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

**တည်နေရာ** - ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြေဧရိယာ** - ၈ ဒသမ ၅၁၈ ဧက

၂။ အဆိုပါမြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့်အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)၊ ရုံးခန်းအဆောက်အအုံများ (Office Appartment)နှင့် လူနေတိုက်ခန်းများ (Condo) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886 (MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင်(USD 1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပါသည်။ (သို့မဟုတ်) ကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက် ၁၅:၀၀နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1000000)တန်ဖိုးရှိ သက်တမ်း ခြောက်လရှိသောဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့မဟုတ်)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှထုတ်ပေးခြင်း ဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

**တည်နေရာ** - မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြေဧရိယာ** - ၃၆ ဒသမ ၅၅၁ ဧက

၂။ အဆိုပါမြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့်အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appartment) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886 (MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD 1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပါသည်။ (သို့မဟုတ်) ကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက် ၁၅:၀၀နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1000000)တန်ဖိုးရှိ သက်တမ်း ခြောက်လရှိသောဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့မဟုတ်)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**အမည်ပြည့်စွက်ခြင်း**

မြိတ်မြို့နယ်၊ စန္ဒာဝတ်ကျေးရွာအုပ်စု၊ ကျွဲကူးကျေးရွာ၊ အဏ္ဏဝါရပ်နေ ဦးတင်လှ၏သား မောင်တင်မိုးသူအား မောင်တင်မိုးသူ(ခ)နေမျိုးသူဟု ဖြည့်စွက်ခေါ်ပါရန်။

**မောင်တင်မိုးသူ(ခ)နေမျိုးသူ ၆/မမန(နိုင်)၁၆၀၇၁၄**

**အများပြည်သူများသိစေရန်**

ကျွန်ုပ် ဦးကြည်ဝင်း ၉/မထလ(နိုင်)၀၃၆၃၃၇သည် ညီအရင်းဖြစ်သူ ဦးစိန်တိုး၏သမီး မမြသက်နိုင် ၉/ညဥန(နိုင်)၀၁၃၅၄၆အား ၉-၉-၂၀၁၃ရက်မှစ၍ အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဦးကြည်ဝင်း**

# ခွေးကိုက်ခံရလျှင် ကာကွယ်ဆေးကိုအမြန်ဆုံးထိုးပါ၊ ခွေးရူး ခွေးကောင်းစောင့်ကြည့်မနေသင့်

သတင်း ကြီတိုင်းအောင်

ခွေးကိုက်ခံရသူများအနေဖြင့် ကာကွယ်ဆေးထိုးရန် အချိန်ဆွဲမနေဘဲ အမြန်ဆုံး ခွေးရူးပြန်ကာကွယ်ဆေးကို ထိုးသင့်ကြောင်း ယင်းရောဂါကို ကုသပေးနေသည့် ဆရာဝန်တစ်ဦးက ပြောသည်။

"အချို့က ခွေးကိုက်တယ်ဆိုရင် ခွေးရူးခွေးကောင်းဟုတ် မဟုတ် ၁၀ ရက်လောက်စောင့်ကြည့်ပါဆိုတဲ့ အယူရှိတယ်။ တကယ်တော့ခွေးရူးတယ်၊ မရူးဘူးဆိုတာ ဘယ်သူမှချက်ချင်းပြောလို့မရဘူး။ ၁၀ ရက်လောက်စောင့်ကြည့်ပါဆိုတော့ အဲဒီ ၁၀ ရက်အတွင်းမှာပဲခွေးက သေသွားတယ်။ အဲဒီတော့ခွေးရူးပြန်ကာကွယ်ဆေးထိုးမယ်ဆိုရင် လူနာရဲ့အသက်ကို ကယ်ဖို့ကခက်သွားပြီ။ ဖြစ်နိုင်မယ်ဆိုရင် ခွေးကိုက်ခံရတာနဲ့ ခွေးကောင်းတာ မကောင်းတာ မစောင့်ပါနဲ့။ချက်ချင်းကာကွယ်ဆေးထိုးပါ"ဟု ဒေါက်တာ ဦးသန်းဝင်းက ပြောသည်။

"တချို့ကပြောတာရှိသေးတယ်။ အိမ်ကခွေးပဲ ဘာမှမဖြစ်ပါဘူး။ ခွေးရူးပြန် ကာကွယ်ဆေးထိုးနေစရာမလိုဘူးလို့ပြောကြတာ ရှိပါသေးတယ်။ ခွေးအကိုက်ခံရတဲ့ကလေးက ခြောက်လလောက်မှဖျားတယ်။ ဖျားတာကလည်း ရိုးရိုးမဟုတ်ဘူး။ ရေကြောက်တယ်၊ ဒါဆိုရင်ခွေးရူးပြန်တာမဖြစ်နိုင်ဘူးလား။ ဘယ်တုန်းက ခွေးကိုက်ခံရတာလည်းဆိုတာ မေးလိုက်တော့မှ ခွေးရူးပြန်တာ ဖြစ်နေတယ်။အဲဒီအချိန်မှာ တွန့်လိမ်နေပြီ၊ မရတော့ဘူး။ အဲဒါကြောင့် ခွေးကိုက်ခံရပြီဆိုရင် ခွေးရူးခွေးကောင်း မစောင့်ပါနဲ့။ အမြန်ဆုံးကာကွယ်ဆေးကို ထိုးကြပါ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ခွေးကိုက်ခံရလျှင် ခွေးကိုက်ခံရသည့် ဒဏ်ရာကိုရေဖြင့်သန့်စင်အောင်ဆေးကြောပြီး နီးစပ်ရာဆေးရုံဆေးခန်းများတွင် အမြန်ဆုံးကုသမှုကို ခံယူသင့်ပါသည်။ တစ်ချိန်တည်းမှာပင် ခွေးရူးပြန်ကာကွယ်ဆေးကို မြန်နိုင်သမျှ မြန်အောင် ထိုးသင့်ပါသည်။

ခွေး ၇၀ ရာခိုင်နှုန်းတွင် ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်များရှိကြောင်း သိရပါသည်။ ကိုက်လိုက်သည့်ခွေးသည် အများဆုံးခွေးရူးပြန်ရောဂါပိုးရှိနိုင်သည့် သဘောဖြစ်ပါသည်။ ခွေးရူးပြန်ရောဂါပိုးသည် ခွေးများ၌သာရှိသည်မဟုတ်ဘဲ အခြားသောအိမ်မွေးတိရစ္ဆာန်ဖြစ်သည့် ကြောင်တွင်လည်း ရှိနိုင်ပါသည်။ကြောင်ကိုက်ခံရခြင်း၊ ကြောင်ကုတ်ခံရခြင်းတို့ကြောင့်လည်း ခွေးရူးပြန်ရောဂါဖြစ်နိုင်ပါသည်။

ထို့ကြောင့် အိမ်မွေးတိရစ္ဆာန်တစ်မျိုးမျိုး အကိုက်ခံရပြီဆိုလျှင် ပေါ့ပေါ့ဆဆမနေသင့်ပါ။ ခွေးရူးပြန်ကာကွယ်ဆေးကို အမြန်ဆုံးထိုးသင့်ပါသည်။ လာမည့် စက်တင်ဘာ ၂၈ ရက်နေ့သည် ကမ္ဘာ့ခွေးရူးပြန်ရောဂါ ကာကွယ်ရေးနေ့ဖြစ်ပါသည်။ ပြည်သူများ ခွေးရူးပြန်ရောဂါနှင့်ပတ်သက်ပြီး အသိသတိရှိကြစေရန် တိုက်တွန်းထားပါသည်။ **(မြန်မာ့အလင်း)**

# ဝါတွင်းကာလ ဌာနဆိုင်ရာများ စုပေါင်းဆွမ်းကပ်လှူဒါန်း

**ဟားခါး စက်တင်ဘာ ၁၈**

ချင်းပြည်နယ် ဟားခါးမြို့ရှိ ဌာနဆိုင်ရာများ၏ ဝါတွင်းကာလစုပေါင်းဆွမ်းကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့မြို့မပရိယတ္တိစာသင်တိုက်၌ကျင်းပသည်။

အဆိုပါ ဆွမ်းကပ်လှူဒါန်းပွဲတွင် ဟားခါးမြို့ မြို့မပရိယတ္တိသာသနာပြုစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ မဟာဂန္ဓဝါစကပဏ္ဍိတမမွေကထိက ဗဟုဇနဟိတရေထံမှကိုး ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များကို ဝါဆိုသက်နန်းနှင့် ဆွမ်းကွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# အကြမ်းဖက်ခံရမှု ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမျူးကျင်းပသော ကလေးသူငယ်အမျိုးသမီးများ အကြမ်းဖက်ခံရမှုကာကွယ်ရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က အထက(၁)တာမွေပင်လုံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်မြင့်က ပြစ်မှုကြောင်းဆိုင်ရာများ အသိပညာပေးဆွေးနွေးကာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဆွေဦးက ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်လှလှမြင့်က **မိခင်ဖြစ်မည့် အမျိုးသမီးငယ်များကို ကာကွယ်ပါ** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အသင်းဝင်အဆိုပြုလွှာများ လက်ခံပြီးနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ဝင် ရင်ထိုးများပေးအပ်ကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

**ကိုဇော်(တာမွေ)**

# စာပေရေချမ်းစင်များတွင် ပြည်သူများစိတ်ဝင်စားစွာ စာပေလေ့လာ

**ပုသိမ် စက်တင်ဘာ ၁၈**

ပြည်သူကိုဗဟိုပြုပြီး ပြည်သူများကို အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော နံရံကပ်စာပေရေချမ်းစင်များကို ပုသိမ်မြို့ပေါ်ရှိ မေတ္တာဦးတံတား၊ ငွေဆောင်ကားဂိတ်၊ ပြည်သူ့ဆေးရုံ၊ မြို့မစျေး၊ အဝေးပြေးကားဂိတ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံး၊ မြို့နယ်တရားရုံးစသည့် ပြည်သူများဝင်ရောက်သွားလာမှု အများဆုံးနေရာများကို ရွေးချယ်ပြီး မြို့ပေါ် နေရာ၂၀ တွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ပုသိမ်မြို့နယ် အမှတ်(၉) ရပ်ကွက်အတွင်းရှိ အေးမေတ္တာလူမှုရေးအသင်းအဖွဲ့များကလည်း 'ယခုလို ပြည်သူအများဆုံးရှိနိုင်တဲ့နေရာတွေမှာ စာပေရေချမ်းစင်တွေထားရှိပေးတာဟာ အလွန်ကောင်းမွန်တဲ့ လုပ်ရပ်ဖြစ်လို့ မိမိတို့အသင်းအဖွဲ့ ရုံးများတွင်လည်း ထားရှိပေးစေလိုကြောင်း' သူတို့၏အမြင်ကို ရှင်းလင်းပြောကြားကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ သံဖြူဧရပ်မြို့၌ကျင်းပ

**သံဖြူဧရပ် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက သံဖြူဧရပ်မြို့ အထက(၂) ရှင်စောပုခန်း၌ မြန်မာနိုင်ငံလူကုန်းကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရကလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းရပ်များ ပြောကြားပြီး အတွင်းရေးမှူး မော်လမြိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲအုပ်ဌေးလွင်က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဝေါလီဗီးရှင်းအဖွဲ့(မြန်မာ)စီမံချက်တာဝန်ခံ ဦးတင်မောင်လတ်က လူကုန်ကူးမှုခံရသူများ၏ ရင်တွင်းစကားကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများလေ့လာသိရှိနိုင်ရန် လူကုန်ကူးမှုဆိုင်ရာ စာအုပ်စာစောင်များကို မော်လမြိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုနှင့် ဝေါလီဗီးရှင်းအဖွဲ့မှ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိထံပေးအပ်လျှက်ရှိသည်။

**လူကုန်ကူးမှု ပယောက်ရေး တို့တွေပါဝင်ကူညီပေး** ခေါင်းစဉ်ဖြင့် အထက်တန်း/အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆုချီးမြှင့်ပြီး အခမ်းအနားအပြီးတွင် ပရိသတ်များက ပြသထားသည့်လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းများကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေပြောင်းသွားလာဘေးကင်းကွာ သိမှတ်စရာကြိုတင်လေ့လာပါ


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ Software Application(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Training information Management System Software Application

(ခ) e-Library (Local) Software Application

၂။ တင်ဒါတင်သွင်းသူများသည် ကျောင်း၏လိုအပ်ချက်များကို ညှိနှိုင်း၍ ရေးဆွဲပေးရန် လိုအပ်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၅-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၃း၃၀ နာရီ

၄။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဒုတိယကျောင်းအုပ်ကြီး ဖုန်း-၀၆၄-၂၃၅၃၂၂ သင်ကြားလေ့ကျင့်ရေးဌာန(ကထိက)စာပေ ဖုန်း-၀၉-၂၅၆၁၀၄၈၀၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနမှ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်း အသေးစိတ်နှင့် စက်ပစ္စည်းစာရင်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

**စတင်ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၃ရက်၊ နံနက် ၉း၃၀နာရီ

၄။ **တင်ဒါပိတ်ရက်** - ၉-၁၀-၂၀၁၃ရက်၊ ညနေ ၁၆း၀၀နာရီ

**တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၅)တွင် ထည့်သွင်းကြော်ငြာထားသည့် ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)မှ တင်ဒါခေါ်ယူထားသော လမ်းခင်းပစ္စည်းများအား **ဝယ်ယူရန်အတွက်မဟုတ်ဘဲ** လုပ်ငန်းခွင်သို့အရောက် **သယ်ယူရန်** တင်ဒါခေါ်ယူထားခြင်းဖြစ်ကြောင်း ပြင်ဆင်အပ်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Battery,Tyre & Tube | ၁၁ မျိုး |
| (ခ) | စက်ဆီ/ချောဆီ | ၅ မျိုး |
| (ဂ) | စာရေးကိရိယာ | ၂၃ မျိုး |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါပုံစံများကို ၂၄-၉-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## မိဘ အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(A)မှ မစောခင်၏မိဘအမည်မှန်မှာ ဦးမောင်-ဒေါ်ရွှေ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမောင်ထမ်း၏သမီး ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မန္တွဲ့ဝင်းအား ယနေ့မှစ၍ မန္တယ်နွယ်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

**မန္တယ်နွယ်ဝင်း**

## မိဘအမည်မှန်

ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မအိဇာဖေ၏ မိဘအမည်မှန်မှာ ဦးသန်းထွေး-ဒေါ်ခင်ကြည်ဦး ဖြစ်ပါကြောင်း။

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နှိုင်ငံခြားမုန့်ဖုတ်သင်တန်း

MASTER
01-248014
09-73181875
09-49306938

1 (27.9.13) မှ (2.10.13) | 3 (3.10.13) မှ (8.10.13)
2 (30.9.13) မှ (5.10.13) | 4 (6.10.13) မှ (11.10.13)

MASTER စားသောက်ကုန်သင်တန်း
01-251927, 09-49222177

## မှုခင်းသတင်းနှင့်ကြော်ငြာ

# ကျပ်သန်းရှစ်ရာနီးပါးတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**တာချီလိတ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ပါခုတ်စစ်ဆေးရေးဂိတ်ကွင်းရှောင်လမ်း၌ စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက တာချီလိတ်(မူးယစ်)မှ ရဲအုပ်လှလွင် ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် ဝမ်ပုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသော Pajero ပေါ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၈၉၆၀၀ သိမ်းဆည်းရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်(မူးယစ်)မှ ရဲအုပ်လှလွင် ဦးစီးအဖွဲ့(၂+၂)၊ ဝမ်ပုံနယ်မြေစခန်းမှ ဒုရဲအုပ်သန်းစိုး ဦးစီးအဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးတင်ရွှေပါ လေးဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပါခုတ်စစ်ဆေးရေးဂိတ် ကွင်းရှောင်လမ်း၌ မူးယစ်ဆေးဝါးသတင်းအရ ပိတ်ဆို့ရှာဖွေမှုများ စစ်ဆေးရှာဖွေနေစဉ် ဝမ်ပုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသော Pajero အမျိုးအစား အစိမ်း/ခဲရောင်ယာဉ်မှာ အစစ်အဆေးမခံယူဘဲ နောက်ဘက်သို့ ပြန်လှည့်မောင်းနှင်သွားသဖြင့် ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်ဖြင့် လိုက်လံပိတ်ဆို့ တားဆီးစဉ် အမည်မသိ ယာဉ်မောင်းဖြစ်သူနှင့်အမျိုးသားတစ်ဦး (စုံစမ်းဆဲ)သည် ယာဉ်ကို ရပ်တန့်ပြီး ရာဘာတောအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်တန့်ထားသော မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေခဲ့

ရာ ဆာလာအိတ်နှစ်အိတ်အတွင်း အနီရောင်ရွှေငါးတံဆိပ်ပါ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား တစ်ထုပ်လျှင် ၁၀၀၀၀ စီပါ ၃၈ထုပ်၊ ၉၆၀၀ ပါ တစ်ထုပ် စုစုပေါင်းဆေးပြား ၃၈၉၆၀၀၊ အလေးချိန် ၃၈ ဒသမ ၉၆ ကီလို၊ ကာလတန်ဖိုး ဆေးပြားတစ်ပြားလျှင် ၂၀၀၀ နှုန်းဖြင့် ငွေကျပ်သန်းပေါင်း ၇၇၉ ဒသမ ၂ သန်းကို တွေ့ရှိသဖြင့် ရဲအုပ်လှလွင်ကသက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် မူးယစ်(အထူး)အဖွဲ့၊ နယ်မြေခံ ရဲတပ်ဖွဲ့၊ နယ်မြေခံ ပါခုတ်ကျေးရွာ ပြည်သူ့စစ်အဖွဲ့များနှင့် အတူပူးပေါင်းစုံစမ်းဆောင်ရွက်လျက်ရှိပြီး ယာဉ်အမှတ် ၄ဂ/ . . . Pajero မော်တော်ယာဉ်ပိုင်ရှင်ဖြစ်သူနှင့် ယာဉ်မောင်းတို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(လ/၀၁၅)**

---

# လက်ဖက်ခြောက်ပွဲရုံတစ်ခု၌
## လျှပ်စစ်မီးပေါ့ဆစွာ အသုံးပြုသဖြင့် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်အတွင်း လက်ဖက်ခြောက်ပွဲရုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၆ နာရီ ၃၅ မိနစ်က ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်ရှိ စိန်အကောင်းစားလက်ဖက်ခြောက်ပွဲရုံတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပွဲရုံပိုင်ရှင်ဦးအောင်သိန်းသည် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပွဲရုံကို ပိတ်ပြီး လျှပ်စစ်မီးခလုတ်ကို ချထားခဲ့သော်လည်း အသုံးပြုခဲ့သော မီးဖိုကို မပိတ်ဘဲထားခဲ့ကြောင်း၊ စက်တင်ဘာ ၁၆ ရက် နံနက် ၆ နာရီခန့်တွင် ပွဲရုံသို့ပြန်လည်ရောက်ရှိစဉ် မိန်းခလုတ်ကိုတင်၍ အသုံးပြုခဲ့ရာမှ ယခင်ရက်က မပိတ်ဘဲထားခဲ့သော လျှပ်စစ်မီးဖိုမှာ အပူရှိန်မြင့်တက်လာပြီး အနီးရှိ INAS တံဆိပ်ပါ စားအုန်းဆီဖာ ၁၂ ဖာနှင့် ထပ်ခိုးတို့ကို မီးစွဲလောင်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ပတ်ဝန်းကျင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ ရောက်ရှိမီးငြိမ်းသတ်ခဲ့၍ နံနက် ၆ နာရီ ၄၈ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၆၆၀၀၀ ခန့်ဆုံးရှုံး သွားခဲ့သဖြင့် လျှပ်စစ်မီးပေါ့ဆစွာအသုံးပြုသူ ဦးအောင်သိန်းအား ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

---

# ဖြူးမြို့တွင် ဆိုင်ကယ်ခိုးယူလာသူကိုဖမ်းမိ

**ဖြူး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဘူတာတောင်ရပ်ကွက်တွင် လူတစ်ဦးကိုဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်မသင်္ကာဖွယ်တွေ့ရှိသဖြင့် လှည့်ကင်းက စစ်ဆေးရာ ခိုးယူလာသော ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ ရက် နံနက် ၄ နာရီခွဲတွင် ဖြူးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့်ရဲတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် ဖြူးမြို့ ဘူတာတောင်ရပ်ကွက်၁၈လမ်းနှင့်၂၁လမ်းထောင့် အရောက်တွင်ဆိုင်ကယ်နှင့်လူတစ်ဦးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် အသိသက်သေ ဘူတာတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမြင့်လွင်နှင့် တာဝန်ရှိသူများရှေ့တွင် စစ်ဆေးရာ ဆိုင်ကယ်စီးလာသူမှာ ဖြူးမြို့နယ် ဇေယျာဝတီမြို့သစ် မြောက်ပိုင်းနေ ဖိုးလပြည့်(ခ) ဝင်းသိန်း(၂၇နှစ်) ကျပန်းလုပ်သူဖြစ်ကြောင်းသိရသည်။

၎င်းစီးလာသော HIBOBO အမျိုးအစား အစိမ်းပုပ်ရောင် လိုင်စင်မဲ့ ဆိုင်ကယ်နှင့် HUHWER အမျိုးအစား ဆင်းကတ်မပါ အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံးကိုတွေ့ရှိသဖြင့် ၎င်းအား စစ်ဆေးမေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း ခိုင်လုံသောသက်သေအထောက်အထား ပြောဆိုနိုင်ခြင်းမရှိသဖြင့် ရဲစခန်းအပိုင်တစ်နေရာရာမှခိုးယူလာသည်ဟု မသင်္ကာ၍ သက်သေများရှေ့တွင်ဒုရဲအုပ်ကျော်ဇင်ထိုက်က ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတစ်လုံး(ဆင်းကတ်မပါ)ကို တစ်နေရာရာမှ ခိုးယူလာသည်ဟု သင်္ကာမကင်းသူ ဖိုးလပြည့်(ခ)ဝင်းသိန်းအား ဖြူးမြို့ရဲစခန်းမှ ရဲအုပ်သန့်ဇင်က ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၁၃)**

---

# စိတ်ကြွရူးသွပ်ဆေးပြား သိမ်းဆည်းရမိ

**ဟိုပန် စက်တင်ဘာ ၁၈**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ကွမ်းလုံမူးယစ်(အထူး)အဖွဲ့၊ ဟိုပန်လှုပ်ရှားမှုအဖွဲ့မှ ရဲအုပ်ထွန်းထွန်း ဦးစီးအဖွဲ့ သုံးဦးနှင့် မြို့မရဲစခန်း(ဟိုပန်)မှ တပ်ကြပ်အုန်းမြင့်သည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ဖောင်ဆိပ် (နမ့်တိန်) တံတား ရဲကင်းရှေ့၌ စောင့်ဆိုင်းနေစဉ် ဟိုပန်မြို့မှ ချင်းရွှေဟော်ဘက်သို့ ၂၂ယ/. . . ဆိုင်ကယ်စီးနင်းလာသူ ညီလောင်း(၃၃နှစ်)(သတ္တုတွင်းလုပ်သား) ဖာလင်ကျေးရွာ ဟိုပန်မြို့နေသူကို သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်သည့် အပြာရောင်မိုးကာအင်္ကျီ ဝဲဘက်အိတ်ကပ်အတွင်းမှ ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် ၄၀ ဂရမ်ခန့်စီပါ ရေသန့်ဘူး နှစ်ဘူး၊ စုစုပေါင်း အဖြူရောင်အမှုန့် ၈၀ ဂရမ်ခန့် (ခန့်မှန်းတန်ဖိုး ၁၆၀၀၀၀၀)နှင့် ယာဘက်အောက်အိတ်ကပ်အတွင်းမှ အနက်ရောင် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အပြာရောင်ကပ်ခွာအိတ် သုံးအိတ်၊ စုစုပေါင်း ဆေးပြား ၆၀၀၊ အလေးချိန် ၆၀ ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ခန့်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့သည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ညီလောင်းကို မြို့မရဲစခန်း(ဟိုပန်)က အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၄၂)**

---

# သမက်ဖြစ်သူက ယောက္ခမကို လည်ပင်းညှစ်သတ်ပြီး အလောင်းဖျောက်မှုဖမ်းမိပြီ

**မော်လမြိုင် စက်တင်ဘာ ၁၈**

ယောက္ခမကို လည်ပင်းညှစ်သတ်ပြီး အိမ်ခြံနောက်ဘက် မြောင်းအတွင်း အလောင်းပစ်ချခဲ့သော သမက်ဖြစ်သူကို မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်စီစဉ်ပေးမှုဖြင့် မုပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဆန်းဝင်း နယ်ထိန်းတာဝန်ခံဒုတိယရဲအုပ်သိန်းစိုးတို့အဖွဲ့က အခင်းဖြစ်ပွားပြီး စက်တင်ဘာ ၇ ရက် ညနေက သမက်ဖြစ်သူ ကျော်ဆန်းကို ဖမ်းဆီးလိုက်သည်။

မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ကော့ခမယ်ကျေးရွာ ခြံစုနေ ဒေါ်ခင်မြ (၆၅ နှစ်) သည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက နေအိမ်တွင် အိပ်နေခိုက် သမက်ဖြစ်သူ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ဇော်ကုန်းကျေးရွာနေ ကျော်ဆန်း (၃၁ နှစ်)သည် နေအိမ်ပေါ်တွင် ပစ္စည်းများခိုးယူရန် ရှာဖွေနေစဉ် ယောက္ခမဖြစ်သူ ဒေါ်ခင်မြ နိုးသွားရာမှ သမက်ဖြစ်သူကယောက္ခမ ဒေါ်ခင်မြ (၆၅နှစ်)ကို လည်ပင်းညှစ်သတ်ပြီး အိမ်နောက်ဖေး ရေမြောင်းအတွင်း အလောင်းကို ပစ်ချခဲ့သည်။

**အရေးယူခဲ့**

မိခင်ဖြစ်သူ ဒေါ်ခင်မြ သေဆုံးသွားခဲ့မှုနှင့် ပတ်သက်၍ သမီးဖြစ်သူ မသီတာက ဖားအောက်ကျေးရွာရဲကင်းစခန်းသို့ တိုင်ကြားထားရာ မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

သေဆုံးသွားခဲ့မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုင်ကြားသူမသီတာ၏ ခင်ပွန်းဖြစ်သူ ကျော်ဆန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(၁၀၇)**

---

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

---


## ကလောမြို့နယ် မဂ္ဂဇင်းအတွက် စာမူဖိတ်ခေါ်

ယခုနှစ်အတွင်း ထုတ်ဝေဖြန့်ချိမည်ဖြစ်သော ကလောမြို့နယ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

[illegible]

PIN

## ဖခင်အမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်နေထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မောင် ဖြစ်ပါကြောင်း။
**ဦးအောင်မောင်**

## မိဘအမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မတင့်တင့်ထူး၏ မိဘအမည်မှန်မှာ ဦးထိန်လင်း-ဒေါ်ဝေဝေလွင် ဖြစ်ပါကြောင်း။
**ဦးထိန်လင်း-ဒေါ်ဝေဝေလွင်**

## ဖခင်အမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မသက်သက်ဟန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ဖြစ်ပါကြောင်း။
**ဦးမြင့်လှိုင်**

## မိဘအမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မဟိန်းမာန်ဖြူ၏ မိဘအမည်မှန်မှာ ဦးမောင်စောနှင့် ဒေါ်သန်းရွှေ ဖြစ်ပါကြောင်း။
**ဦးမောင်စော-ဒေါ်သန်းရွှေ**

## ဖခင်အမည်မှန်
ပင်းတယမြို့၊ ၄ကပ်ပျောတောရပ်ကွက်နေ မအိအိမွန်(ကွန်ပျူတာတက္ကသိုလ်၊တောင်ကြီး)နှင့် ဇော်မျိုးအောင်(စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာ)တို့၏ဖခင်အမည်မှန်မှာ ဦးကိုကိုဇော် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သီဟ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကောင်း ဖြစ်ပါကြောင်း။
**ဦးမောင်ကောင်း**

## တေဇ(၁၂)မှ သူငယ်ချင်းများသို့

သင်တန်းဆင်း (၂၈)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျဆုံး၊ ကွယ်လွန်သွားသော သူငယ်ချင်းများအားရည်စူး၍ အလှူဒါနများပြုလုပ်ပြီး သူငယ်ချင်းမိသားစုများ ခင်မင်ရင်းနှီးစွာ တွေ့ဆုံမည့် မိတ်ဆုံစားပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ မိသားစုဝင်များနှင့်အတူ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | ရန်ကုန် | မန္တလေး |
|---|---|---|
| နေရာ | ရွှေတောင်တိုက်သစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဗားကရာတိုက်၊ ခေမာသီရိရပ်ကွက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ | ဒိုးကွင်းပရဟိတကျောင်း၊ အနီးစခန်း ပြင်ဦးလွင်မြို့နယ် |
| နေ့ရက် | ၂၁-၉-၂၀၁၃ ရက် (စနေနေ့) | ၂၂-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) |
| အချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ | နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ |

**လျှပ်တစ်ပြက်ဂေါက်ရိုက်ပြိုင်ပွဲ**
- ရွှေမန်းတောင်ဂေါက်ကွင်း
- မွန်းလွဲ ၁ နာရီ

**မိသားစုမိတ်ဆုံစားပွဲ**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| နေရာ | M 3 Food စားသောက်ဆိုင် | ရွှေဘဲစားသောက်ဆိုင် (မန္တလေး) |
| နေ့ရက် | ၂၁-၉-၂၀၁၃ ရက် (စနေနေ့) | ၂၁-၉-၂၀၁၃ ရက် (စနေနေ့) |
| အချိန် | ညနေ ၆ နာရီ | ညနေ ၆ နာရီ |

**လူမှုရေးကော်မတီ**

## လူပျောက်ကြော်ငြာ
ဇော်မင်းဦး(ခ)နိုင်နိုင် အသက်(၂၈)နှစ် ၁၁/စတန(နိုင်)၀၈၁၉၈၈ သည် စိတ်ကျန်းမာရေးမကောင်းသူဖြစ်ပါသည်။ ၂၈-၈-၂၀၁၃ရက်က အိမ်ပြန်ရန် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။) **ဖုန်း-၀၉-၃၁၅၅၇၄၄၉၊ ၀၉-၄၉၄၄၂၄၉၇၊ ၀၉-၄၃၁၈၂၃၅၉**

## မိဘအမည်မှန်
အထက၈ထူး၊ တက္ကသိုလ်ဝင်တန်း(D)မှ မနှင်းသီရိကို၏ မိဘအမည်မှန်မှာ ဦးအောင်စိုး ၁၂/စခန(နိုင်)၁၂၂၃၈၆ နှင့် ဒေါ်တင်မြင့် ၁၃/ရစန(နိုင်)၀၆၉၂၆၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်
လင်းခေး အထက၊ သတ္တမတန်းမှ စောချမ်းမင်းထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၅-၂၀၀၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်
လုံးဝဏ္ဏ၏သား လင်းခေး အထက၊ အဋ္ဌမတန်းမှ အိုက်စိုင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၉-၁၉၉၇ ဖြစ်ပါကြောင်း။

## တောင်ကြီး ဂေါက်ကလပ်အသင်းသားများသိသာရန်
တောင်ကြီးဂေါက်ကလပ်၌ လစဉ်ကြေး ကြွေးကျန်ပေးရန် ကျန်ရှိနေသော အသင်းဝင်များကို ၁၂-၆-၂၀၁၃ ရက်မှစ၍ ၁၀-၉-၂၀၁၃ ရက်အထိ သုံးလအတွင်း တောင်ကြီးဂေါက်ကလပ်သို့ လာရောက်ပေးသွင်းကြပါရန် သတင်းစာများ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တောင်ကြီးဂေါက်ကလပ်၏အသင်းဝင် လျှောက်လွှာစည်းကမ်းချက်အပိုဒ်(၅)အရ လစဉ်ကြေး အကြွေးကျန်သော အသင်းဝင်များကို တောင်ကြီးဂေါက်ကလပ်၏ အသင်းဝင်အဖြစ်မှ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**အလုပ်အမှုဆောင်အဖွဲ့**
**တောင်ကြီးဂေါက်ကလပ်**

## ဖခင်အမည်မှန်
ဘိုကလေးမြို့နယ်၊ သဇင်ကုန်းကျေးရွာအုပ်စု အကယ်ချောင်းကျေးရွာနေ မအေးချမ်းမေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ဖြစ်ပါကြောင်း။
**ဖခင်-ဦးမြင့်ရွှေ ၁၄/ဘကလ(နိုင်)၀၉၃၁၄၂**

## အမည်ပြောင်း
ဘိုကလေးမြို့ အထက(၁) တက္ကသိုလ်တန်း အတွဲ(၇)(B)မှ ဦးကျော်စိုးဦး၏သမီး မသဇင်ကျော်အား ယနေ့မှစ၍ မသံသာထက်ဝေဟု ပြောင်းလဲခေါ်ပါရန်။
**မသံသာထက်ဝေ**

နယ်သတင်းနှင့်ကြော်ငြာ

# ပြည်သူတိုင်း အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်ဓာတ်နိုးကြားရေးဆောင်ရွက်မည်

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၈**

တိုးတက်သော နိုင်ငံတိုင်းတွင် အခြေခံကျသော အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် အာရှနိုင်ငံများအနက် စီးပွားရေးတိုးတက်သော နိုင်ငံများ၌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးစားခဲ့ကြသည်။ယခုအခါ မြန်မာနိုင်ငံတွင်လည်း အသေးစားစီးပွားရေးလုပ်ငန်းများကို ပြည်သူများလုပ်ကိုင်နိုင်ရေးအခွင့်အလမ်းရှိကြောင်း နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အသေးစားစီးပွားရေးလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ စိတ်ဝင်စားလာစေရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစီအစဉ်ဖြင့် အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများကို Free to Start Small စာတမ်းပါ တီရှပ်များအား စက်တင်ဘာ ၁၄ရက်၌ ရန်ကုန်မြို့ နေရာခြောက်နေရာတွင် အခမဲ့ဖြန့်ဝေခဲ့ပြီးဖြစ်သည်။

ထိုသို့ တီရှပ်များဖြန့်ဝေပေးခဲ့ရာတွင် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁နာရီမှ စတင်ကာ ရေတာရှည်လမ်း၊ ဗဟန်းဈေး**(အပေါ်ပုံ)**၊ မြေနီကုန်းလမ်းသို့၊ ဒဂုံစင်တာအနီး၊ ကမာရွတ်ရှိ လှည်းတန်းဈေး၊ လှိုင်မြို့နယ်ရှိ ဘာတာဈေး၊ သမိုင်းလမ်းဆုံနှင့် မြောက်ဥက္ကလာလမ်းဆုံနေရာများတွင် တစ်ပြိုင်တည်း ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် နေရာတစ်နေရာတွင် အဆိုပါ တီရှပ်အဝတ်အထည်များကို အရေအတွက် ၂၀၀၀၀ စီ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ တီရှပ်များ ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူများက အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လုပ်ကိုင်လိုသည့် အသိအမြင်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဆိုပါ တီရှပ်များ အထည် ၅၀၀၀၀ ကို ဖြန့်ဝေပေးသွားရန် အစီအစဉ်လည်းရှိနေသည်။မြန်မာနိုင်ငံတစ်ဝန်း မည်သည့်နေရာဒေသမဆို ပြည်သူများအနေဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် အခွင့်အရေးရှိနေပြီဖြစ်သည်။

အသေးစား စီးပွားရေးလုပ်ငန်းများဖြစ်သည့် လူ ၂၅ ဦးထက်နည်းသော စီးပွားရေးလုပ်ငန်းများအား မည်သို့လုပ်ကိုင်မည်၊ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်၊ ငွေကြေးကို မည်သည့်နည်းလမ်းဖြင့် ချေးငှားမည် ဆိုသည့်အချက်များအား သိရှိရန် ဇာတ်လမ်းစိတ်ကူးကာ ဗွီစီဒီများကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်သည်။ ဆွေးနွေးပွဲများ ပြုလုပ်ပေးမည်ဖြစ်သည်။

"သင်ကိုယ်တိုင် လွတ်လပ်စွာ သေးသေးလေးက စတင်လိုက်ပါ" ဆိုသည့် အသေးစား စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လိုသူများအနေဖြင့် ငွေကြေး၊ အသိပညာများရယူလိုပါက www.Free to Start Small.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။

ပြည်သူများ တစ်ဦးချင်းဝင်ငွေတိုးတက်ရန်၊ လူတိုင်းအသေးစား စီးပွားရေးလုပ်ငန်းရှင် ဖြစ်ခွင့်ရှိနိုင်သည့် အခွင့်အလမ်းနှင့်အ ချိန်အခါရောက်ရှိနေပြီဖြစ်ရာ စီးပွားရေးကို မှန်မှန်ကန်ကန် လုပ်ချင်ကိုင်ချင်စိတ်ပြင်းပျရန်သာ လိုအပ်နေပြီဖြစ်သည်။

**(မြန်မာ့အလင်း)**

**ရန်ကင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးပေး စီမံချက်ကို စက်တင်ဘာ ၁၃ ရက်က (၄) ရပ်ကွက် ပြည်သူများအား တစ်အိမ်တက်ဆင်း အိမ်ရှိရာလူအားလုံးအား ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ ပေးနေစဉ်။ သန်းမောင်(ရန်ကင်း)**

## ကွမ်းတောင်-ကျောက်တော် အစုန်ရထားဘီးချော်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ်အတွင်းခုတ်မောင်းနေသော ကွမ်းတောင်-ကျောက်တော် အစုန်ရထားသည် စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က ကျောက်ဆိပ်ကျေးရွာနှင့် ယိုးငူကျေးရွာကြား မိုင်တိုင်အမှတ် ၉/၀-၁ ကြား၌ ရထားခေါင်းတွဲ လက်ဝဲဘက်သို့ သုံးပေခန့် ဘီးချော်ရပ်တန့်သွားခဲ့သည်။ **(အောက်ယာပုံ)** ဤသို့ဘီးချော်ရပ်တန့်ခဲ့သော်လည်း ခရီးသွားများနှင့် မီးရထားမှာ တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ မွန်းလွဲ ၂ နာရီခန့်တွင် ပြန်လည်ခုတ်မောင်း ပြေးဆွဲနိုင်ခဲ့သည်။

ဘီးချော်ရပ်တန့်သွားသောမီးရထားမှာ ခေါင်းနှစ်ခေါင်းတွဲ မီးရထားဖြစ်ကြောင်း ယခုကဲ့သို့ ဘီးချော်မှုများဖြစ်ရခြင်းမှာ ကွန်ကရစ်ဇလီဖားတုံးများအကြား ညှပ်သုံးထားသော ဒေသထွက် သစ်ပျော့ဇလီဖားတုံးများဆွေးမြည့်ပျက်စီးနေမှုများနှင့် ရထားလမ်းမှာ ကျောက်များမရှိဘဲ မြေသားလမ်းသာဖြစ်လျက် ယခုကဲ့သို့ မိုးရာသီတွင် ရေတိုက်စားမှုများဖြစ်ကြောင်း၊ နွေရာသီက သုံးနာရီမောင်းရသောခရီးကို ယခုမိုးရာသီမှာ လမ်းအခြေအနေများကြောင့် ပုံမှန်ထက် လျှော့မောင်းနေရကြောင်း၊ လမ်းခရီးလုံခြုံချောမွေ့စေရေးအတွက် ယခုကဲ့သို့ နှစ်ခေါင်းတွဲ ခုတ်မောင်းပေးရခြင်းဖြစ်ကြောင်း၊ လက်ရှိလမ်းကို အချိန်မီ ပြုပြင်ထိန်းသိမ်းမှုမရှိလျှင် နောင်အနာဂတ် မီးရထားပြေးဆွဲမှုကို များစွာ အဟန့်အတားဖြစ်နိုင်ကြောင်း ဌာနမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ပြောပြချက်များအတိုင်းပင် မီးရထားသံလမ်း၏ ဆိုးရွားနေသော အခြေအနေများကို မြင်တွေ့ခဲ့ရသည်။ရခိုင်ပြည်နယ်၏ ကွမ်းတောင်-ကျောက်တော် မီးရထားလမ်းမှာ ပြုပြင်စရာများစွာ လိုအပ်နေသလို ပုဏ္ဏားကျွန်းဘူတာရုံ၊ ယိုးတရုတ်ဘူတာရုံနှင့် အပေါက်ဝဘူတာရုံများမှာလည်း ပျက်စီးယိုယွင်းလျက်ပြုပြင်စရာများစွာရှိနေကြောင်း တွေ့မြင်ရသည်။

**လှတောသား**

## စာတတ်မြောက်ရေးနေ့ ပေါင်းတည်မြို့၌ကျင်းပ

**ပေါင်းတည် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၉နာရီက မြို့နယ်အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဖေ၊ ဦးအောင်နိုင်ဦး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးကြည်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း၃၀၀ကျော် တက်ရောက်ကြသည်။

မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးကြည်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းရီက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ကျင်းပရခြင်းအကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## မုံလယ်ဝါတွင်းတရားစခန်းပွဲနှင့် အုတ်တံတိုင်း၊ ခြံစည်းရိုးရေစက်ချပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင် ဝါတွင်းတတိယပတ် (၇)ရက်တရားစခန်းပွဲကို **ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏** ဥပနိဿယအတိုင်း ၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်မှ ၁၄ ရက်အထိ၊ ၂၇-၉-၂၀၁၃ ရက်မှ ၃-၁၀-၂၀၁၃ ရက်အထိကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ယူဆောင်လျက် ၂၆-၉-၂၀၁၃ ရက် နံနက် ၇ နာရီထက်မစော၊ ညနေ ၄ နာရီထက်နောက်မကျစေဘဲ တရားစခန်းသို့ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

မုံလယ်တောရဓမ္မရိပ်သာကျောင်းတွင် **အုတ်တံတိုင်းနှင့်ခြံစည်းရိုး**လှူဒါန်းထားကြသော အလှူရှင်များ၏ လှူဒါန်းမှုအစုစုအတွက် ကောင်းမှုအဖို့ဘာဂကို တရားစခန်းပွဲ၏ တတိယရက်ဖြစ်သော ၂၉-၉-၂၀၁၃ ရက် နံနက် ၉ နာရီတွင် တရားတော်နာ၍ ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသဖြင့် အလှူရှင်များနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**အကြောင်းစုံသိလိုပါက-ဖုန်း-၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (G)မှ မောင်ဝီလျံဝေယံထူး၏ ဖခင်အမည်မှန်မှာ ဦးအယ်ဖောင်းရှို(ခ)ဦးတန်ဖောဆို ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးခင်မောင်သန်း ၉/ပမန(နိုင်)၀၈၉၉၉၇၏သမီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း (ဃ)မှ မမိုးမိုးကျော်၏ အမည်မှန်မှာ မမို့မို့ကျော် ၉/ပမန(နိုင်)၂၇၀၂၆၇ ဖြစ်ပါကြောင်း။

**မမို့မို့ကျော်**

**အမည်ပြောင်း**

ဦးဝင်းရှိန်၏သမီး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ နွားထိုးကြီး အထက၊ တက္ကသိုလ်ဝင်တန်း(ဂ)တွင် ပညာသင်ကြားနေသူ မခင်ချိုဦးအား မခင်ဦးလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ခင်ဦးလှိုင်**

**အမည်ပြောင်း**

ဦးအုံ့မောင်၏သမီး မိုင်းလားမြို့၊ အထက၊ ပထမတန်းတွင် ပညာသင်ကြားနေသော မအေးသက်ငြိမ်းမောင်အား မဖူးသစ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဖူးသစ်ဦး**

**အမည်မှန်**

ဦးအောင်အောင်၏သမီး ကျိုင်းတုံမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မဝသန်ညိမ်းအိအောင်၏ အမည်မှန်မှာ မဝသန်ငြိမ်းအိအောင် ၁၃/ကတန(နိုင်)၁၈၆၈၄၉ ဖြစ်ပါကြောင်း။

**မဝသန်ငြိမ်းအိအောင်**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မမာရိယကလောသီ၏ ဖခင်အမည်မှန်မှာ ဦးဂန်းချို ၁၃/ကတန(နိုင်) ၀၁၀၀၁၂ ဖြစ်ပါကြောင်း။

**ဦးဂန်းချို**

**မိခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(B)မှ မနန်းဆီလိုင်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခေးခမ်း ၁၃/ကတန(နိုင်) ၀၄၂၃၁၃ ဖြစ်ပါကြောင်း။

**ဒေါ်နန်းခေးခမ်း**

**အမည်ပြောင်း**

ဦးမောင်ထွန်းမြင့်၏သမီး စစ်တွေမြို့ အနောက်ပုလုပ်တောင်ရပ်ကွက်နေ မမြင့်မြင့်ဦးအား မမြင့်မိုးမိုးသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြင့်မိုးမိုးသွယ်**

**ပျောက်ဆုံး**

ကျွန်မ မမြတ်သန္တာထက် MA - 017526 (PP)နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၂၀၀၈၄၈၁၇**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်သက်ပိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမတ်လာရှိ ဖြစ်ပါကြောင်း။

**ဦးမတ်လာရှိ MYK -၀၅၅၇၄၉**

**ပျောက်ဆုံး**

ကျွန်မ မမြတ်သဥ္ဇာထက် MA - 017525 (PP)နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၂၀၀၈၄၈၁၇**

**အများသိရှိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၂၇(ဘီ)(အပေါ်ထပ်)၌ နေထိုင်ပိုင်ဆိုင်သူ ဒေါ်သန္တာထွေး ၁၂/ကမတ(နိုင်)၀၁၀၂၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆-F³³၊ မြေကွက်အမှတ် V-၅၆၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ နှစ် ၆၀ ဂရန်မြေသည် ဒေါ်နွဲ့နွဲ့ရီ ၁၂/ကမတ(နိုင်)၀၁၀၂၃၉ နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာထွေး ၁၂/ကမတ(နိုင်)၀၁၀၂၀၀တို့ ပူးတွဲအမည်ပေါက်သည့် မြေဖြစ်ပါသည်။ ထိုမြေနှင့်ပတ်သက်၍ ဒေါ်သန္တာထွေး သိရှိသဘောတူညီခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ပါက ဒေါ်သန္တာထွေးအနေဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင်လည်းကောင်း အဆိုပါမြေနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှလိုက်လံ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးညွန့် LL.B., D.B.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၄၂)**

**အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း(အေ-၅)၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၇၁၅၉**

**ကန့်ကွက်နိုင်ပါကြောင်း**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၇-D၊မြေကွက်အမှတ်၄၆၊ မြေကွက်တည်နေရာအမှတ် ၅၊ အောင်ချမ်းသာ ၅လမ်း၊ စမ်းချောင်းမြို့နယ် ဦးအောင်သိန်း-ဒေါ်တင်စု အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း၊ ဒေါ်တင်စု ကွယ်လွန်သဖြင့် ဒေါ်နီနီအောင်၁၂/စခန(နိုင်)၀၀၈၁၇၀၊ ဒေါ်တီတီအောင် ၁၂/စခန(နိုင်)၀၀၉၀၄၄၊ ဦးသက်မင်းအောင် ၁၂/စခန(နိုင်)၀၀၈၁၆၈တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈-ဒီ၊ မြေကွက်အမှတ် ၈၅-၁၁၅/၃၀၊ မြေကွက်တည်နေရာအမှတ်-၂၆၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်အေးမြင့်၊ ဦးစိုးဝင်း အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးမြင့်ကွယ်လွန်သဖြင့် ဦးလှရွှေ ၁၂/စခန(နိုင်)၀၀၉၈၅၉၈က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် ဦးစိုးဝင်း ၁၂/စခန(နိုင်)၀၁၁၀၆၉နှင့်ပူးတွဲ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၃**

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့အင်အားဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | ပြည်သူ့အင်အား ဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ | လူဦးရေပညာမဟာဘွဲ့ |
| | | | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |
| | | | ၂ နေရာ | မဟာကွန်ပျူတာနည်းပညာဘွဲ့ |
| | | | ၂ နေရာ | မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း) |
| | | | ၂ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) |
| | | | ၄ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| (ခ) | လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | ဦးစီးအရာရှိ | ၄ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) |
| | | | ၄ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၄ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ /မဟာကွန်ပျူတာနည်းပညာဘွဲ့ |
| | | | ၄ နေရာ | ဝါဏိဇ္ဇဘွဲ့/စာရင်းကိုင်ပညာဘွဲ့/စီးပွားရေးပညာဘွဲ့(စာရင်းအင်း/ဘောဂဗေဒ) |
| | | | ၄ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁-၁၀-၂၀၁၃နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁ - ၁၀ - ၂၀၁၃ နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် နေထိုင်ရာ စာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ စာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ စာမေးပွဲ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁၇ /ရွေးချယ်ရေး (အမိက)/ ၂၀၁၃ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁-၁၀-၂၀၁၃နေ့အရောက် ပေးပို့ရမည်။

၇။ စာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက်(စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၃-၂၀၁၄ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** များဖြစ်သော **ucsb.imis.com.mm** နှင့် **www.ucsb.gov.mm** တွင်လည်း ဖော်ပြထားပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၁၈/၂၀၁၃**

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )**

၁။ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဦးစီးအရာရှိ(အလုပ်ရုံ) | ၁၀ နေရာ | ဓာတုဗေဒအင်ဂျင်နီယာဘွဲ့ / ဇီဝ... (as printed: ဒီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့) |
| | | ၅ နေရာ | သုတနည်းပညာအင်ဂျင်နီယာဘွဲ့ |
| | | ၁၅ နေရာ | စက်မှုအင်ဂျင်နီယာဘွဲ့ |
| | | ၅ နေရာ | မြို့ပြအင်ဂျင်နီယာဘွဲ့ |
| | | ၅ နေရာ | ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့ |
| | | ၅ နေရာ | ဓာတုအင်ဂျင်နီယာဘွဲ့ |
| | | ၅ နေရာ | စက်မှုဒီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ |
| (ခ) | ဦးစီးအရာရှိ(ဥပဒေ) | ၄ နေရာ | မဟာဥပဒေဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁-၁၀-၂၀၁၃ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁ - ၁၀ - ၂၀၁၃ နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် နေထိုင်ရာ စာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ စာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ စာမေးပွဲ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ရက်စွဲပါစာအမှတ်၊ ၁၁၇ /ရွေးချယ်ရေး (အမိက)/ ၂၀၁၃ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁ - ၁၀ - ၂၀၁၃ နေ့အရောက် ပေးပို့ရမည်။

၆။ စာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၃-၂၀၁၄ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** များဖြစ်သော **ucsb.imis.com.mm** နှင့် **www.ucsb.gov.mm** တွင်လည်း ဖော်ပြထားပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ်-၈၈၊ မင်းရဲကျော်စွာ ၇ လမ်း၊ (၃) ရပ်ကွက် ဒေါ်မာမာအေးအမည်ပေါက် နှစ်၆၀ဂရန်၏ ပေ(၂၀×၆၀)မြေအား အမည်ပေါက် ဒေါ်မာမာအေးထံမှ လှိုင်သာယာမြို့နယ်တရားရုံး ၂၀၁၁ခုနှစ် စက်တင်ဘာ ၇ ရက် တရားမကြီးမှုအမှတ် ၅၉၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမအယူခံမှုအမှတ် ၇၁၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၂ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၂၄၊ လှိုင်သာယာမြို့နယ်တရားရုံး ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ် ၂၂ အရ အနိုင်ရရှိသူ ဦးပေါက်စီ(ခ)ဦးအေးသောင်းကိုယ်စား ဘိလစ်ဒေါ်နော်အောင်သိန်းကြွယ် ၁၂/လသယ(နိုင်)၀၀၂၃၂၂ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အို၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၃၃၉၊ မြေကွက်တည်နေရာအမှတ် ၃၃၊ ၁၂၁လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးမြင့်သိန်း၊ ဒေါ်တင်လှ အမည်ပေါက် နှစ်၉၀ဂရန်(သက်ကုန်)မြေအားအမည်ပေါက် တစ်ဦးဖြစ်သူ ဦးမြင့်သိန်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်တင်လှ EG-၀၅၆၈၃၃၊ [၁၂/မဂတ(နိုင်)၀၅၆၉၄၂]က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၆၉ အမည်ပေါက် ဦးဝင်းခိုင်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်)၀၁၀၇၅၄ က မြေကွက်စလစ်(မူရင်း)များနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၆၁ အမည်ပေါက် ဒေါ်အုံးမြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်)၀၁၀၇၅၄က မြေကွက်စလစ်(မူရင်း)များနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၁၊ မြေကွက်အမှတ် (တ/၁၆၇)၊ အကျယ်အဝန်း (၄၀ပေ × ၁၀၀ပေ)၊ ဧရိယာ (၀.၀၉၂)ဧကရှိ ဦးချမ်းသော်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း အဆိုရှိသူ ဒေါ်ခင်ကြည် (၁၃/နခန(နိုင်)၀၃၅၆၆၈)၊ အမှတ် (၂၃၆)၊ ရတနာလမ်း၊ မြောက်ကုန်း၊ ဝမ်းကျော်မြို့နယ်၊ ရန်ကုန်မြို့ထံမှ ကျွန်ုပ်၏အမဲ့ရွေးကစား ... ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာရက်ကုန်ဆုံးပါက အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ခင်အေးအေးမြင့် LL.B, D.B.L (WIPO 101, 201, GENEVER)**

**တရားလွှတ်တော်ရှေ့နေ (၆၇၂၈)**

**တိုက် (၉/၁၁)၊ အခန်း (၂၀၃/ဘီ) (၃၆) လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း) ၀၉-၅၁၉၉၉၁၄၁**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ P၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၁၂၄၊ မြေကွက်တည်နေရာအမှတ် ၁၀၊ သုံးမြှောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မလှလှအေး၊ မခင်စန်းကြည် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦး အနက် ဒေါ်ခင်စန်းကြည်ကွယ်လွန်သဖြင့် ဦးမောင်မောင် ၁၂/မဂတ(နိုင်)၀၁၅၀၈၃ က ခင်ပွန်းတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ကျန်အမည်ပေါက် ဒေါ်လှလှအေး M/RGN-၀၀၀၃၃၆နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

# (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မီးရှူးတိုင်သယ်ယူရေးအတွက် နိုင်ငံဂုဏ်ဆောင်ခဲ့ကြသော မသန်စွမ်းအားကစားသမား (Volunteer) များ ဖိတ်ခေါ်ခြင်း

(၇) ကြိမ်မြောက် အာဆီယံနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်တွင် ၁၄-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်အထိ လက်ခံကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ၁၄-၁-၂၀၁၄ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသည့် နိုင်ငံဂုဏ်ဆောင် အားကစားသမားများသည် မီးရှူးတိုင် သယ်ယူရေးအတွက် ပါဝင်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပြီး ၃၀-၉-၂၀၁၃ ရက်နောက်ဆုံးထားပြီး ပုံစံများရယူ လျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - အမှတ် (၁၅/၁၆)၊ (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီရုံး၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၊**
**ဖုန်း- ၀၁-၅၇၇၃၇၁၊ ၀၁-၅၇၁၁၄၁**
**၀၉-၄၉၃၂၈၀၁၉၊ ၀၉-၇၃၀၀၄၇၀၁**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**Union Civil Service Board**
**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်၊ ၁၉ /၂၀၁၃**
**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )**

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင်လစ်လပ်လျက်ရှိသောအောက်ဖော်ပြပါရာထူးများအတွက်လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဦးစီးအရာရှိ | ၅ နေရာ | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ |
| | | ၁ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့ |
| | | ၁ နေရာ | သုတနည်းပညာအင်ဂျင်နီယာဘွဲ့ |
| | | ၂ နေရာ | ဥပဒေဘွဲ့ |
| (ခ) | ဦးစီးအရာရှိ(အမျိုးသား) | ၆ နေရာ | အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁ - ၁၀ - ၂၀၁၃ ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇-၆-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁၇ /ရွေးချယ်ရေး(အမိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀ - ၃ - ၂၀၁၄ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

---

**သွေးသည် အသက်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၉-၂၀၁၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၁ ပါ ငြင်းချက်ထုတ်ရန်သမ္မန်စာတွင် တရားလို ဒေါ်နွဲ့နွဲ့ဝင်းအစား ဒေါ်နွဲ့နွဲ့စမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**LL.M ဘွဲ့ရ အလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.M ဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | English | ၅-၁၀-၂၀၁၃ရက် (စနေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊ အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်) |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | |

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁ နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇၇တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

# အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း

**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးသိပ္ပံပညာဦးစီးဌာန**
**သူနာပြု/သားဖွားသင်တန်းကျောင်းများ(ရန်ကုန်တိုင်းဒေသကြီး)**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြု/သားဖွား သင်တန်းကျောင်းများ(ရန်ကုန်တိုင်းဒေသကြီးအတွင်း)တွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | သင်တန်းကျောင်း | တည်ရှိရာမြို့နယ် | ဆက်သွယ်ရန် |
|---|---|---|---|
| ၁။ | သူနာပြုသင်တန်းကျောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး | လသာ | ဒေါ်မြမြညို (ကျောင်းအုပ်) ၀၁-၃၇၈၇၂၇ ၀၉-၄၂၀၀၃၃၆၃၃ |
| ၂။ | အရှေ့ပိုင်းသူနာပြုသင်တန်းကျောင်း | ဗိုလ်တထောင် | ဒေါ်အေးအေးမြတ် (ကျောင်းအုပ်) ၀၁-၂၀၀၃၁၅ ၀၉-၄၂၀၂၅၈၁၅၃ |
| ၃။ | မြောက်ဥက္ကလာပ သူနာပြုသင်တန်းကျောင်း | မြောက်ဥက္ကလာပ | ဒေါ်နွယ်နီစိုး (ကျောင်းအုပ်) ၀၁-၉၆၉၉၆၄၄ ၀၉-၄၉၂၈၉၈၆၈ |
| ၄။ | သူနာပြုနှီးနွယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း | ဒဂုံမြို့သစ်(အရှေ့) | ဒေါ်နီနီဝင်း (ကျောင်းအုပ်) ၀၉-၅၃၁၂၂၄၅ |
| ၅။ | ဗဟိုအိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်း | ဒဂုံမြို့သစ်(အရှေ့) | ဒေါ်ဒါ့ရှီခေါ်န်နူး (ကျောင်းအုပ်) ၀၁-၅၈၅၀၈၇ ၀၁-၇၀၄၀၄၉ |
| ၆။ | ဗဟိုသားဖွားသင်တန်းကျောင်း | ဒဂုံ | ဒေါ်ခင်သန်းလှဲ့ (ကျောင်းအုပ်) ၀၁-၂၂၁၈၁၀ ၀၉-၃၁၃၃၅၆၇၅ |
| ၇။ | အမျိုးသမီးကျန်းမာရေးဆရာမ သင်တန်းကျောင်း | ဗဟန်း | ဒေါ်ရီရီသန်း (တာဝန်ခံ ဆရာမကြီး) ၀၉-၇၃၀၀၅၆၆၀ |
| ၈။ | သန်လျင်သားဖွားသင်တန်းကျောင်း | သန်လျင် | ဒေါ်ဖြူဝင်းတာ (တာဝန်ခံ ဆရာမကြီး) ၀၅၆-၂၁၇၄၀ |

၂။ တည်ဆောက်ပြုပြင်ရမည့်လုပ်ငန်းများအသေးစိတ်ကို သက်ဆိုင်ရာကျောင်းအုပ်များထံ ဆက်သွယ်၍ ကွင်းဆင်းလေ့လာနိုင်ပါသည်။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သက်ဆိုင်ရာကျောင်းအုပ်များထံတွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - သက်ဆိုင်ရာသူနာပြု/သားဖွားကျောင်းအုပ်ရုံးများ
**တင်ဒါဖွင့်မည့်နေရာ** - ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အစည်းအဝေးခန်းမ
**တင်ဒါဖွင့်မည့်ရက်** - ၂၈-၁၀-၂၀၁၃ ရက်၊ နံနက် ၁၀:၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

**ရွှေပြည်မာန် အားတိုးဆေး**

ကျားမတို့၏သဘာဝအား ကိုတိုးပွားစေပြီးစားကောင်း အိပ်ပျော်လျှက်ပိန်သူဝစေ ၍၊ဝသူများအတွက်သွေးတိုး၊လေငန်းရောဂါများ ကိုကာကွယ်စေပါသည်။

ဆေးဆိုင်တိုင်းမှာ မေးဝယ်ပါ။

0311 YR 003633

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ မြေကွက်အမှတ်၅၅၁၊ မြေကွက်တည်နေရာအမှတ် ၅၅၁၊ ကန်သာယာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်စိုးစိုးမြင့် ISN-၅၂၈၃၁၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိုးစိုးမြင့်ထံမှ GP $\frac{၄၂၆၉/၁၁}{၁၀-၃-၁၁}$ ဖြင့် ဦးကြည်ဟန် ၈/ခမန(နိုင်) ၀၀၆၆၉၂ ရရှိသူမှ ပါဝါပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂၊ မြေကွက်အမှတ် ၁၀၁၀၊ မြေကွက်တည်နေရာအမှတ် ၁၀၁၀၊ ဦးကြင်ဥ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးထိန်လင်း S/OKA-၀၀၃၅၅၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထိန်လင်းကွယ်လွန်သဖြင့် ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်)၁၁၃၅၅၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၉၊ ထိမ်ညိုလမ်း၊ မြေကွက်အမှတ် (၄၃၂) စရိယာ (၄၀ပေ×၆၀ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရှိရှိသမျှအားလုံးကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်ထွေးထွေးယု(၈/မမန (နိုင်) ၀၉၈၆၉၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောစာချုပ် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ် (၅၆၅/၅၆၇) MAC TOWER ၊ အခန်းအမှတ် (၄၀၃) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၉၉၁၀၆၅၅၀

---

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် ၁၈၈၃ မူလအမည်ပေါက် ဒေါ်ခင်နွဲ့မူ၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြထွေး ၉/မမန(နိုင်)၀၂၀၇၀၉ က မြေကွက်စလစ်(မူရင်း) ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်မူရင်းများ တင်ပြ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား(မူရင်း)တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### (ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | ဆေးရုံ/ဌာန | တည်ရှိရာမြို့နယ် | ဆက်သွယ်ရန် |
|---|---|---|---|
| ၁။ | ဒါးပိန်(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ | လှည်းကူး | |
| ၂။ | မီးပြ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ | ကျောက်တန်း | |
| ၃။ | နဲ့သမိန်တိုက်နယ်ဆေးရုံ | ထန်းတပင် | |
| ၄။ | စက်ဆန်းတိုက်နယ်ဆေးရုံ | ကြည့်မြင်တိုင် | |
| ၅။ | ဘုရားကုန်းကျေးလက်ကျန်းမာရေးဌာန | သန်လျင် | |
| ၆။ | ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၇။ | ကွဲကူးကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၈။ | ရွှေကြာဖျိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၉။ | နဲ့ဖျောကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၁၀။ | ဝါးတရာကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၁၁။ | ရေကျော်ကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၁၂။ | ကျူတောကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |
| ၁၃။ | ကျားဟုန်းကျေးလက်ကျန်းမာရေးဌာနခွဲ | ထန်းတပင် | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၁-၅၄၄၂၇၉၊ ၀၉-၃၁၃၃၅၇၇

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၁-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
**တင်ဒါဖွင့်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ အစည်းအဝေးခန်းမ
**တင်ဒါဖွင့်မည့်နေ့ရက်** - ၄-၁၁-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


Link **Central Link**
**Language Training Centre**

နိုဝင်ဘာလတွင်ကျင်းပမည့်(ဆဋ္ဌမ)အကြိမ်မြောက်E.P.S(TOPIK)စာမေးပွဲကို သင်ရိုးစာအုပ်အသစ်ဖြင့် စတင်စစ်ဆေးမည်ဖြစ်သောကြောင့် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအတွက် (အနီးကပ်) အထူးကြပ်မတ်သင်တန်းများကိုအောက်ပါရက်များတွင်ဖွင့်လှစ်ပေးပါမည်။

| | |
|---|---|
| စနေ၊တနင်္ဂနွေ | ၂၁၊ ၉၊ ၂၀၁၃ |
| တနင်္လာ၊အင်္ဂါ၊ ဗုဒ္ဓဟူး | ၂၃၊ ၉၊ ၂၀၁၃ |
| အင်္ဂါ၊ကြာသပတေး၊သောကြာ | ၂၄၊ ၉၊ ၂၀၁၃ |

ပတ်စပို့မရှိသေးသူများအား လမ်းညွှန် ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊ စာမေးပွဲဖြေဆို ချိန်တွင် အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲအောင်မြင် ပြီးပါက အလုပ်လျှောက်လွှာတင်သည်မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာချိန် အထိ လိုအပ်သော ကူညီပံ့ပိုးမှုများကို ဝန်ဆောင်မှုပေးပါသည်။

* နှစ်ကျောင်းသားများအား ၄၄ / ဘားဝင်ခွင့်ပေးပါသည်။ *

အသေးစိတ်စုံစမ်းရန် Ph - 09 73190040, 09 4200 89723

အမှတ် ၁၂၃၊ ဘီ-၂/၁၂၅-၂ ဦးချစ်မောင်လမ်း (နှစ်ကိုပ်ရှစ်ဆု မွှောရုံနှင့်မျက်စောင်းထိုး)၊ ဗဟန်းမြို့နယ်၊ (ဈေးကွေ့မှတ်တိုင်အနီး)



ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DMA) အသိအမှတ်ပြု ရေယာဉ်စားဖိုမှူးနှင့် စားပွဲထိုးသင်တန်းများဖွင့်ပြီ။

- **Pre-sea Ships' Cook** (ရေယာဉ်စားဖိုမှူးသင်တန်း)
- **Pre-sea General Steward** (ရေယာဉ်စားပွဲထိုးသင်တန်း)
- **Ships' Cook Upgrade** (ရေယာဉ်စားဖိုမှူးမွမ်းမံသင်တန်း)

(၈) တန်းအောင်မြင်ပြီးသူများအတွက် ဆေးစစ်ဆေးမှု စတင်သည့် အချိန်မှစ၍ နိုင်ငံကူးလက်မှတ် နှင့် သင်္ဘောသားအလုပ်အကိုင် မှတ်တမ်း (CDC) စာအုပ် ရရှိသည်အထိ ကူညီဆောင်ရွက်ပေးမည်။ သင်တန်းပြီးဆုံး အောင်မြင်သူများအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ (CDC) လျှောက်ထားခွင့်ပြုမည်။ စားဖိုမှူးမွမ်းမံသင်တန်းအား စားဖိုမှူးတာဝန်ဖြင့် တစ်နှစ်ခွဲ တာဝန်ထမ်းဆောင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

စက်တင်ဘာလ (၂၄) ရက်နေ့
အောက်တိုဘာလ(၇)ရက် နေ့များတွင် တန်းခွဲသစ်များဖွင့်လှစ်မည်။
သင်တန်းသားသစ်များ လက်ခံနေပါပြီ။

Asia Masters- Maritime And Hospitality Academy(MAHA)

၂၇၀၊ မဟာရာကွန်ဒို၊ တတိယထပ်၊ အနော်ရထာလမ်း (၂၈လမ်းနှင့် ရွှေဘုံသာလမ်းကြား)၊ ဖုန်း ၀၉ ၇၃၀ ၆၂၇၂၁၊ ၀၉ ၄၂၀၁ ၀၀ ၁၁၁၊ ၀၉ ၄၅၀၀ ၃၉၈၃၅၊ ၀၉ ၄၅၀၀ ၃၉၈၃၆


## ဗိုလ်ချုပ်ဖေယျကျော်ထင် တင်ထွန်း
### (၁၉-၉-၂၀၀၇ မှ ၁၉-၉-၂၀၁၃)

ရက်တွေ၊ လတွေ၊ နှစ်တွေ ပြောင်းတာ၊ ဆုံးရှုံးသွားခဲ့ရတာ(၆)နှစ်ပြည့်မြောက်ပါပြီ၊ သတိရတိုင်းလုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ်သံယောဇဉ်ကြီးမားတဲ့ သူငယ်ချင်းကို အမြဲသတိတရ ပြောဆိုလျက်ရှိပါတယ်။ ယခု ရောက်ရှိဘုံဘဝမှ အဆင့်ဆင့်တက်လှမ်း ရောက်ရှိနိုင်ပါစေ။

**ဉက္ကဋ္ဌနှင့်ဇနီး**
**ဒါရိုက်တာအဖွဲ့ဝင်၊ မိသားစုများ**
**ဗိုလ်မင်းဗိုလ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ချိုချိုနွေးလှ
### အသက်(၅၇)နှစ်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ စက်ရုံစု(အောက်မြန်မာပြည်)တာဝန်ခံ ဗိုလ်ကြီးပြေသိန်း(ငြိမ်း)၏ဇနီး ဒေါ်ချိုချိုနွေးလှ အသက်(၅၇)နှစ်သည် ၁၄-၉-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်မှဝန်ထမ်းများ**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သဃ်ာန်းကျွန်းမြို့နယ်တရားရုံးတော်
### ၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၄၂

| | | |
|---|---|---|
| ဒေါ်မြသိန်း<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်သိန်းသိန်းနိုင်)<br>အမှတ် ၈၇၊ လေးလွှာ၊ မန္တလေးလမ်း၊<br>ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ | **နှင့်** | ၁။ ဒေါ်မြတင်<br>၂။ ဦးကိုကိုလွင်<br>၃။ ဦးကနေရာလာ(လ်)<br>၄။ ဦးစိန်ထွန်းအောင်<br>အမှတ် ၂၈၁၊ ဦးဘဟန်<br>လမ်း၊ ၎/ခရပ်ကွက်၊<br>သဃ်ာန်းကျွန်းမြို့နယ်။ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၎/ခရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ် ၂၈၁တွင် နေထိုင်သူ (၁)ဒေါ်မြတင်၊ (၂)ဦးကိုကိုလွင်၊ (၃)ဦးကနေရာလာ(လ်)၊ (၄) ဦးစိန်ထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်ပါ အိမ်၊ ခြံ၊ မြေအားအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၄ရက် (၁၃၇၅ခုနှစ် တော်သလင်းလကွယ်နေ့) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သဃ်ာန်းကျွန်းမြို့နယ်တရားရုံး**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### တောင်ကြီးမြို့နယ်တရားရုံး၌
### ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈ နှင့်ဆက်သွယ်သည့်
### ၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၅

| | | |
|---|---|---|
| ဒေါ်လှလှဝင်း | **နှင့်** | ၁။ဦးဝင်းနိုင်<br>၂။ဦးအောင်ဘော် |
| **တရားနိုင်** | | **တရားရှုံးများ** |

တောင်ကြီးမြို့၊ ရတနာသီရိ၊ ကျောက်စိမ်းလမ်း၊ အမှတ် ၁၆၇ နေ တရားရှုံး ဦးဝင်းနိုင်နှင့် တောင်ကြီးမြို့၊ အေးသာယာမြို့၊ နောင်အင်အနောက်၊ အကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၁၅၇နေ ဦးအောင်ဘော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၈/၂၀၁၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ဖြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရအမိန့်ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆို နိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၇ရက် (၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မီမီဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)၊ တောင်ကြီးမြို့နယ်တရားရုံး**

## ဗိုလ်ချုပ်ဖေယျကျော်ထင် တင်ထွန်း
### ကွယ်လွန်ခြင်း-၆နှစ်ပြည့်
### ၁၉-၉-၂၀၁၃

အရေးကိစ္စ ပေါ်ပေါက်လာသောအခါ အဆွေခင်ပွန်းရှိခြင်းသည် ချမ်းသာ၏။ ရရသမျှသောပစ္စည်းဥစ္စာနှင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ အသက်ကုန်ချိန်ရောက်သောအခါ၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။ အလုံးစုံသော ဝဋ်ဆင်းရဲကင်းခြင်းသည် (နိဗ္ဗာန်သည်) ချမ်းသာ၏။

**(ဓမ္မပဒ-တဏှာဝဂ်-မာရဝတ္ထု # ၃၃၁)**
**ပြုမြဲ-ပြုဆဲကောင်းမှုအစုစုကို အမျှပေးဝေလျက်-**
**အမျှရ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါစေ။**
**ကျန်ရစ်သူမိသားစု**

### အုံထန်လွို(ခ)ဒေါ်ခင်မေ
### အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၁၀၂နေ (အုံဖီကျွန်-လင်ဘင်ဟာ)တို့၏သမီး၊ (ဦးမြင့်ဝေ)၏ဇနီး၊ ဦးသန်းဦး-ဒေါ်သန်းသန်းယဉ်၊ (ဦးသိန်းလွင်)-ဒေါ်ခင်သိန်းမော်၊ဦးထွန်းလွင်-ဒေါ်စန္ဒာခင်၊ ဦးမြင့်လွင်-ဒေါ်ယုယုလွင်၊ဒေါ်တင်ရီ၊ ဒေါ်ဝေဝေလွင်၊ ဒေါ်မြင့်မြင့်စန်း၊ ဦးမြဝင်း-ဒေါ်ခင်အေးလွင်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၉-၂၀၁၃ရက် နံနက်၁း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအေစိုးမြင့်(ခ) Alphonso စိုးမြင့်
### တောင်ငူအသင်းဝင်၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် ၅ (B)နေ (ဒေါ်ဒေါ်လီစိုးမြင့်)၏ခင်ပွန်း၊ ဒေါက်တာValentina စိုးမြင့်၏ ဖခင်သည် ၁၂-၉-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ နှမြောတသဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာစိုးလွင်ငြိမ်း၊ ဒေါက်တာထွန်းလွင်ငြိမ်း၊**
**ဒေါက်တာမျိုးလွင်ငြိမ်း၊ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာသိန်းမြင့်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလှိုင်ဝင်း(စန္ဒရားနီနီ)
### မြန်မာ့အသံ(ငြိမ်း)
### အသက်(၇၈)နှစ်

၁၂-၉-၂၀၁၃ ရက်တွင် ချစ်သော ဘိုးလေး ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဘွားလေးနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇော်မျိုးဟိန်း-မေသကြိန်**
**မလဝန်းသာယာ၊ မယမုံသာယာ၊**
**Bryan Hein(USA)**

### ဒေါက်တာခင်သန်းတိုး
### (ဆမ-၈၄၁၃)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် ၃လမ်း၊ အမှတ် ဇ-၇၅နေ (ဦးညွန့်သန်း-ဒေါ်ခင်မြ)တို့၏သမီး၊ ဦးမောင်မောင်ခင်-(ဒေါ်တင်ကြည်)တို့၏ သမီးချွေးမ၊ ဒေါက်တာငွေးလှိုင်၏ဇနီး၊ မောင်ဝေဖြိုးလှိုင်၊ မသက်စုလှိုင်၊ မောင်ကျော်ဝေလှိုင်တို့၏မိခင်သည် ၁၅-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၃ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကမ္ဘာလမင်း
### တက္ကသိုလ်ဝင်တန်း၊ အထက(၁)ဒဂုံ
### အသက်(၁၇)နှစ်

ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် ၆၈၊ A ၇နေ ဒုတိယရဲမှူးညီညီလင်း-ဒေါ်သီရိထွန်းတို့၏သားငယ်၊ ကိုနိုင်မိုး-မနန်းယုအောင်ဝင်းတို့၏မောင်၊ မောင်ဖွဲရဲနိုင် (CD-32) ရေကြောင်းပညာသိပ္ပံ၊ မောင်ကျော်လင်းပိုင် (2nd year E-major)တို့၏ညီငယ်၊ မောင်ကြယ်စင်ခန့်၊ မဖြူစင်သန့်(ဗဟန်း-၃)တို့၏ဦးလေးသည် ၁၆-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၂း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၁၂၆၈) အမည်ပေါက် ဦးခင်ငွေး၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်) ၀၁၀၇၅၄ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့်အရောင်းအဝယ်စာချုပ် (မူရင်း) များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**


သင့်သွေးဖြင့် အသက်ကယ်ပါ

# ကြော်ငြာ

ဘုရားဒါယိကာမကြီး

**ဒေါ်အေးယဉ်နု(ရမ်းဗြဲမြို့) အသက်(၈၁)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄/၁၈၇နေ (ဦးမောင်ပွင့်)၏ဇနီး၊ ဦးကျော်ဆွေ (2nd Eng) -ဒေါ်အောင်တင်နု၊ ဦးဘတင်(လ/ထ ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်စိန် (ထ-၁၊ သဃ်န်းကျွန်း)၊ (ဦးထွန်းရီ)၊(ဦးဘရီ)၊ ဦးထွန်းတင်(အင်ဂျင်နီယာ)-ဒေါ်ခင်သန်းဝင်း၊ ဦးခင်မောင်စိုး-ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ဇံထွန်း-ဒေါ်သန္တာအေး(မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၅)တို့၏မိခင်၊ မဆွေဆွေနု(စာရင်းစစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)၊ဒေါက်တာကျော်မင်းဦး(ပန်းလှိုင်ဆေးရုံ)၊မခင်ငြိမ်းငြိမ်းစံ၊ မယမင်းစံ၊ မောင်သီဟကျော် (ခေတ္တ-စင်ကာပူ)၊ မောင်အောင်သူဟိန်း၊ မအေးချမ်းပိုင် (အထက-ခွဲ၊ မိုင်းနန်း၊ ရှမ်း/တောင်)၊မောင်ကျော်ဇေယျာထွန်း၊ မောင်သုတထွန်း၊ မခင်စန္ဒာထွန်း၊ မဖူးပွင့်သန္တာကျော်တို့၏အဘွားသည် ၁၈-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရမ်းဗြဲမြို့ သဗြုချိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဦးခင်ဝင်း (ပုဇွန်တောင်)**

ရုံးအုပ်(ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်း

အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၉၇၊ အခန်း ၇၀၂နေ (ဦးကြင်ရွှေ-ဒေါ်ကျင်ညွန့်)တို့၏သားကြီး၊ ဒေါ်ခင်ခင်လေး (စား/ထွေ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးကျော်တင့်)-ဒေါ်တင်တင်အေးတို့၏မောင်၊ (ဒေါ်တင်တင်လှိုင်)၊ ဦးခင်ရှိန်-ဒေါ်လှဲ့လှဲ့ဦး၊ ဦးအောင်ခိုင်-ဒေါ်သန်းအေး၊ ဦးခင်ရွှေ-ဒေါ်လှစိုးကြည်၊ (ဦးအောင်ဇော်)-ဒေါ်နန်းသန့်သန့်ဌေး၊ ဦးဟန်ကျော်-ဒေါ်ရင်ရင်စန်းတို့၏အစ်ကို၊ တူ၊ တူမ ၂၂ယောက်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဦးလေးသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးတင်အုန်း (တိမ္ဗွေးကု၊ ငြိမ်း) (Green Field Co.,Ltd)**

အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်နေ(ဦးဗိုလ်မောင်-ဒေါ်စန်းစန်း)တို့၏သား၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့နေ(ဦးခင်လှိုင်-ဒေါ်လှသန်း)တို့၏သားသမက်၊ ဦးမဏ္ဍလ၊ ဦးခင်မောင်တင့်-ဒေါ်ငွေငွေ၊ ဦးကျော်ဇင်-ဒေါ်ခင်ဖုန်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးခင်စိုး-ဒေါ်ခင်အုန်းသန့်၊ ဦးဇော်ဖေဝင်း-ဒေါ်ခင်ချိုချို၊ ဦးဇော်မင်း-ဒေါ်ဥမ္မာ၊ ဦးဇော်လင်း-ဒေါ်ယင်းမာဦး၊ ဦးဇော်ညွန့်-ဒေါ်စုမြတ်လှိုင်၊ (ဦးအောင်မြင့်)-ဒေါ်မြသန်း၊ ဦးတင့်လွင်(ဆည်မြောင်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေး၊(မအေးအေးခိုင်)၏ဖခင်၊ အင်းစိန်မြို့နယ်၊ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်၄လမ်း၊ အမှတ် ၇၀၁နေ ဒေါ်ယဉ်ယဉ်သန်း (ဒုဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီး)၏ခင်ပွန်းသည် ၁၈-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးအေးကျော် (ညောင်ကျိုး)**

ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုအလှူရှင်

ပွင့်သစ်လှိုင်းတွန့်စက္ကူဘူးစက်ရုံ

အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွားစိန်တို့၏သား၊ ဦးအေးလွင်-ဒေါ်မြင့်မြင့်တို့၏သားသမက်၊ အမှတ် ၅၀၊ ကန်ရိပ်သာ ၃လမ်း၊ Finger Lake FMI City နှင့် အမှတ် ၁၀၂၊ အခန်း ၄၊ ၁၀၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်အေးအေးမြင့်(ဒုတိယဌာနမှူး၊ ရာပြတ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ခင်ပွန်း၊ မောင်ရာဇာလင်း၏ဖခင်သည် ၁၈-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးအေးကျော် (ညောင်ကျိုး)**

ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုအလှူရှင်

ပွင့်သစ်လှိုင်းတွန့်စက္ကူဘူးစက်ရုံ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၄၁နေ ဦးဟန်ရှိန်-ဒေါ်စမ်းစမ်း၊ ဦးကျော်တင့်-ဒေါ်ခင်သိန်းဝင်း၊ ဦးကျော်မင်း-ဒေါ်သိန်းသိန်းတို့၏ညီ၊ ဦးမြင့်သိန်း-ဒေါ်မူယာစိုး(ဩစတြေးလျ)၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေမြင့်(မန္တလေး)တို့၏အစ်ကိုသည် ၁၈-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဆွမ်းစားဆောင်၊ပဋ္ဌာန်းဒါယကာကြီး

**ဦးအောင်မော်**

Tyre Soles AB (111) Co.,Ltd

အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မြို့မတောင်ကိုးလုံးကျောင်းတိုက်နေ ဦးသြဘာသနှင့် မင်္ဂလာဒုံမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်နေ ဦးသုစိတ္တတို့၏ ရဟန်းဖခင်ကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးခင်မောင်)-ဒေါ်ထွန်းတို့၏သား၊ မင်္ဂလာဒုံမြို့နယ်နေ ဦးကံ-(ဒေါ်အေးသင်)တို့၏သားသမက်၊ ဒေါ်ခင်အေးဆင့်၏ခင်ပွန်း၊ ဒေါက်တာအေးကျော် (ပါမောက္ခချုပ်၊ မကွေးတက္ကသိုလ်)-ဒေါ်နီလာခင်တို့၏မောင်၊ (ဦးလှထူး)-ဒေါ်စန်းစန်းအေး၊ ဒေါ်ခင်လေးငယ်(ခေတ္တ-ဂျပန်)၊ ကိုကျော်ဇေယျာဖြိုးတို့၏အစ်ကို၊ ဦးမောင်မြင့်-ဒေါ်တင်ဌေး၊ ဒုရဲမှူးကြီးမောင်စိုး(မကွေးတိုင်းရဲတပ်ဖွဲ့)-ဒေါ်ဥမ္မာချစ်တင်၊ ဦးဟန်ထွန်း-ဒေါ်သန်းအေး၊ ဦးမောင်ဌေး-ဒေါ်သန်းဌေး၊ ဒေါ်ခင်ဝင်းမာ၊ ဦးဝင်းခိုင်-ဒေါ်ခင်ဝင်းရီ၊ ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်ကိုသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ည ၈း၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**မန်းအောင်စံဌေး(ခ)ဒေါ်နယ်လ်**

ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန

အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရွှေဝါထွန်း ၄လမ်း၊ အမှတ် ၄၆နေ (ဦးစံစီဌေး-ဒေါ်ကြေးမုံ)တို့၏သား၊ (နန့်မြခင်-မန်းမောင်လှိုင်)တို့၏မောင်၊ မန်းကွန်းလွင်စံဌေး(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်စိန်ဝင်းကြည်တို့၏အစ်ကို၊ ဒေါ်ဒေါ်ရစ်မိုး၏ခင်ပွန်း၊ ဒေါ်ခင်ကြိုင်သူ (ဦးစီးအရာရှိ၊ ဘဏ္ဍာ၊ MEPE)-ဦးပြုံးကြည်စိန် (လ/ထမန်နေဂျာ၊ ငြိမ်း)၊ (စောခိုင်အောင်ဌေး)-မတင်တင်ထွေးတို့၏ဖခင်၊ မပြုံးအိအိဇော်၊ မောင်ဇော်မင်းထိုက်၊ နော်ဂလိုရီယာစံဌေးတို့၏အဘိုး၊ တူ၊ တူမ ၃၃ယောက်တို့၏ဦးလေးသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ည ၈း၁၅ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၉-၉-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းရှင်(ခ)ဒေါ်သန်းနွဲ့**

အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ စံပြချောင်းကောက်ရွာနေ (ဝဏ္ဏကျော်ထင် ဦးဘိုးမြိုင်-ဒေါ်သိန်းခင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ တပ်စု(၃)၊ စရဖဝင်းနေ ဦးတင်လှ(တိုင်းတရားသူကြီး၊ ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်-ဒေါ်ဝင်းသီတာ၊ ဗိုလ်မှူးကြီးခင်ဇော်-ဒေါ်စန္ဒာတင်၊ ဦးမြတ်ခိုင်တို့၏မိခင်၊ ဦးနန္ဒဝံသ၏မယ်တော်၊ မောင်စစ်ပိုင်လွင်၊ မခင်စန္ဒာသိမ့်၊ မသဲစုရည်ဝင်း၊ မနှင်းပွင့်ဦး၊ မောင်ထူးအံ့တို့၏အဘွားသည် ၁၈-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းစားဆောင်၊

ပဋ္ဌာန်းဒါယကာကြီး

**ဦးအောင်မော်**

Tyre Soles AB (111) Co.,Ltd

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးခင်မောင်)-ဒေါ်ထွန်းတို့၏သား၊ မင်္ဂလာဒုံမြို့နယ်နေ ဦးကံ-(ဒေါ်အေးသင်)တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၄၊ ဦးကျော်လှလမ်း၊ (၇)မိုင်နေ ဒေါ်ခင်အေးဆင့်၏ခင်ပွန်း၊ ဗိုလ်မှူးမင်းမင်းစိုး-မဆုဝါဌေး၊ မောင်ရဲမြတ်ကို-မသိမ့်သူသူဇဏ်၊မဆုသက်ချယ်တို့၏ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ည ၈း၃၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးတင်မော်သန်း**

B.A (စိတ်ပညာ)

နေလ(စာပေ)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ စက်မှု ၁ လမ်း၊ တိုက် ၃၅၄၊ အခန်း ၁၁၊ အနောက်ရန်ကင်းနေ [ဦးဘသန်း၊ တရားရုံးချုပ်၊ တရားသူကြီး (ငြိမ်း)-ဒေါ်မမ၊ သူကောင်း၊ စလင်း] တို့၏သားကြီး၊ ဦးအောင်သန်း၊ ဦးဌေးသန်း-ဒေါ်အေးအေး၊ ဒေါ်ခင်မြသက် (အထက-၂၊ ဒဂုံမြို့နယ်)၊ ဦးအောင်မြင့်သန်း-ဒေါ်ရွှေကြည် (အထက-၅၊ ဗိုလ်တထောင်)၊ ဒေါ်သီတာသန်း (စာရင်းစစ်အရာရှိ၊ ကဝမြို့နယ်စာရင်းစစ်ရုံး)၊ ဒေါ်တင်တင်အေးတို့၏အစ်ကိုကြီး၊ကိုအောင်ချမ်းမြေ့ (MTM, သင်္ဘောဌာန)၊ ကိုနိုင်အောင်လင်း - မခိုင်ဇာဦး (ကြယ်ငါးပွင့်သင်္ဘော)တို့၏ဘကြီးသည် ၁၈-၉-၂၀၁၃ရက် ညနေ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဦးခင်ဝင်း (ပုဇွန်တောင်)**

ရုံးအုပ်(ငြိမ်း)

သတင်းနှင့်စာနယ်ဇင်း

အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ၉၇၊ အခန်း ၇၀၂နေ (ဦးကြင်ရွှေ-ဒေါ်ကျင်ညွန့်)တို့၏သားကြီး၊ ဒေါ်ခင်ခင်လေး (စား/ထွေ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ကျော်စိုး၊ ဦးအောင်ဇော်မိုး-ဒေါ်ခင်လှိုင်ထူးညို၊ မောင်ရဲရင့်ဝင်း၊ ဒေါ်ဇင်သွယ်စိုးတို့၏ဖခင်၊ မယုယအောင်၊ ကလဲအောင်၊ ဆိုဖီအောင်၊ မစုလေးညိုတို့၏အဘိုးသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရားရဟန်းကျောင်းဒါယကာကြီး

**ဦးအေးကျော် (ညောင်ကျိုး)**

ရာဇာလင်းဆေးတက္ကသိုလ်

ပညာသင်ဆုအလှူရှင်

ပွင့်သစ်လှိုင်းတွန့်စက္ကူဘူးစက်ရုံ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ် ၄၊ သုံးလွှာနေ ဦးတင်အေး - ဒေါ်ထွားစိန်တို့၏သား၊ ဒေါ်အေးသင်၊ ဒေါ်မြကြည်၊ ဦးမြထွန်းတို့၏တူ၊ ဦးအောင်မြင့်-ဒေါ်ခင်ရီတို့၏ညီ၊ ဒေါ်ခင်ချို၊ ဦးဇော်လွင်-ဒေါ်သိန်းသိန်း၊ဦးအေးလွင်-ဒေါ်လှဲ့လှဲ့ခိုင်၊ဦးအေးနိုင်-ဒေါ်လှဲ့လှဲ့ဝင်းတို့၏အစ်ကို၊ တူ၊တူမ ၁၀ယောက်တို့၏ဦးလေးသည် ၁၈-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃း၄၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

ဘုရားရဟန်းကျောင်းဒါယကာကြီး

**ဦးအေးကျော် (ညောင်ကျိုး)**

ရာဇာလင်းဆေးတက္ကသိုလ်၊

ပညာသင်ဆုအလှူရှင်

ပွင့်သစ်စက္ကူဘူးစက်ရုံ(လှိုင်သာယာ)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၀၂၊ ၁၀၁လမ်း၊ စည်ပင်အရာရှိရိပ်သာဝင်းနေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရာပြတ်ဌာန၊ ဒုတိယဌာနမှူး ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊မောင်ရာဇာလင်း၏ဖခင်၊ဦးအေးကျော်(အင်္ဂပူမြို့နယ်အသင်း၊ ဘဏ္ဍာရေးမှူးဟောင်း)သည် ၁၈-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေး အကြောင်းကြားပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာကြီး

**ဦးညွန့် (အမရပူရ)**

အသက်(၉၄)နှစ်

မိတ္ထီလာမြို့နေ(ဦးဖိုးရာ-ဒေါ်ဖုံ)တို့၏သား၊ အမရပူရမြို့နေ (ဦးသက်ဝေ-ဒေါ်ရင်မြ)တို့၏သားသမက်၊(ဒေါ်မြသောင်း)၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာစန်းလွင် - ဒေါက်တာသီသီတင့်၊ ဦးမောင်သန်း-ဒေါ်တင်တင်ဝင်း၊ ဦးထင်အောင်-ဒေါ်မြင့်မြင့်အေး၊ ဦးဌေးလွင်-ဒေါ်ယဉ်ယဉ်နွဲ့တို့၏ဖခင်၊ကိုသိန်းမင်းထွန်း-မအေးအေးနွယ်၊ ဒေါက်တာသန်းထွဋ်ဝင်း - ဒေါက်တာအိအိဖြူ၊ ဒေါက်တာအောင်ဆုဝေ - ဒေါက်တာသဥ္ဇာစိုး(ပဲခူးပြည်သူ့ဆေးရုံ)၊မယဉ်မင်းသက်၊ ကိုလွင်ဦးမောင်- မစိုးဝေမာ (အကောက်ခွန်)၊ ကိုနိုင်ညွန့်ဆွေ၊ ဒေါက်တာသက်ထက်နိုင်၊ကိုနိုင်ဖြိုးဝေ-မန္တယ်နီလှိုင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ပဲခူးမြို့၊ ဥသာမြို့သစ်၊ ခိုင်သစ္စာလမ်း၊ အမှတ် (မ/၃၄၄)နေ ဒေါက်တာစန်းလွင် - ဒေါက်တာသီသီတင့်တို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၃ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်အင်ရွှေ (မြောင်းမြ)**

အသက်(၈၀)

မြောင်းမြမြို့၊ တာဝတိံသာ ၁ လမ်းနေ ဦးစွန်ကျင်မွန်၏ဇနီး၊ ဦးရန်ရှင်း-ဒေါ်မြင့်မြင့်ခင်၊ မကျင်ကြည်၊ မကျင်ရီ၊ ကိုညီညီလွင်၊ မရွှယ်ဉ်၊ မရွှေအေးတို့၏မိခင်၊ ရဲမြင့်အောင်၊ မနှင်းနုဝင်း၊ အောင်မျိုးသန့်၊ မယဉ်မင်းသန့်တို့၏အဘွား၊ စကားမြားရွာနေ ကိုကျော်မိုး၊ ဒေါ်အင်းယား၊ ဒေါ်ရှုစွမ်၊ ကိုစန်းလွင်၊ ဒေါ်ရှုတင်တို့၏အဒေါ်သည် ၁၇-၉-၂၀၁၃ရက် နံနက် ၁း၄၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၃ရက်တွင် ရွှေဒါးကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဦးယုံဝမ်(ခ)ဦးအောင်သူ**

အသက်(၇၆)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ သရေခေတ္တရာ၊ ၂၃လမ်း၊ အမှတ် ၈၅၄နေ (ဦးရန်မာန်-ဒေါ်မြစိန်) တို့၏သား၊ (ဦးသိန်းဟံ-ဒေါ်ခင်လေး) တို့၏သားသမက်၊ ဒေါ်လှဝင်း၏ခင်ပွန်း၊ ကိုသစ္စာ (Operations Officer, IFC) World Bank Group၊ မသူဇာတို့၏ ဖခင်သည် ၁၇-၉-၂၀၁၃ရက် ည၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယိကာမကြီး

**ဒေါ်မြစန်း**

(မော်ကျွန်း)ကျုံမငေးမြို့

အသက်(၇၁)နှစ်

ကျုံမငေးမြို့၊ဦးဝိုက်လမ်းထိပ်၊အမှတ် ၃နေ (ဦးတင်ဝင်း)၏ဇနီး၊ ဦးပွ(မာတလိ)-ဒေါ်လှခင်တို့၏သမီး၊ဦးထွန်းလှိုင်-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ ဒေါ်အေးအေးသင်း၊ ဦးဇော်မျိုးအောင်-ဒေါ်သစ်သစ်ခိုင်၊ ဦးဝင်းတင်-ဒေါ်ကေသီမွန်၊ ကိုအောင်ငွေထွန်း-မဝေမာထွန်း၊ မောင်ဇင်မင်းထွန်းတို့၏မိခင်၊ မောင်နေလင်းထွန်းနှင့် မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျုံမငေးမြို့ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး

**ဦးဘလှ**

ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့အလင်းပုံနှိပ်တိုက်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ တိုးချဲ့ ၂လမ်း၊ အမှတ် ၁၁၈၆နေ (ဦးစံဖော်ဦး-ဒေါ်မဘွင့်)တို့၏သား၊ (ဦးသန်းမြင့်-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဦးဘဇံ၊ ဦးစိုးမြင့်-ဒေါ်မိတို့၏အစ်ကို၊ ဒေါ်အေးအေးမြင့် (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်)၊ ကိုမောင်မောင်ညွန့်၊ ကိုသက်နိုင်၊ မအေးအေးခင်(ကိုယ်ပွားသတင်းစာတိုက်၊မန္တလေး)၊ ကိုကျော်ကျော်ဦး၊ ကိုကျော်ကျော်မင်း၊ ကိုငယ်ထွေးတို့၏ဖခင်သည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးညွန့်သိန်း**

အသက်(၈၆)နှစ်

အမှတ် ၆၅၊ တောင်သူကုန်း၊အင်းစိန်မြို့နယ်နေ (ဦးဘကျင်-ဒေါ်မယ်ရှင်) တို့၏သား၊ (ဦးချစ်ခင်)၊ (ဦးဖေသန်း)၊ ဒေါ်သိန်းကြည်၊ ဦးစောဖိုးမင်း၊ ဒေါ်သိန်းနွယ်၊ ဦးစောဖိုးချိုတို့၏ညီ/မောင်၊ ဒေါ်နီလင်း၏အစ်ကိုသည်၁၈-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၉-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ယင်းနေ့ နံနက် ၁၀း၃၀နာရီတွင်နေအိမ်မှ ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးကျော်မြင့်**

ဆည်မြောင်းဝန်ကြီးဌာန(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၃/၈၃၊ နတ်ပန်းချီလမ်းနေ (ဦးလောရှိန်-ဒေါ်မြ)တို့၏သား၊ (ဦးကျင်ဟုတ်-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ကျင်တီ၏ခင်ပွန်း၊ (ဦးထွန်းအေး)၊ (ဒေါ်ရှုခင်)၊ (ဒေါ်ရှုသန်း)၊ (ဦးကျော်ညွန့်)၊ (ဦးမြင့်အုန်း)၊ (ဦးကျော်ဖေ)တို့၏ညီ/မောင်၊ (ဦးဝင်းတင်)၊ ဦးဌေးဝင်းတို့၏အစ်ကို၊ ဦးကျော်ဦး-ဒေါ်ချို၊ ဒေါ်အေးအေးမြင့် (အမက-၂၈၊ ရွှေပြည်သာ)၊ ဦးအောင်နိုင်-ဒေါ်ချိုမာ၊ (ဦးအောင်နိုင်)-ဒေါ်သီတာဝင်း (Blue Diamond Co.,Ltd.) တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၃ရက် မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာကြီး

**ဦးမြဟန်(ခ)ခေါ်အိန်ပိန်**

(စိန့်ဂျွန်းကျောင်းသားဟောင်း)

သိမ်ကြီးဈေး (A) ရုံ

အသက်(၆၇)နှစ်

(ဦးခေါ်စွိကွမ်-ဒေါ်လင်ဝှက်လန်) တို့၏သား၊ (ဦးလျှံစိန်)-ဒေါ်မြင့်မြင့်တို့၏သားသမက်၊ အမှတ် ၇၈၊ ၂၂လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အုန်းကြည် (ခ) ဒေါ်မေရီ (ခ) ဒေါ်ဘေဘီ၏ခင်ပွန်း၊ ဒေါ်ချိုချိုမော်(Colours Child-care)-ဦးကျော်လွင်အောင် (New Link Marketing Ltd.) တို့၏ဖခင်၊ မနဒီအောင် (အထက-၂၊ လမ်းမတော်)၊ မယမုန်အောင်(အထက-၂၊လမ်းမတော်) တို့၏အဘိုး၊ [ဦးသိန်းညွန့်(ခ)ခေါ့တောင်ဟိုက်-ဒေါ်လော်ကင်း]၊ ဒေါ်သန်းသန်းအေး-ဦးသိန်းလွင်၊ ခေါ်ဘိစွမ်(ခ)ဂျနီဖာဟန်စင်(ခေတ္တ-ကနေဒါ)၊ ဒေါ်တင်တင်ဝင်း-(ဦးကာကီး)တို့၏ညီမောင်၊ ခေါ်ဘိဘိ(ခ)ဒေါ်သိန်းသိန်းမြင့် - (ဦးဟန်စိန်)၊ [ခေါ်တင့်ကီး (ခ) ဦးလှမောင်]တို့၏အစ်ကိုသည် ၁၈-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးခိုင်အင်း (ပုသိမ်)**

အသက်(၇၈)နှစ်

ပုသိမ်မြို့၊ အမှတ် ၆၊ မင်းကြီးလမ်း၊ (အင်အား၊ လျှပ်စစ်)နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက် ၉၊ အခန်း ၁၁၊ နှင်းဆီလမ်းနေ (ဦးမောင်အေး) - ဒေါ်တီးယားတို့၏ သားကြီး၊ (ဦးချစ်ဝင်း - ဒေါ်ကျင်မြ)တို့၏သားသမက်၊ [ဒေါ်ခင်မြင့်(ခ)ဒေါ်လုံး]၏ခင်ပွန်း၊ ဒေါ်ခင်ဦးခိုင် - (ဦးစံထွန်းအောင်)၊ ဦးအောင်သန်းခိုင်-ဒေါ်ခင်စန်းရီ၊ ဦးကျော်သန်းခိုင်-ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်မြတ်ခိုင်-ဦးတင်မောင်ဦး၊ ဒေါ်ခင်စုခိုင်၊ ဦးလှမော်ခိုင်-ဒေါ်သက်ထားစံတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ည ၉း၁၀နာရီတွင် နှင်းဆီလမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၁၃ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နှင်းဆီလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်သက်နွယ်**

ကျောင်းဆရာမ(ငြိမ်း)

အထက(၃)တာမွေ

အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးကျင်လွမ်-ဒေါ်သောင်းတင်)တို့၏သမီး၊ (ဆရာ ဦးသိန်းအေး၊ အထက-၃၊ တာမွေ)၏ဇနီး၊ ဦးတင်ဝေ-ဒေါ်မြနွယ်တို့၏ညီမ၊(ဦးတင်အောင်)-ဒေါ်အေးလှ၊ ဦးသန်းမောင်-ဒေါ်ခင်မျိုးသက်တို့၏အစ်မ၊ ကိုအောင်ခိုင်စိုး-မနှင်းသူကျော်၊ မမိုးသန္တာအေး၊ ကိုအာကာမျိုးသန့် - မမိုးသန္တာဌေးတို့၏မိခင်၊ မကြည်စင်လင်းလဲ့၊ မောင်ချစ်သား၊ မောင်အောင်ဘုန်းသန့်၊ မချစ်သမီးတို့၏အဘွားသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ်၄၃ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပန်းချီဆရာမ ဒေါ်ရီရီမြင့်**

(B.Com IC-77)

အသက်(၆၀)

ရန်ကုန်မြို့၊ ၂၃ (D)၊ နတ်မောက်ရိပ်သာလမ်းနေ(ဦးထွန်းတင်-ဒေါ်ကြည်ကြည်မြင့်)တို့၏သမီး၊ ဦးကျော်ရှိန်-ဒေါ်တင်တင်ခိုင်၏တူမ၊ ဦးဇေယျ၏ဇနီး၊ မဇင်သူဇေယျ (UMFCCI, Business English Teacher), (Managing Director ZILDA)၏မိခင်၊ ဦးထွန်းမော်-ဒေါ်စန်းစန်းဌေး၊ ဦးမင်းဝေ-ဒေါ်အေးအေးမူ၊ဦးအောင်ကျော်မင်း-ဒေါ်ကြူကြူထွန်း၊ဒေါက်တာဌေးမြင့်၊ဒေါက်တာမာလာကြီးမြင့်-ဒေါက်တာသက်စိုးတို့၏အစ်မသည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၅း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဘရူနိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ၏ အထွေထွေညီလာခံသို့တက်ရောက်ရန်နှင့် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့မွန်းလွဲ ၂နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့မှ သက်ဆိုင်ရာဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။ **(ယာဝုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွစ် ရင်လပ်ရှင်နာဝပ်အား ထိုင်းအစိုးရအဖွဲ့အိမ်တော်၌ သွားရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ နိုင်ငံတကာမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး တိုးတက်မှုကို ချီးကျူးဝမ်းမြောက်

နေပြည်တော် စက်တင်ဘာ ၁၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွစ် ရင်လပ်ရှင်နာဝပ်အား စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထိုင်းအစိုးရအဖွဲ့အိမ်တော်၌ သွားရောက်တွေ့ဆုံသည်။**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က High Level Committee သည် မြန်မာ-ထိုင်းနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအတွက် အရေးပါသော အမြင့်ဆုံးကော်မတီတစ်ခုဖြစ်သဖြင့် နှစ်နိုင်ငံခေါင်းဆောင်များကလည်း အလေးထားပါကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းကြောင်းကြီးမားခဲ့ပြီး နိုင်ငံချင်း၊ တပ်မတော်ချင်း ရင်းနှီးမှုရှိသော နိုင်ငံများဖြစ်ပါကြောင်း၊ ယခုနှစ်တွင် သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့်မြောက်ပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံလုံးတွင် သံတမန်၊ စစ်သံ၊ အိမ်နီးချင်းနိုင်ငံ ဆက်ဆံရေးသုံးခုလုံးရှိသော နိုင်ငံများဖြစ်ပါကြောင်း၊ ကုန်း၊ ရေ၊ လေပိုင်နက်နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးအား အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်သည့် အခွင့်အလမ်းများရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုထက်ပိုမိုဆက်ဆံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားသည် ထိုင်းနိုင်ငံ၏အကျိုးစီးပွားဖြစ်စေသလို ထိုင်းနိုင်ငံ၏ အကျိုးစီးပွားသည်လည်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားဖြစ်စေပါကြောင်း၊ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးပြဿနာအား မြန်မာနိုင်ငံမှ အလေးထား ဆောင်ရွက်နေသကဲ့သို့ ထိုင်းနိုင်ငံကလည်း အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# ဗန်ကောက်-မန္တလေး လေကြောင်းလိုင်း တစ်ပတ်လေးရက်ပျံသန်းပြေးဆွဲမည်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမှ ဗန်ကောက်သို့ တိုက်ရိုက်လေကြောင်းလိုင်းသစ်ဖွင့်ပွဲ(Bangkok Airways Memorable Journey) အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် ည ၇ နာရီက ချမ်းအေးသာစံမြို့နယ် ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ Bangkok Airways မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့ဝင်များက ထိုင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် Bangkok Airways အကြောင်းကို Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် Bangkok Airways နှင့် Bangkok Airline, Company Ltd ကိုယ်စား Mr. Puttipong Prasarttong Osoth က ပြောကြားရာတွင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့် နိုင်ငံဖြစ်သည့် အတွက် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုရရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးမြို့တော်ဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုအနုပညာများ အထွန်းကားဆုံးမြို့တော်ဖြစ်သည့် မန္တလေးမြို့နှင့် လေကြောင်းလိုင်းချဲ့ထွင်ရန် စဉ်းစားခဲ့ပြီးနောက် Bangkok Airways လေကြောင်းလိုင်းသည် ဗန်ကောက်-မန္တလေး တိုက်ရိုက်လေကြောင်းလိုင်းကို တစ်ပတ်လျှင် လေးရက် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဗန်ကောက်- မန္တလေး တိုက်ရိုက်လေကြောင်းလိုင်းသစ် တိုးချဲ့ဖွင့်လှစ်လိုက်ခြင်းကြောင့် ထိုင်း-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်နှင့် စီးပွားရေး၊ ကုန်သွယ်ဆောင်ရွက်မှု ပိုမိုလွယ်ကူစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ
၂၀၁၃ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်။ ကြာသပတေးနေ့
Advertisement

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(L.L.B)
304727, 309426, 09-7300994

## ရင်ခုန်သံ

နာကျင်မှုမရှိဘဲ ထာဝရလှပသော 3D မျက်ခုံးမွေး၊ အိုင်းလိုင်နာထိုးသည်။
အမှတ် ၂၀၊ မာလာမြိုင် ၅လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၅၂၇၅၆၃

## ဟောမိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Oct (20), Nov (3,17), Dec (15, 29), Jan (12, 26), Feb (9, 23), Mar (9), April (12, 13)

## နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာခရီးစဉ် – (၇)ရက်ခရီး – (၁၂)ရက်ခရီး – (၁၅)ရက်ခရီး

သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၇) ရက်ခရီး – (၁၂.၅) သိန်း

(၈)ဦးစုစည်းပြီးလိုက်ပါလျှင် (၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

## KMD Computer Centre

Since 1986

နိုင်ငံတကာအသိအမှတ်ပြု Diploma သင်တန်းနှင့် Degree သင်တန်းများ အသက်မွေးဝမ်းကျောင်းအတွက်
Computer Basic မှစ၍ Advance အထိ Certificate သင်တန်းများ ကိုလစဉ်ဖွင့်လှစ်သင်ကြားပေးနေပါသည်။

On Job Training နှင့် ပိုဘိုင်းဖုန်းအရောင်းသင်တန်းများတက်ရောက်နိုင်ပါသည်။

- i-Office 2010 (Basic, Advance) • 10 Days Office • Desktop Publishing
- Graphic Design • Introduction to Internet • Web Builder • Mobile basic Course
- Excel in Business Application • AutoCAD 2D/ 3D • Digital Media Special Effect
- Digital Photo Editing • Effective Presentation with Power Point

Tel : 381035/ 391286/ 220555/ 384268/ 700895/ 397945/ 502233/ 527436/ 524400/ 541328.

အပွဲ့အစည်းများ အတွက် သင်တန်းချိန်များကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက် ပေးသည်။

## ဖခင်အမည်မှန်

မင်္ဂလာဒုံ၊ အထက(၄) တက္ကသိုလ်ဝင်တန်း (G)မှ မလယ်ကလိုဖော၏ ဖခင်အမည်မှန်မှာ ဦးစောဘရိတ်ဝင်း ၁၂/လမန(နိုင်)၀၃၆၃၂၁ ဖြစ်ပါကြောင်း။

ဦးစောဘရိတ်ဝင်း

## ဖခင်အမည်မှန်

အထက အုတ်ဖို နဝမတန်း(E)မှ မအိအိချိုနှင့် အဋ္ဌမတန်း(B)မှ မနီနီ အေးတို့၏ဖခင်အမည်မှန်မှာ ဦးပြုံးချို ဖြစ်ပါသည်။

ဦးပြုံးချို

## ငှားရန်ရှိသည်

မြောက်ဥက္ကလာပအဝိုင်းအနီး သုဓမ္မာလမ်းမပေါ် မြေကွက် ပေ(၈၀×၅၀) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၄၉၇၂၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ တိုက်အမှတ် ၈၃၊ နှစ်ခန်းတွဲ၊ ရစ်ထပ်တိုက်၊ ခုနစ်လွှာ(A)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်းပေ (၁၂½×၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးဝင်းမြင့်ထွန်း ၅/ဘတလ(နိုင်)၀၀၀၂၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်သဲစုထွေး LL.B, D.B.L,D.M.L, D.I.L | ဦးမြတ်ထွန်းB.Sc,R.L |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၂၇၁၂၈ | စဉ်-၃၆၉၀ |

အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးစုလှိုင် ၁၀/ရမန(နိုင်) ၂၀၄၄၂၉၏ မြန်မာနိုင်ငံကူးလက်မှတ် MA-059417သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၁၈၁၈၇

## ဖခင်အမည်မှန်

မွန်ပြည်နယ် သံဖြူဇရပ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ကြားနေသည့် မဟေမာန်ဆောင်း၏ဖခင်အမည်မှန်မှာ ဦးသိန်းဦး ၁၀/ရမန(နိုင်)၀၅၂၆၉၇ ဖြစ်ပါကြောင်း။

ဦးသိန်းဦး ၁၀/ရမန(နိုင်)၀၅၂၆၉၇

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ -
(LL.B)
MAC TOWER

## အများသိစေရန်

ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းက အသိသက်သေအဖြစ် လက်မှတ်ရေးထိုး၍ ဆိုင်ခန်းခြောက်ခန်းအား ကြိုတင်စရန်ငွေရယူခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှာ နယ်မြေဒေသအခြေအနေအရပ်ရပ်ကြောင့် အဆောက်အအုံများ ဆောက်လုပ်ရန် အခက်အခဲရှိသဖြင့် ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့သို့ အကြိမ်ကြိမ်ညှိနှိုင်းမှုများပြုခဲ့ပါသည်။ ၁-၁၂-၂၀၁၂ရက်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် တိုင်းရင်းဆေးဆရာအဖွဲ့တို့ စာချုပ်အသစ်ထပ်မံချုပ်ဆိုပြီး ကျွန်ုပ်၏မိတ်ဆွေဘက်မှ နစ်နာကြေး ငွေကျပ်သိန်း ၁၀၀ ပေးသွင်းခဲ့ပါသည်။ ထိုသို့ပေးသွင်းပြီးပါက ကျွန်ုပ်၏မိတ်ဆွေအား ဆက်လက်ဆောက်လုပ်စေမည်ဟု ကတိထားရှိခဲ့ကြပါသည်။ ၂၁-၅-၂၀၁၂ ရက်စွဲပါ နှစ်ဖက်သဘောတူညီကြသည့် ကတိပဋိညာဉ်စာချုပ်ကိုလည်း ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့၏ သဘောဆန္ဒအရ ကျွန်ုပ်၏မိတ်ဆွေမှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။

၁-၁၂-၂၀၁၂ရက်စွဲပါ နှစ်ဖက်သဘောတူညီသည့် ပဋိညာဉ်စာချုပ်အပိုဒ်(၄)နှင့် အပိုဒ်(၆)၌လည်း မူလပိုင်ရှင်ဖြစ်သည်နှင့်အညီ ပြန်လည်ထိန်းသိမ်းထားရှိစီမံခန့်ခွဲရန် သဘောတူညီကြကြောင်းနှင့် အဆိုပါဆောက်လုပ်ခြင်းလုပ်ငန်းအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားရန် သဘောတူညီကြကြောင်းသာပါရှိပြီး အဆိုပါစာချုပ်၌ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်ဦး(အောင်ပင်လယ်ဆောက်လုပ်ရေးလုပ်ငန်း)နှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း လုံးဝမပါရှိသည့်အတွက် မမှန်မကန်ကြေညာခြင်းသာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဘက်မှကျေနပ်သည်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဆောက်အအုံ လက်ရှိ ကုန်ကျစရိတ်နှင့် နစ်နာကြေး အရပ်ရပ်ကိုလည်း တရားဥပဒေနှင့်အညီ ဆက်လက်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းဆေးဆရာအဖွဲ့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဇော်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းတင်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၇)
အမှတ် ၁၀၇၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့၊
ဖုန်း-၀၉-၄၄၀၀၀၆၇၁၆

## ကျိုစု အနောက်ရပ်ကွက်နေ ဦးစိုးမြင့်(၁၂/လနက(နိုင်)၁၃၀၅၀၉)နှင့် အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ကျိုစုအနောက်ရပ်ကွက်၊ အမှတ်(၃)လမ်းရှိ မြေကွက်၊ အလျားပေ(၄၀)၊ အနံပေ(၁၀၀)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်ဘာလေလမ်း၊ အမှတ် (၃)ပထမထပ်(ယာ)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းဇော်ဝင်း ၇/ညလပ(နိုင်)၁၃၇၁၇၁ က ကျိုစု အနောက်ရပ်ကွက်နေ ဦးစိုးမြင့် ၁၂/လနက(နိုင်)၁၃၀၅၀၉ထံမှ အထက်ပါမြေကွက်ကို ၁၉-၁၀-၂၀၀၉ရက်တွင် ငွေအကျေပေးအပ်ပြီး စာချုပ်ချုပ်ဆို၍ ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူသူ ဦးလင်းဇော်ဝင်းနှင့် ဦးတင်စိုးတို့က အထက်ပါမြေကိုသွားရောက်ကြည့်ရှုရာ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းဇော်ဝင်းအား ရောင်းချထားသော အထက်ပါမြေကို ဦးစိုးမြင့်က ဒေါ်သွယ်သွယ်ဦးဆိုသူအား ထပ်ဆင့်ရောင်းချထားကြောင်း၊ ခြံခတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက အထက်ပါမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ခဲ့ရာတွင် မြေကွက်၏ခြေရင်း၊ ခေါင်းရင်း၊ အရှေ့ဘက်မှနေထိုင်သူများနှင့် ပတ်ဝန်းကျင်မှလူများအားလုံး သိရှိပြီးဖြစ်ပါသည်။ အထက်ပါထပ်ဆင့်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျိုစုရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တင်ပြပြောဆိုရာ လူမှုရေးအရ ညှိနှိုင်းမှုကို စောင့်ဆိုင်းနေပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းဇော်ဝင်း၏ ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမရှိဘဲ ဦးစိုးမြင့်မှ ရောင်း၊ ပေါင်၊ ငှားရမ်း၊ လွှဲပြောင်းခြင်းတစ်နည်းတစ်ဖုံ ခြံစည်းရိုးခတ်ခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်းများ မပြုလုပ်ရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ အထက်ပါအချက်အလက်များကို လိုက်နာခြင်းမပြုပါက ထပ်ဆင့်ရောင်းချသူနှင့် ဝယ်ယူသူတို့အား ဥပဒေအရ ကျွန်ုပ်၏မိတ်ဆွေမှ အရေးယူမည်ဖြစ်ကြောင်း ဦးစိုးမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဖြူ(သုံးခွ)
တရားလွှတ်တော်ရှေ့နေ-၃၅၈၂
အမှတ်(၇၉)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ရုံးငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀(၁)
လှိုင်ကော်ခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

၁။ ဦးရယ်မင်းဖြူ နှင့် ဦးဘူးရယ်
၂။ ဦးစောကျော်ဝင်း
၃။ ဦးမြမောင်
၄။ ဦးမော်ရယ်
၅။ ဦးဦးရယ်
၆။ ဦးသိုးရယ်
၇။ ဒေါ်ညားမြာ
(၄င်းတို့၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးမီရယ်)

တရားလိုများ — တရားပြိုင်

လှိုင်ကော်မြို့၊ ပကြဲစံပြကျေးရွာအုပ်စု၊ ဖာတီမာကျေးရွာတွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) ဦးဘူးရယ် သိစေရမည်။

သင့်အပေါ်တရားလိုများက ဝင်ရောက်ဆောက်လုပ်နေထိုင်ခွင့်ပြုကြောင်း မြွက်ဟကြေညာပေးရန်နှင့် ပိတ်ပင်တားဆီး၍ ဝင်းခြံခတ်ထားခြင်းအားဖယ်ရှားပြီး နှောင့်ယှက်တားဆီးခြင်းမပြုရန် အမြဲတမ်းတားဝရမ်းထုတ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ(သို့မဟုတ်) အမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်း၏ရှေ့နေနှင့်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက်) နံနက် ၁၀ နာရီ၌ အထက်ပါတရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် လှိုင်ကော်ခရိုင်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သည် ရုံးသို့လာရန်ပျက်ကွက်က သင်၏ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ (သို့မဟုတ်) သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်က ချေလွှာတင်သွင်းလိုလျှင် အမှုရက်ချိန်းမတိုင်မီ ၄ ရက်အလိုက တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှလှသိန်း
ခရိုင်တရားသူကြီး
လှိုင်ကော်ခရိုင်တရားရုံး

# CONGRATULATIONS

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင် ၅၀၀ ဦးအနက် ထိပ်တန်းဝင်ငွေခွန် ထမ်းဆောင်သူစာရင်း အမှတ်စဉ် ၁ တွင် ရှိနေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ်မှတ်ထုတ်ပြန်ခဲ့သည်ကို ကြားသိရပါသဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆက်လက်၍လည်း ကမ္ဘောဇဘဏ်လီမိတက်၏ လုပ်ငန်းဆောင်တာများ ဆင့်ကဲ ဆင့်ကဲ တိုးတက်အောင်မြင်ပါစေကြောင်းနှင့် တိုင်းပြည်နှင့် လူမျိုးတို့၏ အကျိုးစီးပွား၊ ဘာသာ သာသနာ လူမှုရေးရာအဖြာဖြာတို့တွင်လည်း ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်အောင်မြင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း၊ ဒေါက်တာသက်သက်နိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co., Ltd


# ဦးတင်ထွန်းအောင်
# ၅/ကနန(နိုင်)၀၃၆၅၅၀
# အုပ်ချုပ်မှုဒါရိုက်တာ
# Youth Force Hotel Co., Ltd.
# အမှတ်(၃၆)၊ ယခင်နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဟောင်း၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ အမှတ် (၆၄)ရှိ၊ ဇေယျခေမာလမ်းသွယ်(၁)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှန်အတိုင်းအများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးစွာ ဦးတင်ထွန်းအောင် သိစေအပ်သည်မှာ (၅-၉-၂၀၁၃)ရက် မြန်မာ့အလင်းသတင်းစာ (စာ-၂၀)ပါ ဦးတင်ထွန်းအောင်နှင့် အများသိစေရန်ကြေညာချက်သည် အမှန်အတိုင်းကြေညာခြင်းဖြစ်သည်။ ထိုကြေညာချက်နှင့်ပတ်သက်၍ လူကြီးမင်းအား တောင်းပန်စရာမရှိပါ။ တရားစွဲဆိုမည်ဆိုပါက အမှန်အတိုင်း ဥပဒေအရဖြေရှင်းရန်အသင့်ရှိပါသည်။ ဦးတင်ထွန်းအောင်သည်သာ နိုင်ငံတော်၏ စီမံချက်ကိုဖျက်ဆီးနေသူဖြစ်သည်။ လူကြီးမင်းသည် အမှတ် (၃၆)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ယခင်နိုင်ငံခြားရေးဝန်ကြီးဌာနရုံး မြေနှင့်အဆောက်အအုံကို (B.O.T)စနစ်ဖြင့် အိုးအိမ်ဦးစီးဌာန ၁၄-၁၂-၂၀၁၁ ရက်စွဲပါ ငှားရမ်းခြင်းသဘောတူစာချုပ်အရ ငှားရမ်းခွင့်ရရှိပြီးနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ် မနသ-(၈၂၀/၂၀၁၁) (၁၅-၁၁-၂၀၁၁)ရရှိခဲ့ပြီး **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်၊ အိုးအိမ်ဦးစီးဌာန၏ (စာဖြင့်သဘောတူညီချက်)ရရှိခြင်း၊ တင်ပြခြင်း၊ အသိပေးခြင်း လုံးဝ(လုံးဝ)မရှိဘဲ စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ကျွန်ုပ်အား ၂၀-၇-၂၀၁၂ရက်တွင်** ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ် (၃၆) ယခင်နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဟောင်းအဆောက်အအုံသုံးလုံးအား ရှေးမူမပျက်မွမ်းမံ၍ အကျိုးတူလုပ်ငန်းဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်း ၁၀၀၀၀ိ/- (ကျပ်သိန်းတစ်သောင်း) လက်ခံရယူ၍ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး မှတ်ပုံတင်စာချုပ်အမှတ်(၈၁၃၉/၂၀၁၂) ဖြင့် နှစ်ဦးသဘောတူအကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ်ကို အောက်ပါအတိုင်းချုပ်ဆိုခဲ့ကြောင်း **အာမခံစပေါ်ငွေမဟုတ်ကြောင်း** အမှန်အတိုင်း အများသိစေရန် ဖော်ပြအပ်ပါသည်။ ထို့အပြင် ဦးတင်ထွန်းအောင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အိုးအိမ်ဦးစီးဌာန သိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါအမှတ် (၃၆)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ် ယခင်နိုင်ငံခြားရေးဝန်ကြီးဌာနမြေနှင့် အဆောက်အအုံကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူတစ်ဦးသို့ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းဖြင့် ထပ်မံငှားရမ်းခဲ့ပါသည်။

အိုးအိမ်ဦးစီးဌာနနှင့် လူကြီးမင်းချုပ်ဆိုသော ၁၄-၁၂-၂၀၁၁ ရက်စွဲပါ (B.O.T) စနစ်ဆောင်ရွက်ရန် မြေနှင့်အဆောက်အအုံငှားရမ်းခြင်းသဘောတူစာချုပ်

အပိုဒ်-(၆-၀၁)၌

Youth Force သည် ရင်းနှီးမြှုပ်နှံမှုကို ၁၀၀%(တစ်ရာ ရာခိုင်နှုန်း)ဆောင်ရွက်ရမည်ဟုလည်းကောင်း၊

အပိုဒ်-(၆-၀၈)၌

အိုးအိမ်ဦးစီးဌာန၏ စာဖြင့်သဘောတူညီမှုမရရှိဘဲ လုပ်ငန်းများနှင့်စပ်လျဉ်းသောအဆောက်အအုံများနှင့် အခြားတည်ဆောက်တပ်ဆင်ထားသည့် ပစ္စည်းများအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ထပ်ဆင့်ငှားရမ်း၊ ရောင်းရန်၊ လွှဲအပ်ရန်၊ လွှဲပြောင်းရန်နှင့် တစ်နည်းနည်းထုခွဲရန် Youth Force တွင် လုပ်ပိုင်ခွင့်မရှိစေရ။ ထို့အပြင် တည်ဆောက်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းများနှင့်ပတ်သက်သော အခွင့်အရေးပိုင်ဆိုင်ခွင့်များနှင့် ဤစာချုပ်အရဖြစ်ထွန်းလာသည့် အကျိုးကျေးဇူးများကိုလည်း အိုးအိမ်ဦးစီးဌာန၏စာဖြင့် သဘောတူညီမှုမရှိဘဲ Youth Force သည် မိမိနှင့်ဆက်နွယ်သူများ (သို့မဟုတ်) မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို လွှဲပြောင်းလုပ်ကိုင်ခံစားစေခြင်းမပြုရ။

အတိအလင်းပါရှိကြောင်း ဦးတင်ထွန်းအောင်ချုပ်ဆိုသော စာချုပ်ပါစည်းကမ်းချက်များကို သိပြီးဖြစ်ပါလျက် **ကျွန်ုပ်ထံမှ နှစ်ဦးသဘောတူအကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်း စာချုပ်ချုပ်ဆို၍ ကျပ်သိန်း ၁၀၀၀၀ိ/- (သိန်းတစ်သောင်း)ရယူခြင်း၊ ထိုအဆောက်အအုံနှင့် မြေကိုပင်လျှင် တစ်နှစ်ငှားရမ်းခ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းရယူ၍ နှစ်ရှည်ငှားရမ်း၍** ဌာနဆိုင်ရာများကို အသိမပေးဘဲ လျှို့ဝှက်စွာ ငွေကြေးအရပ်ရပ်ရယူခြင်းသည် နိုင်ငံတော်၏ စီမံကိန်းအပေါ်တွင် ရရှိသောအခွင့်အရေးပေါ်၌ အလွဲသုံးစားပြုနေကြောင်း အထင်အရှားဖြစ်သည်။ အမှန်အတိုင်း အထောက်အထားများနှင့်တကွ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကျွန်ုပ်ဦးရဲဝင်းမှ တိုင်တန်းတင်ပြခဲ့သည်မှာလည်း အမှန်ဖြစ်ပါသည်။

ကျွန်ုပ်ဘက်မှ အမှန်အတိုင်းဆောင်ရွက်ခြင်း၊ အမှန်အတိုင်းကြေညာခြင်း၊ အမှန်အတိုင်း ဌာနဆိုင်ရာများကို တင်ပြခြင်းဖြစ်သဖြင့် ဌာနဆိုင်ရာများတွင်လည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင်လည်းကောင်း ဥပဒေအရ အမှန်အတိုင်း ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ကြောင်း ရဲဝင့်စွာအသိပေးအပ်ပါသည်။ ကျွန်ုပ်နှင့်ချုပ်ဆိုသော ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး မှတ်ပုံတင်စာချုပ်အမှတ်(၈၁၃၉/၂၀၁၂) နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ်ကို အများအမှန်အတိုင်းတိတိကျကျ သိစေရန်ဖော်ပြအပ်ပါသည်။

နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ် ၂၀၁၂ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အောက်အမည်ပါသူတို့သည် ဤ**နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ်**ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ-

ပထမတစ်ဖက် ။ ။ ဦးတင်ထွန်းအောင်
၅/ကနန(နိုင်)၀၃၆၅၅၀
အုပ်ချုပ်မှုဒါရိုက်တာ
Youth Force Hotel Co., Ltd.
အမှတ် ၃၆၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဒုတိယတစ်ဖက် ။ ။ ဦးရဲဝင်း
၁၂/သဃက(နိုင်)၁၈၂၇၁၂
အုပ်ချုပ်မှုဒါရိုက်တာ
(ရွှေသွေးကုမ္ပဏီလီမိတက်)
အမှတ် ၁၉၊ ရတနာသီရိအိမ်ရာ၊ ရတနာသီရိလမ်း၊ ဇ၀နရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(ပထမတစ်ဖက်ဟုဆိုရာတွင် ယင်းကိုယ်တိုင်အပြင်၊ ယင်း၏ဇနီး အမွေစားအမွေခံ သားသမီးများ၊ အထူးနှင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူများ၊ ကိုယ်စားပြုသူများအားလုံး အကျုံးဝင်သည်ဟုမှတ်ယူရမည်။)

(ဒုတိယတစ်ဖက်ဟုဆိုရာတွင် ယင်းကိုယ်တိုင်အပြင်၊ ယင်း၏ဇနီး အမွေစားအမွေခံသား သမီးများ၊ အထူးနှင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူများ၊ ကိုယ်စားပြုသူများအားလုံး အကျုံးဝင်သည်ဟု မှတ်ယူရမည်။)

နောင်တွင် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်ဟုလည်းကောင်း၊ အဖွဲ့ဝင်ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲပါမည်။

၁။ ပထမတစ်ဖက်သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော ယခင်နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတည်ရှိရာ မြေအကျယ်အဝန်း ၁ ဒသမ ၇၁၁ဧက စတုရန်းပေ ၇၄၅၅၀ရှိ ရုံးအဆောက်အအုံများ ရှေးမူမပျက်ပြုပြင်မွမ်းမံပြီး မြေလွတ်နေရာတွင် အထပ်(၁၈)ထပ်ပါသော အဆောက်အအုံသစ်ဆောက်လုပ်ကာ June XI Business Centre & Service Apartment အား တည်ဆောက်ဆောင်ရွက် လွှဲပြောင်းစနစ် (B.O.T)စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ၁၄-၁၂-၂၀၁၁ ရက်စွဲပါ သဘောတူစာချုပ်ဖြင့် ရရှိခဲ့ကြောင်း စာချုပ်ကိုပြသလျက် ဦးစွာဖွင့်ဟပြောဆိုပါသည်။

၂။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (M.I.C)၏ ခွင့်ပြုမိန့်အမှတ် မနသ-(၈၂၀/၂၀၁၁) (၁၅-၁၁-၂၀၁၁)ဖြင့်ရရှိထားပါကြောင်း လုပ်ငန်းလုပ်ကိုင်ရန် အသင့်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုချက်အပေါ် ဒုတိယတစ်ဖက်ပါသူက အဆောက်အအုံသုံးလုံးအား ရှေးမူမပျက် ပြုပြင်မွမ်းမံခြင်းများပြုလုပ်ကာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အကျိုးတူလုပ်ကိုင်ရန်ဆန္ဒပြုသဖြင့် ဤနှစ်ဦးသဘောတူအကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ်ကို ပြုလုပ်ချုပ်ဆိုခြင်းဖြစ်ပါသည်။

၃။ ပထမတစ်ဖက်မှ လုပ်ငန်းဆောင်ရွက်ရန်သဘောတူညီချက်များ

(၃-၁) ပထမတစ်ဖက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချုပ်ဆိုခဲ့သော ၁၄-၁၂-၂၀၁၁ ရက်စွဲပါ (B.O.T)စနစ်ဖြင့် မြေနှင့်အဆောက်အအုံအငှားချထားခြင်း သဘောတူစာချုပ်ပါစည်းကမ်းချက်များအတိုင်း မပျက်မကွက်လိုက်နာဆောင်ရွက်ရန် သဘောတူပါသည်။

(၃-၂) မြေနှင့်အဆောက်အအုံ တစ်နှစ်ငှားရမ်းခငွေကျပ် ၂၁၀၄၅၃၀၀၀ိ/- (ကျပ်နှစ်ထောင့်တစ်ရာလေးသိန်းငါးသောင်းသုံးထောင်တိတိ)နှင့် အမေရိကန်ဒေါ်လာ ၁၂၅၁၈၆ (အမေရိကန်ဒေါ်လာ တစ်သိန်းနှစ်သောင်းငါးထောင့်တစ်ရာရှစ်ဆယ့်ခြောက်တိတိ) နှစ်စဉ်ပေးဆောင်ရန် လုပ်ငန်းဝင်ငွေမှကျခံရမည်။

၄။ ဒုတိယတစ်ဖက်မှ လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီချက်များ

(၄-၁) ဒုတိယတစ်ဖက်သည် ဤစာချုပ်အပိုဒ်(၁)ပါ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးဟောင်း အဆောက်အအုံနှင့်မြေကွက်တို့နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပထမတစ်ဖက်တို့အကြားချုပ်ဆိုခဲ့သော June XI Business Centre & Service Apartment မြေနှင့်အဆောက်အအုံငှားရမ်းခြင်း၊ တည်ဆောက်ခြင်း၊ ဆောင်ရွက်လွှဲပြောင်းခြင်းစနစ်ဖြင့် ဆောင်ရွက်ရန် ၁၄-၁၂-၂၀၁၁ ရက်စွဲပါ သဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(၄-၂) ဒုတိယတစ်ဖက်သည် ယခင်နိုင်ငံခြားရေးဝန်ကြီးဌာနရုံးဟောင်း အဆောက်အအုံသုံးလုံးအား ရှေးမူမပျက် ပြုပြင်မွမ်းမံ၍ ပထမတစ်ဖက်အကျိုးတူလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၁၀၀၀၀၀၀၀၀၀ိ/-(သိန်းတစ်သောင်းတိတိ)ကို ထည့်ဝင်ရန် သဘောတူညီသည့်အတွက် ယင်းငွေကျပ် ၁၀၀၀၀၀၀၀၀၀ိ/-(သိန်းတစ်သောင်းတိတိ)ကို ပထမတစ်ဖက်တွင်သို့ ယနေ့ ၂၀-၇-၂၀၁၂ ရက်တွင် ပေးအပ်ရာ ပထမတစ်ဖက်က ကောင်းစွာလက်ခံရရှိပါကြောင်းဝန်ခံပါသည်။

(၄-၃) ဒုတိယတစ်ဖက်သည် အထက်ပါလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒုတိယတစ်ဖက်ပိုင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား အစိုးရဘဏ်(သို့မဟုတ်) ပုဂ္ဂလိကဘဏ်တွင် ဘဏ်အပေါင်အာမခံထားလျက်ဆောင်ရွက်ရန် သဘောတူပါသည်။ ၎င်းကဲ့သို့ ဘဏ်ပေါင်အာမခံထားရှိခြင်းအပေါ် ပထမတစ်ဖက်မှ လိုက်ပါ၍ အာမခံသူအဖြစ်ဆောင်ရွက်ပေးရန် သဘောတူကြပါသည်။

၅။ နှစ်ဖက်အပြန်အလှန်သဘောတူညီချက်များ

(၅-၁) လုပ်ငန်းများလုပ်ကိုင်ရာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းအောင်မြင်စေရန်၊ စိတ်ကောင်းစေတနာဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် နှစ်ဖက်ရည်ရွယ်၍ ဖြစ်ပေါ်လာသည့် အကျိုးအမြတ်များအား တစ်ဝက်စီရရှိခံစားရန်နှင့် ဆုံးရှုံးနစ်နာသည့်ငွေကြေးအရပ်ရပ်ပေါ်တွင်လည်း တစ်ဝက်စီကျခံရန်ဖြစ်ကြောင်း နှစ်ဦးသဘောတူကြပါသည်။

(၅-၂) လုပ်ငန်း၏ မည်သည့်ကိစ္စ မည်သည့်အဆင့်တွင်မဆို ငွေကြေးကိစ္စများအပါအဝင် တစ်ဖက်နှင့်တစ်ဖက် တင်ပြအသိပေးကာ နှစ်ဖက်ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူကြပါသည်။ လုပ်ငန်းတိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်မှုမှန်သမျှ နှစ်ဖက်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်၍ လုပ်ငန်းတာဝန်ဝတ္တရားများကို သီးခြား ပဋိညာဉ်စာချုပ်ချုပ်ဆိုလျက် သတ်မှတ်ကြရန်သဘောတူကြပါသည်။

(၅-၃) လက်ရှိအဆောက်အအုံသုံးလုံးအား ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဒုတိယတစ်ဖက်ပါသူ၏ငွေကြေးဖြင့် တာဝန်ယူ၍ ပြီးစီးအောင်စိုက်ထုတ်ကျခံသုံးစွဲဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိမည့်လုပ်ငန်းအကျိုးအမြတ်များအပေါ်တွင် ပထမတစ်ဖက်က ၅၀%၊ ဒုတိယတစ်ဖက်က ၅၀%ခံစားရယူကြရန် သဘောတူကြပါသည်။

(၅-၄) ဒုတိယတစ်ဖက်မှ စာရင်းစစ်အဖွဲ့ထားရှိပြီး တစ်လတစ်ကြိမ် ညှိနှိုင်းသဘောတူကာလများတွင် စာရင်းစစ်ဆေးခွင့်ရှိပါသည်။

(၅-၅) ဒုတိယတစ်ဖက်က ငွေသားဖြင့် ထည့်ဝင်ထားသောငွေကျပ် ၁၀၀၀၀၀၀၀၀၀ိ/-(သိန်းတစ်သောင်းတိတိ)အပြင် လုပ်ငန်းအတွက် ဒုတိယတစ်ဖက် ထပ်မံထည့်ဝင် ရင်းနှီးငွေမှာ ဘဏ်တွင် ဒုတိယတစ်ဖက်ပိုင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံထားလျက် ချေးယူထားသောငွေကြေးဖြစ်လျှင် ယင်းဘဏ်ချေးငွေအတွက် ဘဏ်တိုးများကို လုပ်ငန်းမှ ကျခံရန် နှစ်ဖက်သဘောတူကြပါသည်။ လုပ်ငန်းအကျိုးအမြတ်ရရှိချိန်တွင် ဒုတိယတစ်ဖက်က ထည့်ဝင်ခဲ့သော ငွေကျပ် ၁၀၀၀၀၀၀၀၀၀ိ/-(သိန်းတစ်သောင်းတိတိ)ကို ဦးစွာထုတ်ယူခွင့်ရှိပြီး ပထမတစ်ဖက်မှ အဆောက်အအုံနှင့်မြေကို (B.O.T)စနစ်ဖြင့် အငှားချထားခွင့်ရရန် ကျခံခဲ့ရသည့် ငွေကြေးအရပ်ရပ်ကို ထုတ်ယူခွင့်ရှိကြောင်း နှစ်ဖက်သဘောတူကြပါသည်။

(၅-၆) အဖွဲ့ဝင်တစ်ဖက်ဖက်၏ဆန္ဒဖြင့် လုပ်ငန်းအားရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခွင့်မရှိဘဲ ယင်းသို့ပြုလုပ်၍ တစ်ဖက်အတွက် နစ်နာဆုံးရှုံးရလျှင် နစ်နာသူက ယင်းနစ်နာဆုံးရှုံးမှုအဝဝကို လျော်ကြေးအဖြစ်တောင်းခံခွင့်ရှိစေရပါမည်။

(၅-၇) ဒုတိယတစ်ဖက်က လုပ်ငန်းမှနုတ်ထွက်လိုပါက တစ်ဖက်သို့ စာဖြင့် သုံးလကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး တစ်ဖက်က လက်ခံသဘောတူပါက ထိုသုံးလအတွင်း လုပ်ငန်းအကျိုးအမြတ်၊ အရှုံးတို့အား နှစ်ဖက်စာရင်းရှင်းလင်းပြီးမှသာလျှင် နုတ်ထွက်နိုင်ပါသည်။

(၅-၈) လုပ်ငန်း၏ ငွေစာရင်းများကို နှစ်စဉ်နှစ်တိုင်း မတ်လ ၃၁ ရက် စာရင်းပိတ်ရန်နှင့် ပေးရန်၊ ရရန်တာဝန် အကျိုးခံစားခွင့်များကို မှန်ကန်စွာဆုံးဖြတ်လျက် အရှုံးအမြတ်ကို နှစ်ဖက်အညီအမျှကျခံခြင်း၊ ခံစားခြင်းပြုကြရပါမည်။

(၅-၉) နှစ်ဦးနှစ်ဖက်လုပ်ငန်းနှင့်ပတ်သက်၍ အငြင်းပွားမှု၊ ပဋိပက္ခဖြစ်မှုများဖြစ်ပေါ်ခဲ့ပါက မိတ်ကောင်း၊ ဆွေကောင်းတို့၏ ဝတ္တရားနှင့်အညီ နှစ်ဖက်ညှိနှိုင်းဖြေရှင်းကြလျက် ဖြေရှင်းသော်လည်း ပြေလည်မှုမရခဲ့လျှင် (၁၉၄၄)ခု အနုညာတ ခုံသမာဓိဥပဒေအရ ဆုံးဖြတ်ခြင်းကို ခံယူကြရန် နှစ်ဖက်သဘောတူကြပါသည်။

(၅-၁၀) ပထမတစ်ဖက်နှင့် အိုးအိမ်ဦးစီးဌာနတို့ချုပ်ဆိုခဲ့ကြသော မြေနှင့်အဆောက်အအုံ ငှားရမ်းခြင်း၊ တည်ဆောက်ခြင်း၊ ဆောင်ရွက်လွှဲပြောင်းခြင်းစနစ်ဖြင့် ဆောင်ရွက်ရန် ၁၄-၁၂-၂၀၁၁ရက်စွဲပါ သဘောတူစာချုပ်အရ ငှားရမ်းကာလ၊ သက်တမ်းတိုးကာလများ ကုန်ဆုံးပါက ဤစာချုပ်မှာလည်း အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု နှစ်ဖက်သိရှိသဘောတူကြပါသည်။

အထက်စာချုပ်ပါစကားရပ်များကို ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်ပါသူတို့ကိုယ်တိုင်ကောင်းစွာဖတ်ရှုနားလည်ကြလျက် အောက်ပါအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

**ပထမတစ်ဖက်** **ဒုတိယတစ်ဖက်**

ဦးတင်ထွန်းအောင် ဦးရဲဝင်း

အထက်ဖော်ပြပါ တရားဝင်မှတ်ပုံတင်စာချုပ်ပါအပိုဒ် (၃-၁)အရလည်းကောင်း၊ အပိုဒ် (၄-၁)အရလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချုပ်ဆိုသော ၁၄-၁၂-၂၀၁၁ရက်စွဲပါ (B.O.T) စနစ်ဖြင့် မြေနှင့်အဆောက်အအုံ အငှားချထားခြင်း သဘောတူစာချုပ်ကို မလိုက်နာဘဲ ဖောက်ဖျက်ကြောင်း တည်ဆဲဥပဒေများအရ အခိုင်အမာ ရှင်းနိုင်ပါသည်။ ကျွန်ုပ်မှ လူကြီးမင်းတာဝန်အရ အိုးအိမ်ဦးစီးဌာနနှင့်ချုပ်ဆိုသော ၁၄-၁၂-၂၀၁၁ ရက်စွဲပါ (B.O.T)စနစ်ဖြင့်ဆောင်ရွက်ရန် မြေနှင့်အဆောက်အအုံငှားရမ်းခြင်း သဘောတူစာချုပ် အပိုဒ်(၆-၀၈)အရ အိုးအိမ်ဦးစီးဌာန၏ စာဖြင့်သဘောတူညီချက်ရရှိရန် ဆောင်ရွက်ပေးစေရန် ၂၉-၈-၂၀၁၂ရက်တွင် (၁)ကြိမ်၊ ၁၀-၇-၂၀၁၃ရက်တွင် (၁)ကြိမ် သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း လူကြီးမင်းမှ ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အပေါ် နှစ်ဦးသဘောတူစာချုပ်အရ ဦးရဲဝင်းအား အိုးအိမ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့တွင် ခွင့်ပြုချက်ရရှိရန် ဦးတင်ထွန်းအောင်ကလည်းကောင်း၊ ဦးရဲဝင်းကလည်းကောင်း ဆောင်ရွက်ရန် သဘောတူညီချက် လုံးဝမပါရှိပါဘဲ မမှန်မကန်ကြေညာခဲ့ပါသည်ဟု ဖော်ပြကြေညာခဲ့ရာ အမှန်စာချုပ်ပါ အကြောင်းအရာနှင့် အဓိပ္ပာယ်ကို ကိုယ်ကျိုးအတွက် မသိဟန်ဆောင်၍ လူကြီးမင်းသာ မမှန်မကန်ကြေညာခြင်းဖြစ်သည်။

